www.burmeseclassic.com

Alter Writer

# ကျိမ်း

ကောက်ထိုး

BURMESE CLASSIC

( Inverse Romance )

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ဂျိမ်း**

**ဇောက်ထိုး**

၂၀၁၄–ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအကြိမ်

**တန်ဖိုး**

၁၀၀၀ကျပ်

**အုပ်ရေ**

၅၀၀

**ထုတ်ဝေသူ**

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်လှိုင်(၅၅၇၃)စေတနာOffset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်

| | |
|---|---|
| ဂျိမ်း | ၈၉၅.၀၃ |
| ဇောက်ထိုး | ဂျိမ်း (ရန်ကုန်) |
| စေတနာစာပေ၊ ၂၀၁၄ | |
| (၁၅၆)စာ၊ ၅ x ၁၀ | |
| ဇောက်ထိုး | |

# ဂျိမ်း

**ဇောက်ထိုး**

စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ


Ph: ၀၁-၃၈၂၆၃

www.burmeseclassic.com

www.burmeseclassic.com



## လစဉ်ထွက်ရှိမည့် ရသဲ့ချင်းများ



၁။ အပျိုပြန်းပြန်းမလေးကမေးသော ပဟေဠိမေးခွန်း(၁၀၀)

၂။ အိုးကွဲနှင့်တူသောမိန်းမ

၃။ နလုံးသားလား,ဟူသည့် လူမိုက်နှင့်သူ့နီးတို့၏အချစ်လုပွဲ

၄။ အပျိုချောချောလေး(၈)ယောက်နှင့် အပျိုကြီးကွယ်သည့်ယောက်ျား

<u>ယခုလ</u>

၅။ ဇောက်ထိုး



မင်္ဂလာပါ ပရိသတ် ...

ကျွန်တော် စာဖတ်ပရိသတ်များနှင့် မိတ်ဖွဲ့မှု ပြုလုပ်ချင်ပါ၏။ အရင်ဆုံး ကျွန်တော် မိမိကိုယ်မိမိ ပရိသတ်နှင့် မိတ်ဆက်ပေးပါမည်။ ကျွန်တော်၏ ကလောင်အမည်က တစ်လုံးတည်း Jame (ဂျိမ်း)။

ကျွန်တော်သည် လုံးချင်း(၁၆)အုပ် ရေးသားပြီးချိန်ကျမှ စာပေလောက ထဲ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းလုံးချင်း(၁၆)အုပ်အနက် ဖတ်ရှုမှာ ပျင်းဖို့ကောင်းသည့် လုံးချင်း(၄)အုပ်ကို မီးရှို့ဖျက်ဆီးပစ်မည်ဖြစ်ပြီး ဖတ်ရှုမှာ ပျော်ရွှင်ဖို့ကောင်းသည့် လုံးချင်းများကိုသာလျှင် ထုတ်ဝေမှု ပြုလုပ်ပေးပါမည်။

အကောင်းတွေချည်းပဲ ချပြချင်တာ ပရိသတ်အပေါ်ထားရှိသည့် ကျွန်တော်၏စေတနာဝစ်စစ် ဖြစ်ပါ၏။ ကျွန်တော်က ဟာသဉာဏ်ရွှင်သူ ဖြစ်သူမို့ ဟာသ ဇာတ်လမ်း အရေးများပါလိမ့်မည်။ ဟာသဇာတ်လမ်း မဟုတ်ရင် ဖန်စီဇာတ် လမ်းပေါ့။ အိမ်ထောင်ရေးဇာတ်လမ်းတော့ လုံးဝမရေးဘူး ပျင်းလို့။

ပျော်ဖို့ကောင်းသည့် ကျောင်းဇာတ်လမ်း၊ ရွာဇာတ်လမ်း၊ ကောင်လေးနှင့် ကောင်မလေး စနောက်၊ ကျီစယ်၊ ရန်ဖြစ်ကြသည့် ဇာတ်လမ်းများနှင့် ဖတ်ရှုမှာ ရင်ခုန်ဖို့ကောင်းသည့် ဇာတ်လမ်းများကိုသာလျှင် ရေးသားပေးသွားမည် ဖြစ်ပါ သည်။

ပရိသတ်က အားပေးပါမှ ကျွန်တော် စာပေလောကထဲတွင် နှစ်ပေါင်း များစွာ ရပ်တည်နိုင်မှာ ဖြစ်ပါသည်။ ထို့ကြောင့် ပရိသတ်က ကျွန်တော်ရေး သားသည့် ဝတ္ထုများကို ဖတ်ရှုအားပေးကြပါဟု ပြောချင်ပါသည်။

ကျွန်တော်၏ဝတ္ထုများနှင့်ပတ်သက်ပြီး ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့ လိုပါက (သို့မဟုတ်) ကျွန်တော်နှင့် ခင်မင်ရင်းနှီးချင်ပါက မိတ်ဆက်စာများကို အောက်ပါလိပ်စာအတိုင်း လိပ်မူပေးပို့နိုင်ပါသည်။

ဂျိမ်း(ကိုသားကြီး)

ရေပူစမ်းအနီး အောင်ချမ်းသာရပ်ကွက်(၁)၊ ပြင်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ပရိသတ်၏ထံသို့ ပြန်စာများကို ပြန်လည်ရေးသားပေးနိုင်စေရန် မျှော်လင့်ခဲ့ရသည်မှာ မှန်ပါသည်။ ကျွန်တော်၏ဝတ္ထုများနှင့် ပတ်သက်ပြီး အားမနာစတမ်း ဝေဖန်နိုင်ပါစေ။ ဝေဖန်အကြံပြုသူမှန်သမျှကို ကျွန်တော်က ကျေးဇူးတင်စကား ပြောကြားမည် ဖြစ်ပါသည်။

ကျွန်တော့်ကို စာရေးဆရာဖြစ်အောင်လို့ ဝင်တင်ပေးခဲ့သည့် မြေတောင်မြှောက်ပေးခဲ့ကြသည့် "စေတနာစာပေ"မှ မိသားစုဝင်များ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်ဟု ပြောကြားလျက် ...

ချစ်ပရိသတ်နှင့် စာအပေးအယူတွေလုပ်ပြီး
ခင်မင်ရင်းနှီးစွာ ဆက်ဆံမည့်

Alter Writer - "ဂျိမ်း"





## အခန်း(၁)

အစိုပ်ကောင်းစွာရသော သရက်ပင်ကြီးအောက်တွင် အသက်(၁၀)နှစ်ခန့်ရှိသည့် ချာတိတ်လေးတစ်ယောက် ခေါင်းငိုက်စိုက်ချ၍ စိတ်ပျက်လက်ပျက် ထိုင်နေလျက်ရှိသည်။ ထိုနေရာမှ မြောက်ဘက်သို့ ခြေအလှမ်း(၄၀)ခန့် လျှောက်ကြည့်မည်ဆိုလျှင် ရွာဦးဘုန်းကြီးကျောင်းသို့ ရောက်ပါလိမ့်မည်။

မှန်၏။ ထိုချာတိတ်လေးက ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်းတွင် ပေါက်ရောက်နေသော သရက်ပင်ကြီးအောက်တွင် တစ်ယောက်တည်း ထိုင်နေခြင်းပင်ဖြစ်၏။ နွေလေရူးက တဖြူးဖြူးတွေ့ တိုက်နေသော်လည်း ချာတိတ်၏ရင်ထဲတွင် အေးမြမှုအရသာကို မခံစားရပေ။

ညှိုးငယ်သော မျက်လုံးကလေးတွေနှင့်အတူ ခေါင်းလှတ်ကို အကြောင်းမဲ့ ငုံ့ကြည့်နေမိသည်။ မြေလွှာပေါ်တွင် [illegible] ဟပ်နေတာ သူ၏မိဘနှစ်ပါးပင်တည်း။

"ဟင့် ... ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းပူဆွေးမှုကြောင့် သူ၏နှုတ်ဖျားမှ ငိုရှိုက်သံသဲ့သဲ့ ဆလး ကဆုန်ပေါက် ထွက်ကျလာသည်။ လွန်ခဲ့သော ငါးနှစ်လောက်က တည်းက ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်သော ကျေးဇူးရှင်မိဘနှစ်ပါးကို သူ တမ်းတအခါခါ၊ သတိရအခါခါ၊ မြင် ယောင်လွမ်းဆွတ်နေမိပါသည်။

"အဖေနဲ့အမေရယ် ... သားဆီကို ပြန်လာခဲ့ပါနော်၊ သား အဖေ နဲ့အမေရဲ့ နွေးထွေးတဲ့ ရင်ခွင်ကြားထဲမှာ နေချင်လို့ပါ"

မဖြစ်နိုင်မှန်း သိပါလျက်နှင့် ရူးမိုက်စွာ တောင်းဆိုနေမိ သည်။ ခိုလှုံချင်စရာကောင်းသော အရိပ်သည် မိဘ၏ရင်ခွင်ရိပ်သေမို့ အစဉ်သဖြင့် မိဘနှစ်ပါးကိုသာ ပြန်ခေါ်နေလေ့ရှိသည်။ မိဘမဲ့ကလေး ငယ်တစ်ယောက်၏ ခံစားချက်က သိမ်ငယ်ခြင်း၊ ဒီတော့ သူ၏အဖော် မှန်က မျက်ရည်ကလွဲပြီး ဘာများဖြစ်နိုင်ဦးမှာတုန်း။

မှန်ပေစွ။ မျက်ရည်စက်တို့ မြေခရပြန်ပါပြီ။ မိဘနှစ်ပါး နှင့် သေကွဲ,ကွဲမှုဒဏ်ကို အရွယ်နှင့်မလိုက်အောင် ခံစားနေရပါသည်။ ငယ်ရွယ်သူလေးမို့ တရားနှင့် မဖြေတတ်သေးပေ။

ခေါင်းငိုက်စိုက်ချ၍ တရှုပ်ရှုပ် ငိုကြွေးနေသော သူ့ကိုကြည့် ပြီး ကပ္ပိယကြီးဦးထော်နီ၏ ရင်ထဲတွင် သနားကြင်နာစိတ်များ တပါးပါး၊ ဘဖျားဖျား ဖြစ်မိလေသည်။ ထို့နောက် ဦးထော်နီ တစ်ယောက် သက် ပြင်းမောကြီးချရင်း သူ၏နံဘေးတွင် ထိုင်ချလိုက်ကာ သူ၏ပခုံးကို နှစ်သိမ့်မှုပေးသည့် အနေဖြင့် သိုင်းဖက်လိုက်၏။

"သတ္တိ ... ဘာလို့ ငိုနေတာလဲကွ"

သိလျက်သားနှင့် မေးလိုက်ခြင်းပင်ဖြစ်၏။ ကပ္ပိယကြီး၏ အသံကိုကြားလိုက်ရသဖြင့် သူ မျက်ရည်စများကို လက်နှစ်ဖက်ဖြင့် ခပ်မြန်သုတ်ပစ်လိုက်သည်။

"ကျွန်တော် အဖေနဲ့ အမေကို လွမ်းလို့ပါ အဘရယ်"

မျက်ရည်စတွေကလည်း တုန်ယင်ကွဲအက်နေပါသည်။ ကပ္ပိယကြီးက သူ့ကို စိတ်မသက်သာစွာဖြင့် ကြည့်ရှုနေရင်း တရား ဆေးတိုက်ကျွေးဖို့ ဆုံးဖြတ်လိုက်၏။





"သတ္တိ ... အဘ မင်းကို တစ်ခုမေးမယ်၊ မင်းက လူမိုက်လား၊ လူလိမ္မာလား"

"လူလိမ္မာပေါ့ အဘရယ်"

သူက ထိုသို့ မဆိုင်းမတွ ပြန်ဖြေလိုက်တော့ ကပ္ပိယကြီး က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"အေး ... လူလိမ္မာဆိုတာ အသိနဲ့သတိ ရှိတဲ့သူကိုပြောတာကွ၊ သေသွားတဲ့သူ ပြန်မရှင်နိုင်တော့ဘူးဆိုတာကို မင်း သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ် အဘ"

"သိရဲ့သားနဲ့ အသိတရားကို လျစ်လျူရှုတာ လူလိမ္မာမဟုတ်ဘူး၊ ကွယ်လွန်သွားတဲ့သူတွေကို တောင့်တနေတာ မင်း အသိတရား ကို လျစ်လျူရှုနေတာပဲ၊ အသိတရားကို လျစ်လျူရှုတာ သူရူး၊ သူမိုက်တွေကွ၊ မရှုံနိုင်နိုင်မှန်းသိတဲ့သူကို ပြန်ခေါ်တာ ရူးသွပ်မှု တစ်ခု၊ ရူးသွပ်တယ်ဆိုတာ မိုက်မဲခြင်းပဲ၊ လူမိုက်တွေက သေဆုံး သွားတဲ့သူတွေအတွက် ပူဆွေးသောကရောက်ပြီး ဆင်းရဲမှုဒုက္ခကို ခံစားကြတယ်၊ လူလိမ္မာဆိုရင် ပူဆွေးသောက မရောက်ရဘူး၊ မငိုရဘူး၊ ဒုက္ခကို အနိုင်ယူတတ်ရတယ်၊ တရားနဲ့ဖြေသိမ့်တတ် ရတယ်ကွ"

ဦးထော်နီ၏စကားကို သူ ကောင်းစွာကြားနေသော်လည်း မိဘနှစ်ပါး၏ပုံရိပ်က သူ၏အမြင်အာရုံကြောထဲတွင် ရေးရေးလေးထင် ဟပ်လာပြန်တာမို့ တရားဆေးသောက်နေရင်းနှင့်ပင် မျက်ရည်စတို့ ထပ်မံစီးကျလာပြန်ပါလေတော့သည်။

ငယ်ရွယ်သူဖြစ်တာမို့ တရားဆေးတိုက်ကျွေး၍လည်းမရ၊ ငိုနေမြဲ ငိုနေလေတော့ ကပ္ပိယကြီးခမျာ သူလေး ပူဆွေးသောကရောက် နေတာကိုကြည့်ပြီး စိတ်မသက်သာ ဖြစ်မိပါသည်။ သောကပြဿနာကို ဘယ်လိုဖြေရှင်းပေးရင် ကောင်းမလဲ။

ဦးထော်နီ စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှ စဉ်းစားပြီးနောက် ဦးထော်နီ၏ မျက်လုံးများဝင်းခနဲ တောက်ပလာလေသည်။ ကြည့်ရတာတော့ အကြံရသွားပြီ ထင်ပါရဲ့။ ထို့နောက် ဦးထော်နီ တစ်ယောက် ထိုင်ရာမှ ထလိုက်ပြီး ...

"သတ္တိ ... မင်း အဘနောက်ကိုလိုက်ခဲ့"

ဟုဆိုကာ တရှုံ့ရှုံ့ငိုကြွေးနေသော သူ့ကို တစ်နေရာသို့ ခေါ်ဆောင်သွားပါလေတော့သည်။ ခေတ္တမျှ လမ်းလျှောက်ပြီးနောက် သူနှင့် ဦးထော်နီ ရွာအပြင်ဘက်တွင်ရှိသော တစပြင်သင်္ချိုင်းသို့ရောက်လာကြ၏။ သုသာန်သို့ ရောက်ရောက်ချင်း သူ မိဘနှစ်ပါး၏အုတ်ဂူရှိရာသို့ ဒရောသောပါး ပြေးလာမိပါသည်။ ထို့နောက် သူ...

"အဖေ ... အမေ"

ဟူ၍ အကျယ်ကြီး အော်ခေါ်ပစ်လိုက်ကာ မိဘနှစ်ပါး၏ အုတ်ဂူလေးကိုဖက်ရင်း ရှုံ့ပွဲချ ငိုချပစ်လိုက်သည်။

"အဖေနဲ့ အမေရယ်၊ သားဆီကို ပြန်လာခဲ့ပါနော်"

ထာဝရ အိပ်စက်သွားသူကို ရှိုက်သံလေးဖြင့် ရှုံ့သွင်းပြန်ခေါ်နေမိသည်။ မျက်လုံးကစ္စ၊ နှာရည်ကစ္စ၊ သူ ငိုကြွေးနေတာကို ဦးထော်နီ တားဆီးပိတ်ပင်ဖို့ မကြိုးစားတော့ပေ။

"သတ္တိ ... ဝ,အောင်ငိုစမ်း"

ဟုသာပြောရင်း သူ့ကို ကြိုက်သလောက် ငိုကြွေးခွင့်ပေးလိုက်၏။ ထို့ကြောင့် သူ မိဘနှစ်ပါးကို တမြမြ၊ တဖွဖွ၊ တသသ တောင့်တရင်း အားပါးတရ ဆက်လက်ငိုကြွေးပစ်လိုက်သည်။ ဦးထော်နီကလည်း အုတ်ဂူတစ်ဂူပေါ် တက်ထိုင်၍ သူ ရင်ကွဲပက်လက်ငိုကြွေးနေတာကို စိမ်ပြေနပြေ ထိုင်ကြည့်နေပါတော့သည်။

ငိုချင်နေသူကို မငိုနဲ့ဟု တားဆီးပိတ်ပင်တာထက် ဝ,အောင်ငိုစမ်းဟုပြောပြီး ငိုခွင့်ပေးလိုက်တာက ပိုကောင်းတယ် ဆိုတာကို ဦးထော်နီ ကောင်းကောင်းနားလည် သဘောပေါက်သွားပုံ ရပါသည်။

အတန်ကြာတော့ သူ အငိုတိတ်သွား၏။ သောက၏ရိုက်ခတ်မှုကြောင့် ငိုကြွေးချင်သေးသော်လည်း ငိုကြွေးဖို့ရန် အားမရှိတော့ချေ။ ထို့ကြောင့် အငိုတိတ်သွားခြင်းပင်ဖြစ်၏။



"သတ္တိ ... မင်း ၄လို့ဝပြီလား"

သူ နှုတ်နှင့်မဖြေဘဲ ခေါင်းကိုသာ အသာလေးညိတ်ပြလိုက်ပါသည်။ ထိုအခါ ကပ္ပိယကြီးက ထိုင်ရာမှထလာပြီး ...

"ကဲ ... ငိုလို့ဝရင် ပြန်ကြစို့ကွာ"

ဟုပြောပြီး သူ့ကိုဆွဲထူ၍ ရွာဘက်သို့ ပြန်ခေါ်သွားပါလေတော့သည်။ သူ၏ အသက်က (၁၀)နှစ်ခန့်သာရှိသေးပြီး ဦးထော်နီ၏ အသက်က (၅၀)ဝန်းကျင်ခန့် ရှိနေပါပြီ။ ဘာအမျိုးမှ မတော်စပ်ပေမယ့် ဦးထော်နီက သူ့ကို မြေးလေးတစ်ယောက်လို တအားချစ်ခင်သည်။

ပညာသင်ပေးသည်၊ သွန်သင်ဆုံးမပေးသည်၊ လူချွန်လူကောင်းတစ်ယောက် ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသည်။ သူ့ကို ရွာဦးကျောင်းဆရာတော်က မွေးစားထားတာ (၅)နှစ်ခန့် ရှိသွားပါပြီ။ ကိုရင်လည်း ဝတ်ပေးပြီးသွားပြီ။

သို့သော် သူက ကိုရင် အမြဲမဝတ်ချင်တာမို့ လူဝတ်လဲခွင့်ပေးခဲ့ရသည်။ သာသနာ့စာပေအပြင် အတန်းပညာရေးကိုပါ သင်ပေးခဲ့သည်။

မွေးစားသူက ဆရာတော် ဆိုပေမယ့် သူသည် ဆရာတော်ထက် ကပ္ပိယကြီးကို ပို၍ခင်တွယ်ချစ်ခင်ပေသည်။

သူသည် ဘုန်းကြီးကျောင်းမှာနေ၍ ကပ္ပိယကြီးနှင့်အတူ အိပ်စက်ပါသည်။ ကပ္ပိယကြီးကလည်း သူ့ကို လိမ္မာရေးခြားရှိလာစေဖို့ အလို့ငှာ ညအိပ်ရာဝင်ခါနီးတိုင်း ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်လာ ပုံပြင်များ ပြောပြလေ့ရှိသည်။

သူတော်ကောင်းများထံ ရောက်လာသူမို့ သူသည် ထိုယ်းနှုတ်၊ အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် လူလိမ္မာလေး ဖြစ်ခွင့်ရခဲ့ပါသည်။ သို့သော်ငြားလည်း သူသည် လွန်စွာမှ အတွေးအခေါ် နုနယ်သေးတာမို့ အသိနှင့်သတိတရား သိပ်မရှိသေးပေ။

ထို့ကြောင့်ပင် ကွယ်လွန်သွားသော မိဘနှစ်ပါးကို သတိရမိလေတိုင်း တရှုံ့ရှုံ့ငိုကြွေးနေခြင်းသာ ဖြစ်ပါလေတော့သည်။ နောက်တစ်နေ့ မိုးလင်းပြီဆိုတာနှင့် တစ်ဖြိုင်နက် သူ ငိုချင်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကပ္ပိယကြီးက သူ့ကို သုသာန်သို့ ခေါ်ဆောင်သွားပြီး ဝ,အောင် ငိုခိုင်းပြန်သည်။

သူသည် သုသာန်သို့ရောက်တိုင်း မိဘနှစ်ပါး၏ အုတ်ဂူကို ဖက်၍ အကျယ်ကြီး အော်ငိုလေ့ရှိသည်။ အငိုတိတ်မှ ဘုန်းကြီးကျောင်းသို့ ပြန်လာလေ့ရှိသည်။

နောက်တစ်နေ့ ... နောက်တစ်နေ့ ...

ထိုနည်းလည်းကောင်းပါပဲ။ ဒီပုံစံအတိုင်း ခြောက်ရက်တိတိ သူ အားပါးတရ ငိုကြွေးခဲ့သည်၊ ခုနစ်ရက်မြောက်နေ့မှလည်း သူနှင့် ကပ္ပိယကြီး သုသာန်သို့ ထပ်ရောက်လာခဲ့ပါသည်။

"သတ္တိ ... ဝ,အောင် ငိုစမ်းကွာ"

ထိုသို့ပြောပြီး ကပ္ပိယကြီးက သူ့ကို အသေအချာ စူးစိုက်ကြည့်နေ၏။ သို့သော် သူ မငိုနိုင်တော့ပေ။ ငိုကြွေးဖို့ရန် မျက်ရည်မရှိတော့ချေ။ ငိုချင်စိတ်လည်း မရှိတော့ပါတကား။ မိဘနှစ်ပါး၏ အုတ်ဂူကိုသာ ကြောင်၍ကြည့်နေမိသည်။

"သတ္တိ ... ဘာလုပ်နေတာလဲ၊ ငိုလေကွာ"

ခါတိုင်းနေ့များတွင် ငိုဆိုတာနှင့် ငိုချင်းချလေ့ရှိသော သူသည် ယနေ့တွင်တော့ လုံးဝမငိုတော့သည့်အပြင် တည်ငြိမ်သော မျက်နှာထား၊ တောက်ပသော မျက်လုံးများနှင့်အတူ ကပ္ပိယကြီးကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်၏။

"ဘယ်လိုလဲ သတ္တိ၊ မင်း ဒီနေ့ မငိုတော့ဘူးလား"

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် လုံးဝငိုချင်စိတ် မရှိတော့ဘူး"

ခြောက်ရက်တိတိ ဝ,အောင်ငိုခဲ့ပြီးပြီမို့ ငိုလို့ဝသွားချေပြီတကား။ ထိုအခါ ကပ္ပိယကြီးက ဝင့်ခနဲ တစ်ချက် ပြုံးလိုက်ရင်း —

"ပြောစမ်းပါဦး၊ ဘာလို့ ငိုချင်စိတ် မရှိတော့တာလဲကွ"

ဟူ၍ သွေးထိုးစမ်း မေးကြည့်လိုက်တော့ သူက တည်ငြိမ်သောလေသံဖြင့် ဒီလို ပြန်ဖြေလိုက်၏။

"ငိုကြွေးလို့ သေသောသူ ပြန်ရှင်လာမယ်ဆိုရင် ကျွန်တော်ထိုင်ငိုနေမှာပါ၊ အဖေနဲ့အမေက ကျွန်တော် ဘယ်လောက်ပဲငိုငို



ဖျွန်တော့်ဆီ ပြန်ရောက်မလာနိုင်တော့ပါဘူး၊ ကျွန်တော်ငိုရင် ကျွန်တော့်ပဲ ပူဆွေးသောကဖြစ်ပြီး ရူးကွာရောက်မှာပဲ။ ဒါကြောင့်မို့ ကျွန်တော် သေဆုံးသွားသူအတွက် ဘယ်တော့မှ မငိုတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"သေချာလို့လား သတ္တိရာ"

"ဟုတ်ကဲ့ အဘ၊ သေချာပါတယ်၊ နောက်ဆိုရင် ကျွန်တော့်အဖေနှင့်အမေအတွက် ဘယ်တော့မှ မငိုတော့ဘူး၊ သေဆုံးသူကို တောင့်တခြင်းက ရူးမိုက်ခြင်းဆိုတာကို ကျွန်တော် သိသွားပါပြီ"

"အေး ... ဒါမှ ငါ့မြေး၊ ငါ့တပည့်ကွ၊ လူလေး ... မင်း အမြင်မှန်ရသွားပြီ၊ လူလိမ္မာဖြစ်ပြီကွာ"

ဟု ကပ္ပိယကြီးက အောင်မြင်စွာနဲ့ညားသော အသံကြီးဖြင့် ကြွေးဝါးပြောဆိုလိုက်လေတော့သည်။

"အဘ ... အခု ကျွန်တော် လူလိမ္မာဖြစ်တာတော့ ဟုတ်ပါပြီ။ ရှေ့ဆက်ပြီး ကျွန်တော် ဘာလုပ်ရမှာလဲဗျ"

"မညာရှိသူရဲကောင်း လုပ်ရမှာပေါ့၊ အဘ မင်းကို ပညာတွေ အများကြီး သင်ပေးမယ်၊ ပြောစမ်း လူလေး၊ မင်းနာမည် ဘယ်သူလဲ"

"သတ္တိလေ"

"အပြည့်အစုံပြောကွာ၊ လက်သီးလက်မောင်းတန်းပြီး အကျယ်ကြီး အော်ပြော"

"ဟုတ်ကဲ့ အဘ"

ဟုဆိုကာ သူ လက်သီးဆုပ်၍ ညာဘက်လက်ကို အပေါ်သို့မြှောက်ရင်း သူ၏နာမည်အပြည့်အစုံကို ခန့်ပါသောလေသံဖြင့် အကျယ်ကြီးမှ အကျယ်ကြီး ကြွေးဝါးပြောဆိုလိုက်လေတော့သည်။

"သတ္တိရှင်ကျော်စွာ"

✻ ✦ ✻

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ ကျောင်းပိတ်ရက် ဖြစ်တာမို့ ရွာ၏ မုန်ထူထူလမ်းကြားထဲတွင် ကလေးငယ်များ မြူးတူးပျော်ရွှင်စွာ ဆော့ကစားလျက်ရှိသည်။ ကျောက်ဒိုးဖြင့် ပုံပစ်တမ်း ကစားနေကြတာပါ။

"သတ္တိ ... မှန်အောင်ပစ်နော်၊ ဒီတစ်ပွဲရှုံးရင် ငါတို့ထွက်ရတော့မှာ၊ ငါ့ဆီမှာ ပုံမရှိတော့ဘူး"

"စိတ်ချပါ ဒန္တီရယ်၊ ဒီတစ်ခါ ငါ မှန်အောင်ပစ်မှာပါ"

ဟန်နီနှင့် ဒန္တီက ဒိုးပစ်ပြီးသွားပြီဖြစ်၏။ တစ်ယောက်မှ မမှန်ကြပေ။ ဒီတစ်ခါ ဒိုးပစ်ရန် အလှည့်ကျသူက သတ္တိ။ မြေပြင်ပေါ်တွင် ဒေါင်လိုက်ထောင်ထားသော ရုပ်ပုံများကို သူ သေချာချိန်၍ ကျောက်ဒိုးဖြင့် ပစ်ထည့်လိုက်၏။

"ဟာ ... သွားပါပြီ၊ ပြောင်ပါပြီဟာ"

သေချာချိန်ပစ်သော်လည်း အလွဲကြီး လွဲသွားတာမို့ ဒန္တီတစ်ယောက် နှာခေါင်းလေးရှုံ့ရင်း စိတ်ပျက်လက်ပျက် ညည်းတွားပြောဆိုမိလေသည်။ ဒီတစ်ပွဲတွင် ကျန်ကောက်ပါသဖြင့် ကျန်ကောက်သမား ရဲရင့်က ပုံများအားလုံးကို သိမ်းကျုံးယူဆောင်ပြီး ဟန်နီ့ကို အကုန်ပေးလိုက်၏။

ရဲရင့်က ဟန်နီ့ဘက်ကဖြစ်ပြီး သတ္တိက ဒန္တီ့ဘက်ကဖြစ်သည်။ သတ္တိက ဒိုးပစ်ညံ့သဖြင့် ဒန္တီ၏ပုံများအားလုံး ရှုံးသွားချေပြီတကား။



ရဲရင့်နှင့် ဟန်နီက (၆)တန်းစာမေးပွဲ ဖြေထားသူတွေဖြစ်ပြီး သတ္တိနှင့် ဒန္တီက (၅)တန်းစာမေးပွဲ ဖြေထားသူတွေဖြစ်၏။ ဟန်နီနှင့် ဒန္တီက ညီအစ်မအရင်းပါ။ သူတို့၏နာမည်အပြည့်အစုံက ဧပရယ်ဟန်နီနှင့် ဧပရယ်ဒန္တီ။

ဧပြီလမှာ မွေးတာချင်းတူပေမယ့် အမြွှာတော့မဟုတ်ချေ။ တစ်နှစ်ကြီး တစ်နှစ်ငယ် ညီအစ်မတွေပေါ့။

"သတ္တိ ... နင် အရမ်းညံ့တာပဲ"

"ဒန္တီရယ် ... ငါလည်းသေချာချိန်ပစ်တာပဲ၊ ဒါပေမဲ့ မမှန်တာတော့ မတတ်နိုင်ဘူး၊ ဘယ်လိုလဲ၊ နောက်တစ်ပွဲ ဆက်ပစ်ဦးမှာလား"

"ဟင့်အင်း ... ငါ့မှာ တစ်ပုံမှ မရှိတော့ဘူး၊ အကုန်ပြောင်ပြီဟဲ့"

"အေး ... ကောင်းတယ်၊ အဲဒါမှ ငါ တီဗီမြန်မြန်ကြည့်ရမှာပေါ့"

"ဟင် ... ကောင်စုတ်၊ နင်က ငါ့အိမ်မှာ တီဗီကြည့်ချင်လို့ တမင်တကာ ရှုံးအောင်ပစ်လိုက်တာပေါ့လေ"

"အင်း ... ဟုတ်တယ်၊ ငါ ချော်ပစ်မှ ဟန်နီက ဒါ့ကိုတီဗီဖွင့်ပြမှာတဲ့၊ ဒါကြောင့်မို့ ငါ တမင်တကာ ချော်ပစ်လိုက်တာ ... ဟီး ဟီး"

ဆိုပြီး သူက ရယ်ပြလိုက်တော့ ဒန္တီက နှုတ်ခမ်းလေးစူရင်း သူ၏နဖူးကို ညာဘက်လက်ဖဝါးဖြင့် ဘတ်ခနဲ ရိုက်ပစ်လိုက်လေတော့သည်။ သူကတော့ ခပ်ပြုံးပြုံးပါပဲ။ ရဲရင့်နှင့်ဟန်နီက မြေပြင်ပေါ်တွင် ငုတ်တုတ်ထိုင်၍ ပုံများကို စီစီရီရီလေးဖြစ်အောင် ထပ်နေလေရဲ့။

ထိုအချိန် အရှိန်ပြင်းစွာ ဖြတ်သန်းလာသော ဘောလုံးတစ်လုံးက ရဲရင့်၏မျက်နှာတည့်တည့်ကို ဘုတ်ခနဲ ထိမှန်သွားပြီး ရဲရင့်တစ်ယောက် အားခနဲ အော်မိသွားလေသည်။ သူတို့လေးယောက်၏ မလှမ်းမကမ်းတွင် ယောကျ်ားလေးတစ်သိုက် ဘောလုံးကန်နေကြခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်သို့ လွင့်စဉ်လာသော ဘောလုံးက ရဲရင့်၏မျက်နှာကို မတော်တဆ ထိမှန်သွားတာပါ။ ဘောလုံးကောက်ဖို့အတွက်ချာတိတ်တစ်ယောက် ဒီဘက်သို့ လျှောက်လှမ်းလာ၏။ ထိုချာတိတ်၏အမည်က ကျားကြီး။

ကျားဟူသော သတ္တဝါသည် ရဲရင့်သည်၊ ကြမ်းကြုတ်သည် ရက်စက်တတ်သည်။

ထို့အတူ ကျားကြီးဆိုတဲ့(၁၂)နှစ်အရွယ် ကောင်လေးသည်လည်း လွန်စွာမှ ရဲရင့်၊ ကြမ်းကြုတ်၊ စရိုက်ဆိုးပေသည်။ ကျားကြီး၏ ခန္ဓာကိုယ်အရွယ်အစားက သတ္တိနှင့်ရဲရင့်ထက် သာ၍ထွားကျိုင်းပေသည်။

ယခု ဘောလုံးကောက်ဖို့လာသည့် ကျားကြီးကို ရဲရင့်က မျက်ထောင့်နီကြီးတွေနှင့် စိုက်ကြည့်လိုက်၏။

"ဟိတ်ကောင် ... ကျားကြီး၊ မင်း ဘာလို့ ငါ့မျက်နှာကို ဘောလုံးနဲ့ တည်ကန်တာလဲ"

ရဲရင့်၏အသံထဲတွင် မာန်ဒေါသများ ရောယှက်ပါဝင်လျက်ရှိ၏။ လက်သီးကိုလည်း ကျစ်နေအောင် ဆုပ်ထားသည်။ သို့သော် သူ ကျားကြီးကို တကယ်မထိုးရဲပေ။ အဘယ်ကြောင့်ဆိုသော် ကျားကြီးက သူ့ထက် ခန္ဓာကိုယ်အချိုးအစား ထွားကျိုင်းသန်မာလို့ပင်ဖြစ်ပါလေတော့သည်။

"ဒီမှာ ရဲရင့်၊ ငါက မင်းကို ဘောလုံးနဲ့ ဘလိုင်းကြီးတည်ကန်တာ မဟုတ်ဘူး၊ မတော်တဆ ထိသွားတာကွ"

ကျားကြီး၏ဖြေရှင်းချက်ကို ရဲရင့် လုံးဝလက်မခံနိုင်ပေ။ နှာကျင်သွားတာမို့ ဒေါသထွက်နေတာပဲ သိပါသည်။ သတ္တိ၊ ဟန်နီနှင့် ဒန္တီကတော့ သူတို့နှစ်ယောက် ဘာတွေဆက်ဖြစ်ကြမလဲ ဆိုတာကို မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ကြည့်နေလေရဲ့။

"မဟုတ်ဘူး၊ မတော်တဆထိတာ လုံးဝမဟုတ်ဘူး၊ မင်းတမင်တကာ လုပ်လိုက်တာမှလား"





တကယ်တော့ ဒီကိစ္စက မတော်တဆ ဖြစ်သွားတာပါ။ သို့သော် ရဲရင့်က လက်သီးဆုပ်၍ ရန်ထောင်သလို လုပ်နေသဖြင့် ကျားကြီး သူ့ကို အမြင်ကတ်သွားလေသည်။

"ဘာလဲ ရဲရင့်၊ မင်းက ငါ့ကို ရန်ထောင်နေတာလား"

"ရန်ထောင်တာ မဟုတ်ဘူး၊ တောင်းပန်နိုင်းနေတာကွ"

"ဘာ ... ငါက မင်းလို မလောက်လေး မလောက်စားကောင်ကို တောင်းပန်ရမယ်၊ ဟုတ်လား"

"အေး ... မင်း ငါ့ကို တောင်းပန်စကား ပြောရမယ်"

"မပြောနိုင်ဘူးကွာ၊ မကျေနပ်ရင် လဲသေလိုက်၊ ကဲဟာ"

ဆိုပြီး ကျားကြီးက ရဲရင့်ကို ဆောင့်တွန်းလိုက်သဖြင့် ရဲရင့်တစ်ယောက် မြေပြင်ပေါ်သို့ ပုံလျက်လဲကျသွားလေတော့သည်။ ထို့နောက် ကျားကြီးက ဘောလုံးကောက်ပြီး တစ်ဖက်သို့ ခပ်တည်တည်နှင့် ပြန်ထွက်သွားသည်။

နောက်ပြန် ပစ်စလက်ခတ် လဲကျသွားတာမို့ ရဲရင့်တစ်ယောက် အတော်လေးကို အထိနာသွား၏။ နာကျင်လွန်းလို့ မျက်ရည်တောင်ကျမိပါသည်။ နာမည်က ရဲရင့်ဆိုသော်လည်း ရဲရင့်ခြင်းမရှိချေ။ သူ ကျားကြီးကို လုံးဝပြန်မလုပ်ရဲပါဘူး။

"ရဲရင့် ... ဘာဖြစ်သွားသေးလဲ"

ထိုသို့ ပျာပျာသလဲ ပြောဆိုရင်း သတ္တိ၊ ဟန်နီနှင့် ဒန္တီတို့ သူ့ကို အမြန်ဝိုင်းထူပေးလိုက်၏။ အုတ်နီခဲနှင့်ထိမိသော သူ၏ဘယ်ဘက်လက်ဖဝါး ပွန်းပဲ့သွားတာမို့ ရဲရဲနီနေသော သွေးစများကို တွေ့လိုက်ရသည်။

ထိုသွေးစများကို တွေ့လိုက်ရတော့မှပဲ သူအကြောက်လွန်ပြီး ပိုလို့တောင် ငိုချပစ်လိုက်ပါတော့သည်။

"ဟယ် ... ရဲရင့်၊ နင့်လက်မှာ သွေးတွေထွက်နေပါလား"

ဟန်နီက စိုးရိမ်စွာဖြင့် ပြောလိုက်သေးသည့် သူက ဘာမှပြန်မပြောတော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com

"ကျားကြီးက ငါ့ကို အနိုင်ကျင့်တယ်၊ အဖေနဲ့ တိုင်ပြောမယ် အီး ဟီး ဟီး"

ဟု ငိုချင်းချရင်း မလှမ်းမကမ်းတွင်ရှိသော သူ၏အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လှမ်းသွားလေတော့သည်။ ခြေအလှမ်း(၂၀) ခန့် လျှောက်ပြီးနောက် သူ အိမ်သို့ရောက်လာ၏။ အိမ်က သက်ကယ်မိုး ဝါးခြမ်းကာ တဲစုတ်လေးပါ။

အိမ်ပေါ်၌ ဦးဆန်း တစ်ယောက် အေးရာအေးကြောင်း အရက်ထိုင်သောက်နေလျက်ရှိသည်။ ထိုအချိန် သူ အိမ်ပေါ်သို့ ငိုယိုရင်း တက်လာကာ ...

"အဖေ ... သားကို ကျားကြီးက အနိုင်ကျင့်တယ်၊ အီး ... ဟီး ..."

ဆိုပြီး ငိုသံလေးနှင့် တိုင်ပြောလိုက်သဖြင့် အရက်သမားကြီး ဒေါသထွက်သွားလေသည်။

"ဘာ ... မင်းကို ကျားကြီးက အနိုင်ကျင့်လိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ် အဖေ၊ သူ သားရဲ့မျက်နှာကို ဘောလုံးနဲ့ကန်တယ်၊ ပြီးတော့ သားကိုလည်း ဆောင့်တွန်းတယ်"

"ဒါနဲ့ မင်း ဘာဖြစ်သွားသေးလဲ"

"ဘယ်ဘက်လက် သွေးထွက်သွားတယ် အဖေ"

"မင်း သူ့ကို ဘာမှပြန်မလုပ်ဘူးလား"

ဦးဆန်းက ထိုသို့ အလောသုံးဆယ်မေးလိုက်တော့ သူက ငိုမဲ့မဲ့မျက်နှာလေးနှင့်အတူ ခေါင်းခါပြရင်း ...

"မလုပ်ရဲဘူး အဖေ၊ ကျားကြီးက သားထက် သန်မာထွားကျိုင်းတယ်ဗျ"

ဟု ပြန်ပြောလိုက်သဖြင့် ဦးဆန်း တစ်ယောက်မခံချိမခံသာ ဖြစ်သွားကာ တောက်ခေါက်မိသွားလေသည်။

"တောက် ... ရာဇဝင်ရိုင်းလိုက်လေခြင်း၊ ငါတို့မျိုးရိုးထဲမှာ သူ တစ်ပါး အနိုင်ကျင့်တာကို ခံရတဲ့ကောင် မရှိဘူးကွ၊ သူလုပ်ရင် ကိုယ်က ပြန်အုပ်ရဲရမှာပေါ့၊ ဟိတ်ကောင် ... ပြောစမ်း၊ မင်း နာမည် ဘယ်သူလဲ"





"ရဲရင့်ဗိုလ်ပါ"

"အေး ... ရဲရင့်တဲ့နေရာမှာ ပြိုင်ဘက်မရှိ ဗိုလ်ဖြစ်အောင်လို့ ငါက မင်းကို ရဲရင့်ဗိုလ်လို့ နာမည်ပေးထားတာကွ၊ ပြောစမ်း ... မင်းကအခြောက်လား၊ ယောကျ်ားစစ်စစ်လား"

"ယောကျ်ားစစ်စစ်ပါ"

"အေး ... ဒါဆိုရင် မင်းမငိုနဲ့၊ ငိုတာယောကျ်ားစစ်စစ်မဟုတ်ဘူး၊ အခြောက်ကွ, အခြောက်"

အခြောက်ဟု အပြောခံရသောကြောင့် သူ တော်တော်လေး အထိနာသွားလေသည်။ ထို့ကြောင့် သူ မျက်ရည်များကို ချက်ချင်း သုတ်ပစ်လိုက်ကာ ...

"အဖေ ကျွန်တော့်ကို အခြောက်လို့ မပြောနဲ့၊ ကျွန်တော်က ယောကျ်ားဗျ ... ယောကျ်ား ... ယောကျ်ား ... ယောကျ်ားစစ်စစ်"

ဟု မာန်အပြည့်ပါသော လေသံဖြင့် ကြုံးဝါးပြောဆိုလိုက်၏။ ထိုအခါ ဖခင်ဖြစ်သူက သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်ပြီး ...

"ကောင်းပြီ ... ဒါဆိုရင် မင်းကို သွေးထွက်အောင်လုပ်တဲ့ ကျားကြီးကို မင်း သွေးထွက်အောင် ပြန်ချရမယ်၊ နောက်ဆက်တွဲ ပြဿနာကို ငါဖြေရှင်းမယ်၊ အခု မင်း ကျားကြီးကို သွေးထွက်အောင်ပြန်ချ"

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သူ လက်သီးလက်မောင်းတန်း၍ အိမ်အပြင်သို့ လှစ်ခနဲ ထွက်သွားပါလေတော့သည်။ ခဏအကြာတော့ သူ ဘောလုံးကန်နေသော ကျားကြီးအနားသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာ၏။

သတ္တိ၊ ဟန်နီနှင့် ဒန္တီတို့က အိမ်မပြန်ကြသေးဘဲ သူ ဘာ လုပ်မလဲဆိုတာကို စိတ်ဝင်စားစွာ ကြည့်ရှုနေ၏။

"ဟိတ်ကောင် ကျားကြီး၊ မင်း သတ္တိရှိရင် လာခဲ့စမ်း"

သူ၏ မာန်အပြည့်ပါသော စိန်ခေါ်စကားကြောင့် ကျားကြီး တစ်ယောက် မျက်မှောင်ကြုတ်၊ လက်သီးဆုပ်ရင်း သူ့အနားသို့လျှောက် လှမ်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရဲရင့်၊ မင်းက သေချင်လို့ ငါ့ကိုစိန်ခေါ်နေတာလား"

"သေချင်တာ မဟုတ်ဘူး၊ ထိုးချင်တာကွ၊ ကဲဟာ"

ဆိုပြီး သူ အားအကုန်သုံး၍ ကျားကြီး၏မျက်ခွက်
တည့်ထိုးပစ်လိုက်သည်။

"ခွပ်"

ခွပ်ဟူသောမြည်သံ ထွက်ပေါ်လာမှုနှင့်အတူ ကျားကြီး၏
သွားတစ်ချောင်း ကျိုးပဲ့သွားကာ သွေးနီနီများ စီးထွက်လာ၏။ ကျားကြီး
မှာကျင်မှုးနောက်နေဆဲမှာပင် သူက ဂိုးတိုင်အဖြစ် ပြုလုပ်ထားသော
အုတ်နီခဲကို လျှင်မြန်စွာ ကောက်ယူပြီး ကျားကြီး၏ခေါင်းကို အပိုင်
ရိုက်ပစ်လိုက်ပါတော့သည်။

"ဒုတ်"

"အား"

"ဆန်းဝင်း … ဆန်းဝင်း"

အိမ်ရှေ့မှ ပျံ့လွင့်လာသော ရွာသူကြီး ဦးထွန်းခေါင်၏
အသံပြကြီးကြောင့် ဦးဆန်း တစ်ယောက် သူ၏အမဲပစ်သေနတ်ကို
ချထားလိုက်ပြီး အပြင်သို့ ထွက်လာလေသည်။ ရဲရင့်ကတော့ အိမ်
တွင်သာ ကုပ်ကုပ်လေးထိုင်နေလေရဲ့။

"ပြော … သူကြီး၊ ဘာကိစ္စလဲ"

ဦးဆန်း သိလျက်သားနှင့် မေးလိုက်ခြင်းပင်ဖြစ်၏။
သူကြီး၏ဘေးတွင် ဒေါ်နွဲ့နှင့်ကျားကြီး ပါလာသည်။ ဒေါ်နွဲ့က ကျားကြီး
၏အမေပါ။ ဒေါ်နွဲ့သည် နာမည်နွဲ့သော်လည်း လူကတော့ လုံးဝမနွဲ့
ပေ။ နှုတ်ကြမ်း၊ အာကြမ်းသည့် အမျိုးသမီးပေါ့။

"ဒီမှာ ကိုဆန်းဝင်း၊ ရှင့်သားလက်ချက်ကြောင့် ကျွန်မသား
သွားတစ်ချောင်းကျိုးပြီး ခေါင်းကွဲသွားပြီရှင့်"

မှန်ပေစွ။ ရဲရင့်၏လက်ချက်ကြောင့် ကျားကြီးခမျာ သွား
ကျိုးလေးဖြစ်သွားပြီး ခေါင်းကို ဆယ်ချက်ချုပ်၍ ပတ်တီးစည်းထားရ
လေသည်။

"ခင်ဗျားသား သွားကျိုးပြီး ခေါင်းကွဲတာကို ကျုပ်က ဘာလုပ်
ပေးရမှာလဲ"

"အလျော်ပေးရမှာပေါ့၊ မပေးရင် ရှင့်သားကို ထောင်ကျ
အောင် ချပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ဒေါ်နွဲ့ရယ်၊ ကလေးချင်း ရန်ဖြစ်တဲ့ကိစ္စကို အဲလောက်ထိ ပုံကြီးမချဲ့စမ်းပါနဲ့၊ ရဲစခန်းကိုလည်း အကြောင်းကြားစရာမလိုဘူး၊ ထောင်လည်းချစရာမလိုဘူး၊ ဒီကိစ္စကို ကျုပ် ဖြေရှင်းပေးပါ့မယ်"

ဟူ၍ သူကြီးတစ်ယောက် ပျာပျာသလဲ ဝင်ပြောလိုက်ရသည်။ ဦးထွန်းခေါင်က ဟာန်နီနှင့် ဒန္တီ၏အဖေပါ။ ရွာသူကြီးဖြစ်တာ သုံးနှစ်ခန့်သာ ရှိပါသေးသည်။

"ပြော သူကြီး၊ ဒီကိစ္စကို သူကြီး ဘယ်လိုဖြေရှင်းပေးမှာလဲ"

"ဒါနဲ့ နေစမ်းပါဦး၊ ဒေါ်နွဲ့က လျော်ကြေး ဘယ်လောက်လိုချင်တာလဲ"

"သုံးသောင်း"

ဟု ပြောလိုက်သဖြင့် သူကြီး၏မျက်ခုံးများ ကျုံ့သွားသလို ဦးဆန်းဝင်းလည်း မျက်လုံးပြူးသွားလေသည်။ ဦးဆန်းဝင်းသည် အမဲပစ်သောအလုပ် (မုဆိုးအလုပ်)ကို လုပ်ကိုင်နေသည့် အရက်သမားပါ။ သူ့ထံတွင် ငွေသုံးသောင်းမပြောနှင့် တစ်ထောင်ပြည့်အောင်ပင်မရှိပေ။

"ဘာ ... သုံးသောင်း ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ ရှင့်ဆီက လျော်ကြေးသုံးသောင်းလိုချင်တယ်"

"ဒေါ်နွဲ့ ... ခင်ဗျား စဉ်းစဉ်းစားစား ပြောစမ်းပါ၊ ကျုပ်တို့သားအဖက ထမင်းတောင် နပ်မှန်အောင် မစားရဘူး၊ လက်ထဲမှာ ဘယ်လိုလုပ်ပြီး သုံးသောင်းရှိမလဲ၊ ဒီတော့ သုံးသောင်းမပေးနိုင်ဘူး၊ တစ်သောင်းပဲ ပေးမယ်၊ အဲဒီငွေတစ်သောင်းကိုလည်း အခုထုတ်ပေးမှာ မဟုတ်ဘူး၊ လိုချင်ရင် တစ်လစောင့်၊ မစောင့်နိုင်ရင် လဲသေလိုက်၊ ဒါပဲ"

ဟု ဦးဆန်းဝင်းက ခပ်ပြတ်ပြတ် ပြောဆိုပြီး အိမ်ပေါ်သို့ ခြံနဲ့တက်သွားသဖြင့် ဒေါ်နွဲ့တစ်ယောက် ဆွေ့ဆွေ့ခုန်သွားလေသည်။

"အို ... ကြည့်စမ်းပါဦး၊ ပြောသွားပုံက အကျောကြီးနဲ့၊ မှားတာက ကျွန်မသား ကျနေတာပဲ"



"စိတ်လျှော့ပါ ဒေါ်နွဲ့ရယ်၊ ဒီကိစ္စမှာ ရဲရင့်လည်းမှားတယ်၊ ကျားကြီးလည်းမှားတယ်၊ ကျားကြီးက ရန်စလို့ ရဲရင့်က ပြန်လုပ်တာလို့ ကျုပ်သမီးနှစ်ယောက်က ပြောတယ်ဗျ"

"ဒီမှာ သူကြီး၊ ကျွန်မသား လုပ်လိုက်တာ ရဲရင့် ဘာမှမဖြစ်ဘူး၊ ရဲရင့်လုပ်မှသာ ကျွန်မသား သွားကျိုးပြီး ခေါင်းကွဲသွားတာရှင့်"

"အဲဒီအတွက် ဆန်းဝင်းက ခင်ဗျားကို လျော်ကြေးတစ်သောင်းပေးမယ်လို့ ပြောပြီးပြီပဲ၊ သုံးသောင်းတော့ သွားမတောင်းနဲ့၊ တော်ကြာ တစ်ပြားမှ ထုတ်မပေးလို့ ခင်ဗျား ဗလာနတ္ထိဖြစ်သွားလိမ့်မယ်"

သူကြီး၏စကားကြောင့် ဒေါ်နွဲ့တစ်ယောက် စိတ်လျှော့ချပစ်လိုက်ကာ ...

"ထမင်းသာ နပ်မှန်အောင် မစားနိုင်တာ၊ အရက်တော့ နပ်မှန်အောင်သောက်နိုင်တဲ့ အရက်သမား၊ သေခြင်းဆိုးနဲ့သေပါစေ"

ဟူ၍ ဦးဆန်းဝင်းအတွက် မေတ္တာပို့သနဲ့ပြီး ကျားကြီး၏လက်ကိုတွဲ၍ ထိုနေရာမှ ဆောင့်ကြီးအောင့်ကြီး ထွက်သွားပါလေတော့သည်။ သူကြီးကလည်း ခေါင်းတခါခါဖြစ်ကာ သက်ပြင်းမောကြီးချရင်း ထိုင်နေရာမှ ပြန်ထွက်သွား၏။

အိမ်ပေါ်ရောက်တော့ ဦးဆန်း တစ်ယောက် အမဲပစ်သေနတ်ကို ကောက်ကိုင်ရင်း ညည်းညူလိုက်၏။

"လျော်ကြေးပေးရမယ်တဲ့ကွာ၊ ရဲရင့် ... မင်း ဒေါ်နွဲ့ပြောသွားတာကို ကြားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကြားပါတယ် အဖေ၊ ကျားကြီးကို ကျွန်တော်လုပ်ချင်လို့ လုပ်လိုက်တာ မဟုတ်ဘူး၊ အဖေလုပ်ခိုင်းလို့ ကျွန်တော်လုပ်ပစ်လိုက်တာ၊ ဒီတော့ အဖေ ကျွန်တော့်ကို မဆူရဘူးနော်"

"အေးပါကွာ၊ ငါ မင်းကို ဆူလည်းမဆူဘူး၊ အပြစ်လည်းမတင်ဘူး၊ ဒါပေမဲ့ မင်း ဒီနေ့ မကစားရဘူး"

"ဘာလို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ မင်း ကြားတဲ့အတိုင်းပဲလေ၊ ငါ ဒေါ်နွဲ့ကို လျော်ကြေးတစ်သောင်း ပေးမယ်လို့ ပြောလိုက်တယ်၊ ငွေရဖို့အတွက် အမဲပစ်ရမယ်၊ ဒီတော့ ဒီနေ့ မင်း ငါနဲ့အတူ တောထဲကိုလိုက်ခဲ့"

"ဟုတ်ကဲ့"

ဆိုပြီး သူ ထိုင်ရာမှ ထလိုက်၏။ ထို့နောက်တွင်တော့ သားအဖနှစ်ယောက် အမဲပစ်ရန်အတွက် လေး၊ မြား၊ ဓား၊ သေနတ် စသည်ဖြင့် လက်နက်အစုံအလင်ကိုင်ပြီး အိမ်ထဲမှ ထွက်ခဲ့ကြလေတော့သည်။

ရွာအပြင် ခပ်လှမ်းလှမ်းတွင် အမြဲစိမ်းသစ်တောရှိ၏။ တောနက်ထဲတွင် ခြင်္သေ့နှင့်ကျားမှတစ်ပါး တိရစ္ဆာန်မျိုးစုံ ကျက်စားကျက်ရှိသည်။ ဝံပုလွေ၊ ခွေးအနှင့် တောဝက်လို လူကိုအန္တရာယ်ပေးနိုင်သော သတ္တဝါတွေရှိသဖြင့် သတိကောင်းစွာ ထားရလေသည်။

တောထဲသို့ရောက်တော့ ရဲရင့်တစ်ယောက် စိတ်အလွန်အမင်း ချောက်ချားမိ၏။ သူ့အနေဖြင့် တောထဲသို့ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ဖူးခြင်း ဖြစ်ပေသည်။ တုန်တုန်ယင်ယင် ဖြစ်နေသောသူ့ကို ဖခင်က မေးမြန်းလိုက်၏။

"ရဲရင့် ဘာဖြစ်နေတာလဲကွ"

"ကြောက်လို့ အဖေရဲ့"

"ဟာ ... မင်းကွာ၊ ငါ့သားလုပ်နေပြီး ကြောက်စိတ်ရှိရသလား"

"ကြောက်တာပေါ့ဗျ၊ တောထဲမှာ တိရစ္ဆာန်ကြီးတွေ ရှိတယ် သူတို့က ကျွန်တော့်ကို ကိုက်ထည့်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"အေး .. သတိရှိရင် မုဆိုးက သားကောင်ကိုနိုင်မယ်၊ သတိမရှိရင်တော့ မုဆိုးကို သားကောင်က နိုင်မှာပဲ၊ တုန်လှုပ်ချောက်ချားနေရင် သတိမေ့တတ်တယ်ကွ၊ ဒီတော့ ကြောက်စိတ်ကို ဖျောက်ပစ်ပြီး သတိကောင်းကောင်းထား၊ ကြားလား"

"ဟုတ်ကဲ့"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် သူကြောက်စိတ်ကို အားတင်းပြီး ဖျောက်ပစ်လိုက်ကာ သတိဝီရိယနှင့် နေလိုက်





ပါသည်။ သူက လေးနှင့်မြားတံများကို ကိုင်ထားပြီး ဦးဆန်းက ရိုင်ဖယ်သေနတ်ကို ကိုင်ထားကာ ဓားမြှောင်ကို ခါးကြားတွင် ထိုးထားလေသည်။

များမကြာမီ၌ ချောင်းစပ်တွင်ရှိသော ချုံများကိုတိုး၍လာသည့်ခြေသံကို ကြားရလေ၏။ ထိုအခါ ဦးဆန်းသည် ရဲရင့်၏ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်လိုက်သည်၊ ပြီးလျှင် ရဲရင့်၏နားအနီးသို့ ပါးစပ်ဖြင့်တေ့ကာ ...

"ရဲရင့် သားကောင် ရောက်နေပြီကွ"

ဟု လေသံလေးဖြင့် တိုးတိုးလေး ပြောလိုက်၏။ ထို့နောက် ဦးဆန်းက ရဲရင့်လက်ထဲမှ လေးနှင့်မြားတံများကို ဆွဲယူလိုက်ကာ သူ၏ရိုင်ဖယ်သေနတ်ကြီးကို ရဲရင့်အား ပေးလိုက်၏။

"သားကောင်က ချောင်းစပ်မှာ ရေသောက်နေတယ် တွေ့လား"

"အင်း ... တွေ့တယ် အဖေ"

လေသံလေးနှင့် တိုးတိုးလေး ပြောနေကြခြင်းပင်ဖြစ်၏။ ထို့နောက် သူတို့နှစ်ယောက် ချုံကွယ်တွင်နေရာယူပြီး ပစ်မှတ်ကိုစူးစိုက်ကြည့်လိုက်၏။

"ရဲရင့် သားကောင်ကို မင်းကိုယ်တိုင် ပစ်ရမယ်"

"ဟာ ... အဖေရယ်၊ ကျွန်တော်မှ သေနတ် မပစ်တတ်တဲ့ဟာကို"

"မပစ်တတ်ရင် ပစ်တတ်အောင် ငါ သင်ပေးမှာပေါ့၊ ငါပြောတဲ့အတိုင်းလုပ်၊ ကြားလား"

"အင်း"

ဆိုပြီး သူ ကြောက်ကြောက်နှင့် ခေါင်းညိတ်ပြလိုက်ပါသည်။ သူ့အနေဖြင့် သေနတ်တစ်ခါမှ မပစ်ဖူးတာမို့ ရင်ခုန်စိတ်လှုပ်ရှားနေလေရဲ့။ ထို့နောက် ဦးဆန်း၏ပါးစပ်က ရဲရင့်၏နားအနီးသို့ ပြန်လည်တိုးကပ်လာပြီး ...

"ရဲရင့် ... မင်းရဲ့ဘယ်ဘက်လက်နဲ့ သေနတ်ပြောင်းအောက်ကနေ ပင့်တင်ထိန်းထား၊ မောင်းကွင်းထဲကို ညာဘက်လက်ညှိုး ထည့်ထားလိုက်၊ မောင်းအပေါ်မှာ အပေါ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်မျက်လုံးကို ပိတ်ပြီးတော့ ညာဘက်မျက်လုံးနဲ့အဲဒီ အဆေါက်လေးကိုကြည့်လိုက်၊ ရှေ့ကသေနတ်ပြောင်းထိပ်မှာ ချိန် သီးကလေးရှိတယ်၊ ချိန်ပေါက်ရယ်၊ ချိန်သီးရယ်၊ ပစ်မယ့်သား ကောင်ရယ်၊ သုံးခုတန်းသွားပြီ ဆိုတာနဲ့ လေကိုရှူသွင်းလိုက် ပြီး ဖြည်းဖြည်းချင်းပြန်ထုတ်၊ ရှူထားတဲ့လေ သုံးပုံနှစ်ပုံလောက် ထွက်သွားချိန်မှာပဲ မောင်းခလုတ်ကို နှိပ်ချလိုက်၊ ကဲ ... ငါ ပြောတဲ့အတိုင်း လုပ်ထည့်လိုက်တော့”

ဟုဆိုသဖြင့် ရဲရင့်လည်း ဦးဆန်း ပြောသည့်အတိုင်း အပီအပြင် လုပ်ချလိုက်လေတော့သည်။

“ဒိုင်း”

မြည်သံအကျယ်ကြီး ထွက်ပေါ်လာပြီးနောက် ချောင်းစပ် တွင် ရေသောက်နေသော ဆတ်ကြီးသည် အောက်သို့ပုံလျက်လဲကျ သွားလေတော့၏။

“ဟား ... ဒါမှ ငါ့သား ရဲရင့်ကွ”

ထိုသို့ ချီးကျူးစကားကို အားပါးတရ ပြောဆိုပြီးနောက် သူတို့နှစ်ယောက် ချောင်းစပ်ဆီသို့ ပျော်ရွှင်စွာဖြင့် လျှောက်လှမ်းလာ၏။ ဆတ်ကြီးအနီးသို့ ရောက်သောအခါ ဆတ်ကြီးသည် မသေသေးဘဲရှိ ကြောင်းကို တွေ့ရလေ၏။

“ရဲရင့် ဆတ်ကြီးက မသေသေးဘူးကွ၊ ဒီတော့ မင်း သူ့ကိုစိဝိန် ချုပ်ပေးလိုက်၊ ရော့”

ဆိုပြီး ဦးဆန်းက သူ့ကို ဓားမြှောင်လေး ကမ်းပေးလိုက် ၏။ သူ ခါးခါးသီးသီး ငြင်းဆန်မိပါသည်။

“ဟာ ... ကျွန်တော် သူတစ်ပါးအသက်ကို မသတ်ရဲဘူးဗျ”

သူ၏စကားကြောင့် ဦးဆန်း ကျယ်လောင်စွာ ရယ်မိသွား လေသည်။

“ဟား ... ဟား၊ မင်းက သေနတ်နဲ့ပစ်တုန်းကပစ်ပြီး အသေ မသတ်ရဲဘူးဆိုတော့ တော်တော်ရယ်ရတာပဲ၊ ဒီမှာ ရဲရင့်၊ တိရစ္ဆာန်ဆိုတာ လူ့ရှုတ်ပေးမှ ကျွတ်တာကွ”





“အဖေရယ်၊ သူတစ်ပါးအသက်ကိုသတ်ရင် ကျွန်တော် ငရဲကြီး မှာပေါ့”

“ဒါနဲ့ နေစမ်းပါဦး၊ မင်းက ငရဲပြည်ကို မြင်ဖူးလို့လား”

“ဟင့်အင်း ... မမြင်ဖူးဘူး”

“အေး ... မမြင်ဘူးရင် ငရဲပြည်ရှိတာကို မယုံနဲ့၊ မျက်စိနဲ့မမြင် ရရင် မရှိဘူးလို့သာ မှတ်လိုက်”

ဆယ်ကျော်သက်အရွယ်လေးမို့ ဖခင်ပြောသမျှကို သူယုံ ကြည်သွားလေသည်။ ငရဲဆိုတဲ့အရာကိုလည်း တကယ်မရှိဟု သူထင် မှတ်လိုက်၏။ ထို့ကြောင့် သူ ငရဲကိုမကြောက်တော့ပေ။ ငရဲကိုမ ကြောက်မှတော့ သတ်ရမှာကိုလည်း မကြောက်တော့ပါတကား။

ထိုအခါ သူသည် ဖခင်၏လက်ထဲမှ ဓားမြှောင်ကိုဆွဲယူ၍ ဆတ်ကြီးအနားသို့ ရဲဝံ့စွာ လျှောက်လှမ်းလာလေ၏။ ထို့နောက် သူ သည် သေလုမြောပါးဖြစ်နေသော ဆတ်ကြီး၏လည်မျိုကို ဓားဖြင့်ကြမ်း တမ်းစွာ ထိုးဖောက်ပစ်လိုက်ပါတော့သည်။

ထိုနေ့မှစ၍ သူသည် နတ္ထိကဝါဒသမား ဖြစ်သွားချေပြီ တကား။

❀✦❀

www.burmeseclassic.com



"သတ္တိ ... မင်း ဘာလုပ်မလို့လဲ"

သူ လေးခွနိုင်ထားတာကို တွေ့လိုက်ရသဖြင့် ကပ္ပိယကြီး ပျာပျာသလဲ မေးလိုက်ခြင်းပင် ဖြစ်၏။

"ရွာအပြင်သွားပြီး ငှက်ပစ်မလို့ အဘ"

"ဘာ ... မင်းက သူတစ်ပါးအသက်ကို သတ်မလို့၊ ဟုတ်လား"

"ဟုတ်တယ် အဘ၊ ရဲရင့်က ဆတ်ကြီးကို သူကိုယ်တိုင်သတ်ဖြတ်လာကြောင်း ကျွန်တော့်ကို ကြွားပြောနေတယ်၊ သူသတ်ခဲ့တာက အသက်တစ်ချောင်းတည်းပါ၊ ဒီတော့ ကျွန်တော်က ငှက်ဆယ်ကောင်ကိုသတ်ပြီး သူ့ကို ပြန်ကြွားမလို့ဗျ"

"ဟေ ... လူလေး မှားနေပြီ၊ သူတစ်ပါးအသက်ကို သတ်တာ ကြွားစရာ မဟုတ်ဘူးကွ၊ မင်း ငရဲကြီးမှာ မကြောက်ဘူးလား"

"ဒါနဲ့ အဘ၊ ငရဲဆိုတာ တကယ်ကော ရှိလို့လား"

"ရှိတာပေါ့၊ မရှိဘဲနဲ့ ဘုရားက ရှိပါတယ်လို့ ညာမပြောဘူး၊ တကယ်ရှိလို့ ရှိတယ် ပြောခဲ့တာ၊ အခု လူလေးရဲ့ခန္ဓာကိုယ် အရေပြားပေါ်မှာ ပိုးမွှားပေါင်း သန်းပေါင်းများစွာရှိတာကို လူလေး ယုံလား"

"ယုံတာပေါ့ အဘရယ်၊ အရေပြားပေါ်မှာ ပိုးမွှားတွေရှိလို့ ထမင်းမစားမီ လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးကြောရတာပေါ့"



"အေး ... အဲဒီပိုးမွှားတွေကို မျက်စိနဲ့ ဒီအတိုင်းကြည့်ရင်မမြင်ရဘူး၊ မိုက်ခရိုစကုပ်တို့၊ တယ်လီစကုပ်တို့နဲ့ကြည့်မှ မြင်ရတာကွ၊ ဒီလိုပဲပေါ့၊ ငရဲဆိုတဲ့အရာကိုလည်း ဒီအတိုင်းကြည့်ရင် မမြင်ရဘူး၊ ဉာဏ်အဘိညာဉ်နဲ့ကြည့်မှ မြင်ရတာ"

"ဒါဆိုရင် ငရဲဆိုတာ တကယ်ရှိတာပေါ့နော်"

"ဒါပေါ့ကွယ်၊ သူတစ်ပါးအသက်ကိုသတ်ရင် ကိုယ်သေသောအခါ ငရဲရောက်မယ်၊ ငရဲမှလွတ်ပြီး လူပြန်ဖြစ်ရင်လည်း ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း အသားအရေမည်းပြာခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အမြဲကြောက်လန့်နေရခြင်း၊ သူတစ်ပါးသတ်တာကို ခံရခြင်း၊ အနာရောဂါပေါများခြင်း၊ အသက်တိုခြင်းဆိုတဲ့ ဆိုးကျိုးတွေကို ခံစားရလိမ့်မယ်၊ မွေးမွေးချင်းသေသွားကြတဲ့လူတွေကို လူလေး မြင်ဖူးတယ်မှလား"

"ဟုတ်ကဲ့၊ မြင်ဖူးပါတယ် အဘ"

"အဲဒါ အတိတ်ဘဝတုန်းက ပါဏာတိပါတကံကို ကျူးလွန်ခဲ့လို့ပေါ့၊ သူတစ်ပါးအသက်ကို သတ်ဖြတ်တာ ကြွားစရာ၊ ဂုဏ်ယူစရာ မဟုတ်ဘူး၊ ကြောက်စရာကွယ့်"

ဦးထော်နီ၏စကားကြောင့် သူ လေးခွကို အောက်သို့လွှတ်ချသွားလေသည်။

"ဘာလဲ လူလေး၊ မင်း ငရဲကြီးမှာ ကြောက်သွားပြီလား"

"ဟုတ်ကဲ့ အဘ"

"အေး ... မင်း ငရဲကြီးမှာကြောက်ရင် ငါးပါးသီလကို စောင့်ထိန်းရမယ်"

သူ ချက်ချင်း ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော် ငါးပါးသီလကို စောင့်ထိန်းပါ့မယ်၊ ဒါနဲ့ အဘ ကျွန်တော့်ကို သတ္တိရှိအောင် သင်ပေးမယ်ဆို"

"သင်ပေးမှာပေါ့၊ သတ္တိဆိုတာ နှစ်မျိုးနှစ်စားရှိတယ်၊ ဉာဏ်ပါ သတ္တိနှင့် ပညာဗလာသတ္တိ၊ အဘက လူလေးကို ဉာဏ်ပါသတ္တိရှင်ဖြစ်အောင် သင်ပေးမှာ၊ လာ ... လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဦးထော်နီက သူ့ကို ဘုန်းကြီးကျောင်းဝင်းထဲသို့ ပြန်ခေါ်သွားလေတော့သည်။ သတ္တိနှစ်မျိုးအကြောင်းကို ဖတ်သွားနှင့်အတူ မော်ပြပေးသွားပါမည်။ (အလျဉ်းသင့်သလို)။

ဝညာပါသတ္တိနှင့် ပညာဗလာသတ္တိ။

သတ္တိရှင်တော့်ဇွာနှင့် ရဲရင့်ဗိုလ်။

အမည်နှစ်မျိုးစလုံးသည် တော်တော်ကြီးကို ရဲရင့်ပါ၏။ သို့သော် သူတို့နှစ်ယောက်၏ ရဲရင့်ပုံသည် လုံးဝကို ကွဲပြားခြားနားပေလိမ့်မည်။

တပည့်မကောင်းတော့ ဆရာ့ခေါင်း။ ဆရာကောင်းမှတပည့်ကောင်းမည်။ သတ္တိသည် ဆရာကောင်းကြောင့် ...။

သားသမီးမကောင်းတော့ မိဘခေါင်း၊ မိဘကောင်းမှ သားသမီးကောင်းမည်။ ရဲရင့်သည် မကောင်းသော်မိဘကြောင့် ...။

❀ ◆ ❀



## အခန်း (၅)

တောလမ်းထဲတွင် အသက်(၅၀)အရွယ်ခန့်ရှိသော လူကြီးတစ်ယောက်နှင့် အသက်ဆယ်အရွယ်ခန့်ရှိသော မိန်းမပျိုတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာဖြင့် ဒရောသောပါး ပြေးနေလျက်ရှိသည်။

မိန်းမပျိုသည် လွန်စွာမှ နုညံ့ပြီး လူကြီးသည်လည်း အရွယ်ကျနေပြီ ဖြစ်သောကြောင့် ပြေးရန်စိတ်ရှိသော်လည်း သိပ်မပြေးနိုင်တော့ပေ။ ခြေထောက်များကို သံမဏိကြိုးကြီးများ ဆွဲထားသလို လေးလံလာသည်။

ရင်ဝသို့ အမောလုံးကြီး ဆို့တက်လာ၏။ ဆက်ပြေးဖို့မဖြစ်နိုင်တော့ပေ။ ဆက်ပြေးလျှင် အမောဆို့ပြီးမှ သေရပါတော့မည်။ မပြေးလျှင်လည်း ကျိန်းသေပေါက် ဒုက္ခရောက်မည်။

အို ... ဒုက္ခတော့ အရောက်မခံနိုင်၊ ဆက်ပြေးမည်ဟု တွေးကာ စိတ်အားတင်း၍ ပြေးနေဆဲမှာပင် လူကြီးသည် ခလုတ်တိုက်၍ မြေပြင်ပေါ်သို့ ပစ်စလက်ခတ် လဲကျသွားလေတော့သည်။ ထို့အခါ မိန်းမပျိုသည် ဆက်မပြေးတော့ဘဲ ...

"အဖေ ... အဖေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အကျယ်ကြီး အော်ခေါ်ကာ သူမ၏ဖခင်ဖြစ်သူ၏ ဆွဲထူပွေ့ဖက်ထားလိုက်၏။ လူကြီးကလည်း သူ၏လွယ်အိတ်ကြီးကို ရင်ခွင်ထဲ၌ ကျစ်နေအောင် ထွေးပိုက်ထားလိုက်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လွယ်အိတ်ထဲ၌ ငွေကြေးအမြောက်အမြား ပါလိမ့်မည်ဖြစ်ကြောင်းကို ခန့်မှန်းသိရှိနိုင်ပါသည်။

နောက်မှကပ်ပါလာသော မြင်းခွာသံများကို အတိုင်းသား ကြားနေရ၏။ မြင်းများသည် ဒုန်းစိုင်းပြေးလာခြင်း မဟုတ်ဘဲ တရွေ့ရွေ့ လျှောက်လာခြင်းပင်ဖြစ်၏။ အတိအကျ ရေတွက်ကြည့်မည်ဆိုလျှင် မြင်းကောင်ရေသည် စုစုပေါင်း(၅)ကောင် ဖြစ်ပါသည်။

မြင်း(၅)ကောင်တွင် လူ(၅)ယောက်ပါလေ၏။ လူကြီးနှင့် မိန်းမပျိုအနီးသို့ ရောက်သောအခါတွင် မြင်းများ၏ခြေလှမ်းများသည် Stop ဖြစ်သွားလေ၏။ မြေပြင်ပေါ်တွင် ဒူးထောက်ထိုင်နေကြသော လူကြီးနှင့် မိန်းမပျိုလေးကို မြင်းပေါ်မှ လူများသည် တဟားဟားတဟား ဟား ရယ်မောရင်း ကြည့်နေလေ၏။

ထိုလူများ၏ ရယ်သံနက်ကြီးကြောင့်ပင် လူကြီးနှင့် မိန်းမပျို၏ရင်ထဲတွင် သိမ့်ခနဲ၊ စိမ့်ခနဲ၊ ဖိန့်ခနဲ ဖြစ်သွားကာ အလွန်အမင်း တုန်လှုပ်ချောက်ချားသွားလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း လူ(၅)ယောက်သည် လွန်စွာမှ ဆိုးသွမ်း၊ ကြမ်းကြုတ်၊ ရက်စက်တတ်သော ဓားပြများ ဖြစ်သောကြောင့်ပင်တည်း။

"လူလေးတို့ရယ်၊ အဘတို့ကို ချမ်းသာခွင့်ပေးပါကွာ"

လူကြီးက ထိုသို့သနားကမားလေသံဖြင့် ပြောလိုက်တော့ ခေါင်းဆောင်ဖြစ်ပုံရသောလူက တဟားဟား ရယ်မောရင်း ...

"အဘိုးကြီး ... ခင်ဗျားတော်တော်ရူးတာပဲ၊ ခင်ဗျားကိုချမ်းသာ ခွင့်ပေးလိုက်ရင် ကျုပ်တို့ ဆင်းရဲမှာပေါ့၊ ဒီတော့ ခင်ဗျားလက် ထဲက လွယ်အိတ်ကို ကျုပ်ကို လာပေးစမ်း"

ဟူ၍ အမိန့်ပေးသောလေသံဖြင့် ဟိန်းဟောက်ပြောလိုက်၏။





"မလုပ်ပါနဲ့ လူလေးရယ်၊ ဒီငွေတွေက အဘ ဆယ်နှစ်တိတိ ပင်ပင်ပန်းပန်း အလုပ်လုပ်ရင်း စုဆောင်းထားတဲ့ ငွေတွေပါ၊ အဘတို့ကို သနား၊ ကြင်နာ၊ ဓာနာပေးပါကွယ်"

"ဒီမှာ အဘိုးကြီး၊ ကျုပ်ဆီမှာမရှိတာ သနားကြင်နာစိတ်ပဲ၊ ဓာနာစိတ်မရှိလို့ ဓားပြလုပ်နေတာ နားလည်လား"

အဘိုးကြီး တုန်တုန်ယင်ယင်ဖြင့် ခေါင်းညိတ်ပြလိုက်၏။ မိန်းမပျိုလေးကတော့ သူတို့ကို မကြည့်ရဲသဖြင့် ခေါင်းကလေးကို အောက်သို့ ငုံ့ထားရှာပါသည်။

"နားလည်ပါတယ်ကွယ်၊ ဒီလိုလုပ်လေ၊ လူလေးတို့ကို အဘ ငွေတစ်ဝက်တိတိ ခွဲပေးခဲ့မယ်၊ အဘတို့ကို လွှတ်ပေးပါနော်"

"ဟား ... အဘိုးကြီး၊ ခင်ဗျားက ကျုပ်ကို ဈေးသည်မှတ်လို့ ဈေးဆစ်နေတာလား၊ ဈေးဆစ်တိုင်း စဉ်းစားပေးရအောင် ကျုပ်က ဈေးသည်မဟုတ်ဘူး၊ ဒီတော့ ဈေးမဆစ်နဲ့၊ ကျုပ်ကစိတ် သိပ်ရှည်တာ မဟုတ်ဘူးနော်၊ တစ်ခွန်းတည်း မေးတော့မယ်၊ ခင်ဗျား ငွေတွေအားလုံးကို အေးအေးပေးမှာလား၊ မပေးဘူးလား"

ထိုသို့မေးရင်း သူ ခါးကြားထဲမှ ခြောက်လုံးပြူးသေနတ် လေးကို ဆွဲထုတ်လိုက်၏။ လူကြီးအနေဖြင့် (၁၀)နှစ်တိတိစုဆောင်း ထားသောငွေများကို တစ်ရက်တည်းနှင့် သူတစ်ပါးအား အလကားပေး လိုက်ရမည်ကို လွန်စွာမှ နှမြောနေမိပါသည်။

"လူလေးရယ် ... အကုန်မယူချင်ပါနဲ့၊ တစ်ဝက်ပဲယူပါကွယ်"

လူကြီး၏စကားကြောင့် စိတ်ရှည်ရှည်မထားတတ်သော သူသည် ဒေါသအကြီးအကျယ် ထွက်သွားကာ ...

"ဟာ ... အဘိုးကြီး၊ ခင်ဗျား တော်တော်လေကြောရှည်တာပဲ ကဲ ... လျှာရှည်ချင်ရင် သင်္ချိုင်းကုန်းမှာပဲ သွားရှည်တော့၊ ထဲ ဟာ"

"ဒိုင်း"

မြည်သံအကျယ်ကြီး ထွက်ပေါ်လာသဖြင့် သစ်ပင်ပေါ်တွင် နားနေသောငှက်များ လန့်ဖျပ်၍ တဖျပ်ဖျပ် ပျံသန်းသွားကြသလို



www.burmeseclassic.com

www.burmeseclassic.com



လူကြီး၏ ဝိညာဉ်လိပ်ပြာသည်လည်း အနိစ္စ၏ အခြားတစ်ဖက်သို့ တောင်ပံခတ်၍ ကူးခတ်ပျံသန်းသွားလေတော့သည်။

"အဖေ ... အဖေ"

ဟူ၍ အကျယ်ကြီး အော်ဟစ်ရင်း မိန်းမပျိုလေးက မြေပြင်ပေါ်သို့ ပုံလျက်လဲကျသွားသော သူမ၏ ဖခင်ကိုဖက်၍ ရှုံ့ပွဲချငိုချင်းချပစ်လိုက်၏။

ဓားပြ(၅)ယောက်ထဲတွင် ခေါင်းဆောင်ဖြစ်ပုံရသော သေနတ်ကိုင်ထားသည့်လူသည် မြင်းပေါ်မှ ဆွေ့ခနဲ ခုန်ဆင်းလာပြီးနောက် မိန်းမပျိုဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာ၏။

အနီးနားသို့ ရောက်သောအခါတွင် သူသည် လူကြီး၏ ရင်ခွင်ကြားထဲမှ လွယ်အိတ်ကြီးကို ဆွဲယူလိုက်ကာ မိန်းမပျိုလေးကိုလည်း တဏှာစိတ်လွှမ်းကဲ့စွာဖြင့် သိမ်းကျုံးပွေ့ဖက်ပစ်လိုက်၏။

"ရှင် ကျွန်မကို ဘာလုပ်မလို့လဲ၊ လွှတ်နော် ... လွှတ် ... လွှတ်"

မိန်းမပျိုလေးခမျာ အားအကုန်သုံးပြီး အတင်းရုန်းနေသော်လည်း သူ၏ ရင်ခွင်ကြားထဲတွင် အချည်းနှီးသာ ဖြစ်နေလေ၏။ သူကတော့ အားနွဲ့သောမိန်းမသားကို သိမ်းကျုံးပွေ့ဖက်ရင်း သဘောကျစွာဖြင့် တဝါးဝါး တဟားဟား ရယ်မောနေ၏။

ထိုအချိန် မြင်းဖြူတစ်ကောင်သည် ထိုနေရာသို့ ဒုန်းစိုင်းပြေးလာလေ၏။ မြင်းဖြူပေါ်တွင် သက္ကလတ်ဦးထုပ်ဆောင်းထားသည့် အသက်(၂၈)နှစ်အရွယ်ခန့်ရှိသော လူရွယ်တစ်ယောက်ပါလေ၏။ ထိုလူရွယ်၏ မျက်နှာပေါ်တွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ခပ်ရေးရေးလေး ပေါက်နေကာ လွန်စွာမှ ယောကျာ်းပီသ၍ ခန့်ချောသောရုပ်သွင်မျိုးဖြစ်၏။

"ဟိတ်ကောင် ... ကျားကြီး"

မြင်းဖြူပေါ်မှ လူရွယ်သည် ထိုသို့ မာန်ဟုန်ပြင်းသော လေသံဖြင့် ဟိန်းဟောက်အော်ဟစ်လိုက်သောကြောင့် မိန်းမပျိုလေးကို ပွေ့ဖက်ထားသော ကျားကြီးသည် လွန်စွာမှ တုန်လှုပ်ချောက်ချားသွားလေတော့သည်။





"ကျားကြီး ... မင်း ငါ့ကို မထီလေးစားလုပ်နေတာလား"

"မဟုတ် ... မဟုတ်ပါဘူး ဆရာ"

ကျားကြီးသည် စကားကို ပြေပြစ်အောင်ပင် မပြောနိုင်ရှာသ။ ကြောက်ရွံ့မှုကြောင့် အထစ်ထစ် အငေါ့ငေါ့ဖြစ်နေပြီး မိန်းမပျိုကိုလည်း လက်နှစ်ဖက်က သူ့အလိုလို လွှတ်ပေးမိလေသည်။

မိန်းမပျိုလေးကလည်း ထိုလူရွယ်ကို ကယ်တင်ရှင်အလား အားကိုးတကြီး ကြည့်နေမိသည်။ ထို့နောက် လူရွယ်သည် မြင်းပေါ်မှ ဆွေ့ခနဲ ခုန်ဆင်းလာပြီး ကျားကြီး၏ မျက်ခွက်ကို လက်သီးဖြင့်တည့်တည့် ထိုးပစ်လိုက်၏။

နှာခေါင်းထဲမှ သွေးများလျှံထွက်လာသော်လည်း ကျားကြီးသည် ထိုလူရွယ်ကို လုံးဝပြန်မလုပ်ဝံ့ပေ။ အနီးတွင်ရှိသော မြင်း(၄)ကောင်ပေါ်မှ လူ(၄)ယောက်လည်း ဘာမျှဝင်မလုပ်ရဲသည့်အပြင် ကျားကြီးအထိုးခံရတာကို အတိုင်းသား ကြည့်နေရှာ၏။

"ကျားကြီး ... မင်းကို ဘယ်သူက ဓားပြတိုက်ခိုင်းလို့ မင်းထွက်တိုက်တာလဲ"

ကျားကြီး သူမေးတာကို ပြန်မဖြေနိုင်ဘဲ နှုတ်ဆိတ်နေ၏။ ထိုအခါ သူသည် လွန်စွာမှ ဒေါသထွက်သွားပြီး ...

"ဟာကွာ"

ဟူ၍ အော်ဟစ်ရင်း ကျားကြီးကို ခြေထောက်ဖြင့်ဆောင့်ကန်ပစ်လိုက်သည်။ ထို့ကြောင့် ကျားကြီးသည် မြေပြင်ပေါ်သို့နောက်ပြန်လဲကျသွားလေ၏။ ထို့နောက် သူသည် ကျားကြီးဆီးတွင်ကျလျက်ရှိသော လွယ်အိတ်ကြီးကို ကောက်ယူရင်း ...

"ဟိတ်ကောင် ... မသာကို တွင်းတူးပြီး မြေကြီးထဲမြှုပ်ခဲ့"

ဟု အမိန့်ပေးသည့်လေသံဖြင့် ပြောဆိုလိုက်၏။ ပြီးလျှင်သူသည် မိန်းမပျိုလေး၏ လက်ကိုဆွဲကာ မြင်းဖြူဆီသို့ ခေါ်ဆောင်သွားလေ၏။

"ကယ်တင်ရှင်နှင့်တွေ့လို့ တော်သေးတာပေါ့" ဟု မိန်းမပျိုလေး စိတ်ထဲကနေ ရေရွတ်မိပါသည်။

www.burmeseclassic.com



သူမသည် သူ့ကို ကျေးဇူးတင်သည့်အလား ပြုံးရွှင်စွာဖြင့် ကြည့်နေလေ၏။ ထို့နောက် သူသည် သူမကို ပွေ့ချီ၍ မြင်းပေါ်သို့ တင်ပေးလိုက်၏။ ပြီးလျှင် သူသည်လည်း မြင်းပေါ်သို့ ဆွေ့ခနဲ ခုန်တက်လိုက်လေ၏။ သူ၏ လက်ဖြင့် မြင်းဖက်ကြိုးကိုဆွဲလိုက်သောအခါ တွင် မြင်းဖြူလေးသည် တာဝန်ဝတ္တရားအတိုင်း ထိုနေရာမှ ဒုန်းစိုင်း ပြေးထွက်သွားပါလေတော့သည်။

အတန်ကြာတော့ သူနှင့် သူမ ဗိုလ်တဲဆောက်လုပ်ထားသောနေရာသို့ ရောက်လာကြ၏။ မြင်းပေါ်မှ ဆင်းပြီးနောက် သူသည် မြင်းကို သစ်ပင်အနီးတွင် ကြိုးဖြင့်ချိတ်၍ ချည်ထားလိုက်၏။ ဗိုလ်တဲကို တောနက်ထဲတွင် ဆောက်လုပ်ထားခြင်း ဖြစ်သောကြောင့် သူမသည် သူ့ကို မုဆိုးတစ်ယောက်ဟု ထင်သွားလေသည်။ ထို့နောက် သူသည် သူမကို ဗိုလ်တဲအတွင်းသို့ ခေါ်ဆောင်လာ၏။

"အစ်ကို ... ရှင်က မုဆိုးလား"

"အင်း"

ဆိုပြီး သူသည် သက္ကလတ်ဦးထုပ်ကို ဆွဲချွတ်ရင်း ခေါင်းညိတ်ပြလိုက်၏။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ အစ်ကိုသာ မကယ်ရင် ကျွန်မရဲ့ဘဝက ဟိုဓားပြတွေရဲ့လက်ထဲမှာ စုတ်ပြတ်သပ်သွားမှာ ကျိန်းသေပေါက်ပဲ၊ အခုလို ကျွန်မရဲ့ဘဝကို ကယ်တင်ပေးတဲ့ အတွက် အစ်ကို့ကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်"

သူမက ထိုသို့ကျေးဇူးတင်စကားကို လှိုက်လှိုက်လှဲလှဲပြော ဆိုလိုက်သောအခါတွင် သူသည် သဘောကျစွာဖြင့် တဟားဟားရယ် မောပစ်လိုက်၏။ ထိုအခါ သူမသည် သူ့ကို မျက်လုံးကလေး ကလယ် ကလယ်ဖြင့် ကြည့်ရင်း ...

"အစ်ကို ... ဘာရယ်တာလဲ"

ဟု မေးလိုက်လေ၏။ သူသည် သူမမေးတာကို ပြန်မဖြေ ဘဲ သဘောကျစွာဖြင့် ဆက်လက်ရယ်မောနေ၏။

"အစ်ကိုက တော်တော်ပျော်တတ်မယ့်ပုံပဲနော်၊ လွတ်လပ်စွာရယ်မောတတ်တယ်၊ ရုပ်ပါက တည်ကြည်ဖြောင့်မတ်ပြီး စိတ်ဓာတ်ကလည်း အင်မတန်ရဲရင့်တယ်၊ အစ်ကို့နာမည် ဘယ်လိုခေါ်လဲ ဟင်"



သူမသည် သူ၏နာမည်ကို စိတ်ဝင်စားစွာဖြင့် မေးမိလေ၏။ ထိုအခါ သူသည် အပေါ်ကထပ်ဝတ်ထားသော ဖောင်းကုတ်ကြီးကို ဆွဲချွတ်ရင်း ...

"သိချင်ရင် ပြောပြမှာပေါ့၊ ငါက ဓားပြဗိုလ် ရဲရင့်ဗိုလ်"

ဟု ပြောလိုက်သောအခါတွင် သူမ၏ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်လှုပ်သွားကာ ဗိုလ်တဲအပြင်ဘက်သို့ ထွက်ပြေးရန်ဟန် ပြင်မိ၏။ သို့သော်ငြားလည်း သူသည် သူမ၏ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်ကာ ဝါးခြမ်းခင်းထားသော ကြမ်းပေါ်သို့ယိမ်း ယိုင်လှဲချလိုက်လေတော့သည်။

မှတ်ထား။ သူကမှ ဓားပြဗိုလ်စစ်စစ်။ ကျားကြီးနှင့်ဟို ဓားပြလေးယောက်သည် သူ၏တပည့်များဖြစ်ကြသည်။ ခုနက ကျားကြီး တို့သည် သူ၏ခွင့်ပြုချက်မရဘဲ ဓားပြထွက်တိုက်သဖြင့် သူ လွန်စွာမှ ဒေါ်ဆိုးဒေါသထွက်ပြီး ကျားကြီးကို တည်ထိုးပစ်လိုက်ခြင်းပင်ဖြစ်၏။

ငယ်စဉ်အခါက သူသည် ကျားကြီးကို သွားကျိုး၊ ခေါင်းကွဲ သွားအောင် ပြုလုပ်ခဲ့၏။ နောက်ပိုင်းတွင် ကျားကြီးသည် သူ့ကိုလုံးဝ ရန်မရှာရဲတော့သည့်အပြင် ဆရာတင်ရသည်အထိ ဖြစ်လာခဲ့သည်။ ယခု အသက်(၂၈)နှစ်အရွယ်တွင်မူ ကျားကြီးသည် သူ၏တပည့်စစ်စစ် ဖြစ်ခဲ့လေပြီ။

အတန်ကြာတော့ သူသည် အဝတ်အစားများကို ပြန်လည် ဝတ်ဆင်လိုက်၏။ မိန်းကလေးကတော့ မျက်နှာကို လက်ဖဝါးနှစ်ဖက် ဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးနေလေရဲ့။

"ဟဲ့ ... ဘာလို့ ငိုနေတာလဲ၊ တိတ်စမ်း"

အနိုင်ကျင့်ခံရသော မိန်းကလေးတစ်ယောက်အနေဖြင့် ဘယ်လိုလုပ်ပြီး အငိုတိတ်တော့မည်နည်း။ ခင်သည် ရှက်ကြောက် သက်ချက်ကြောင့် အသက်ဆုံးရှုံးသွားပြီ ဖြစ်သလို၊ သူမ၏ အချို့ငင်

www.burmeseclassic.com

ဘဝသည်လည်း သူ၏ကာမေသုမိစ္ဆာစာရကံကြောင့် ဆုံးရှုံးပျက်စီးသွား ချေပြီတကား။ ယခုအချိန်တွင် သူမသည် ငိုရုံမှတစ်ပါး တခြားဘာမှ မလုပ်တတ်တော့ပေ။ ထို့ကြောင့် ဝမ်းနည်းတကြီး ရှိုက်ငင်ငိုကြွေးနေ၏။

"ဟာ ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ မငိုနဲ့လို့ ပြောနေတာ မကြားဘူးလား"

နားပူဒဏ်ကို မခံနိုင်သဖြင့် သူ လေသံမာမာဖြင့် ဟိန်း ဟောက်ပြောဆိုလိုက်၏။ သို့သော် သူမသည် ငိုကြွေးမှုကို ရပ်တန့်မပစ် ဘဲ ငိုမြဲငို၍သာနေလေ၏။ ထိုအခါ သူသည် လွန်စွာမှ စိတ်တိုဒေါသ ထွက်လာပြီး လောင်းကုတ်အတွင်းမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်ကာ—

"ဒီမှာ မိန်းကလေး၊ ကျုပ် မင်းကို ပါးစပ်နဲ့မပြောတော့ဘူး သေနတ်နဲ့ပဲ ပြောတော့မယ်၊ ငိုချင်ရင် နောက်ဘဝကျမှ ဆက် ငိုတော့၊ ကဲဟာ"

ဆိုပြီး ကျည်ဆန်တစ်တောင့်ကို သူမ၏ နားထင်ကြောထဲ သို့ ပစ်သွင်းလိုက်လေတော့သည်။ သွေးများဒလဟောစီးကျလာမှုနှင့် အတူ သူမသည် နောက်ပြန်ခွေခွေလေး လဲကျသွား၏။ ထိုအချိန်မှာပင် ကျားကြီး၊ ပေသီး၊ အောင်တိုး၊ ဘောက်နှင့် ချက်ဟူသော သူ၏တပည့် ကျော်ငါးယောက်သည် တဲအတွင်းသို့ ရောက်လာကြလေ၏။

"ဟား ... ဆရာ၊ မိန်းကလေးကို ဘာဖြစ်လို့ အပြတ်ရှင်းပစ် လိုက်တာလဲ"

"နားငြီးလို့ကွာ၊ ငိုသံတွေကို မကြားချင်ဘူး၊ ဒါကြောင့်အပြတ် ရှင်းပစ်လိုက်တာ၊ ကျားကြီး ... မင်း ဒီမိန်းကလေးရဲ့အလောင်း ကို ဓာတ်ဆီလောင်းပြီး မီးရှို့ပြာချပစ်လိုက်၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

ဆိုပြီး ကျားကြီးသည် လျင်မြန်စွာ ဆတ်ခနဲ ခေါင်းညိတ် ပြလိုက်၏။ ထို့နောက် ရဲရင့်သည် လွယ်အိတ်ထဲမှ ငွေများကိုထုတ်ယူ ၍ ရှစ်ပုံ့ပုံလိုက်၏။

"ကဲ ... ဒီသုံးပုံကို ငါယူမယ်၊ ကျန်တဲ့ငါးပုံကို မင်းတို့ငါး ယောက် တစ်ပုံစီခွဲယူကြ၊ ကျေနပ်လား"





"ဟုတ်ကဲ့ ဆရာ"

ဆိုပြီး ငါးယောက်သား ပြိုင်တူဖြေဆိုလိုက်၏။ ခွဲတမ်း သည် မမျှတသော်လည်း တစ်ယောက်မှ စောဒကမတက်ရဲကြချေ။ သူ ပေးသလောက်သာ ယူကြရ၏။ အဖွဲ့က စုစုပေါင်းခြောက်ယောက် ဖြစ်၏။ ရဲရင့်၊ အောင်တိုး၊ ကျားကြီးနှင့် ပေသီးသည် တစ်ပင်တိုင် ရွာသားများဖြစ်ကြပြီး ဘောက်နှင့် ချက်သည် လောင်ကျိုရွာသားများ ဖြစ်ကြသည်။

တပင်တိုင်ရွာနှင့် လောင်ကျိုရွာသည် သုံးမိုင်ခန့်ဝေးသေ သည်။ တစ်ရွာမှ တစ်ရွာသို့ ကူးသန်းသွားလာရာ တောလမ်းကိုသာ အသုံးပြုရ၏။ ထို့ကြောင့် တောလမ်းထဲ ဖြတ်သန်းလာသူ အချို့သည် သူတို့အဖွဲ့၏ အကြမ်းဖက် လုယူတိုက်ခိုက်ခြင်းကို ခံကြရသည်။

ကံကောင်းလျှင်လွတ်မည်၊ ကံဆိုးလျှင်သေမည်။ သူတို့ အဖွဲ့နှင့် မဆုံတွေ့လျှင် ကံကောင်းမည်။ ဆုံတွေ့ပါက ကံဆိုးမည်။ သေမည်။ ရဲရင့်သည် မည်သူ့ကိုမှ အရှင်ပြန်လွှတ်ပေးလေ့ မရှိချေ။ အကြမ်းဖက်လုယူပြီးသည်နှင့် အသေသတ်ပစ်လေ့ရှိ၏။ မိန်းကလေး ဆိုလျှင် ခြေတစ်ခါဆေးပြီးမှ သတ်ပစ်လေ့ရှိ၏။

မှန်ပေစွ။ သူသည် အဲဒီလောက်ထိအောင် ရက်စက်ကြမ်း ကြုတ်၊ ယုတ်မာပက်စက်တတ်သော ဓားပြအကြီးစား၊ အယုတ်တမာ အကြီးစားကြီး ဖြစ်နေချေပြီတကား။ နတ္ထိက ဝါဒသမားဆိုတော့ ဒီ လောက်တော့ ရှိမှာပေါ့လေ။

နတ္ထိက ဝါဒဟူသည် ဘာကိုမှ မယုံကြည်သောဝါဒ။ ကံ ဘုံရှိတာကိုလည်းမယုံ၊ ပြိတ္တာဘုံရှိတာကိုလည်း မယုံ၊ ငရဲဘုံရှိတာ ကိုလည်း မယုံကြည်သောဝါဒဖြစ်၏။ ရဲရင့်သည် ငရဲဘုံရှိတာကို မယုံကြည်သောကြောင့် ငရဲကျမှာ မကြောက်တော့ပေ။

အကြောက်တရား မရှိတော့ လုပ်ချင်ရာ စွတ်လုပ်သည် ဆိုသာတစ်ပါးတောင် မစောင့်ထိန်းပေ။ သူတို့အဖွဲ့သည် တစ်လလျှင် (၁၀)ရက်ခန့် တောထဲတွင် ကျက်စားပြီး ငွေများရသောအခါ မိမိရွာ သို့ပြန်လေ့ရှိကြ၏။

www.burmeseclassic.com



"ဟိတ်ကောင်တွေ၊ မင်းတို့ ဒီမိန်းကလေးရဲ့အလောင်းကို သေချာ လက်စဖျောက်ဝစ်နော်"

"စိတ်ချ ဆရာ၊ ပြာတောင်မကျန်စေရဘူး"

"Ok ! ဒါဆိုရင် ငါ ဒိုးတော့မယ်၊ နောက်လ(၁၅)ရက်နေ့ကျမှ စခန်းမှာ လူပြန်စုကြမယ်"

ထိုသို့ပြောဆိုပြီးနောက် သူသည် မြင်းဖြူပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ထို့နောက်တွင်တော့ မြင်းဖြူကလေးသည် ထိုနေရာမှ ဒုန်းစိုင်းပြေးထွက်သွားပါလေတော့သည်။

❀ ✦ ❀





ကျောင်းဆင်းပြီဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကျောင်းဝင်းထဲမှ အလျှိုလျှိုထွက်လာကြ၏။ သတ္တိက တိုက်ပုံအင်္ကျီကိုချွတ်၍ ပခုံးပေါ်တွင်တင်ပြီး သပ်ရပ်စွာဖြင့် ကျောင်းဝင်းထဲမှ ထွက်လာလေ၏။

သူ၏နံဘေးတွင် ပေရယ်ဒန္တီ ဟူသော ဆရာမချောချောလေးလည်းပါလေ၏။ သူမသည် အပြာရောင်ဆွဲခြင်းလေးကို ကိုင်ဆွဲထားကာ ဆင်မယဉ်သာ ခြေလှမ်းများဖြင့် ဣန္ဒြေရစွာလျှောက်လှမ်းလျက်ရှိသည်။

"ဒန္တီ ... နင် ကလေးတွေကို စာသင်ပေးရတာ ပျော်လား"

လမ်းလျှောက်နေရင်း သူက ထိုသို့မေးလိုက်တော့ သူမက ပြုံးပြုံးလေးဖြင့် ခေါင်းကလေးညိတ်ပြလိုက်ကာ ...

"ပျော်တာပေါ့ သတ္တိရယ်၊ စာသင်ပေးတယ်ဆိုတာ ပညာလှူဒါန်းနေတာနဲ့ အတူတူပဲ၊ အလှူတကာ အလှူတွေထဲမှာ ပညာအလှူက အမွန်မြတ်ဆုံးပေါ့၊ ဒီတော့ စာသင်တဲ့အလုပ်က ကုသိုလ်ရတဲ့အလုပ်၊ ကုသိုလ်ကောင်းမှုရဲ့အရသာက ပီတိ။ ဒါကြောင့်မို့ ငါ ကျောင်းဆရာမအလုပ်ကို ရွေးချယ်ခဲ့တာပေါ့။ အခုလက်ကတော့ ပီတိကို စားသုံးချင်လို့ပဲ၊ ဒါနဲ့ နင်ကော ကျောင်းဆရာလုပ်ရတာ ပျော်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပျော်ပါတယ်။ ဒီအလုပ်က ငွေသိပ်မရပေမယ့် ကုသိုလ်တွေ အများကြီးရတယ်ဟ၊ ဒါကြောင့်မို့ ငါကျောင်းဆရာဖြစ်ခွင့်ရတာကို ကျေနပ်တယ်"

ဟူ၍ သူသည် ရွှင်ပျသော မျက်နှာလေးနှင့်အတူ ပြော လိုက်လေ၏။ ဤတပင်တိုင်ကျေးရွာတွင် အထက်တန်းကျောင်းမရှိ အခြေခံပညာမူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းသာရှိ၏။ သူနှင့် သူမသည် အလယ်တန်းပြ ဆရာ,ဆရာမဖြစ်ကြ၏။ နှစ်ဦးစလုံး အသက်(၂၇)နှစ်ခန့် ရှိနေပါပြီ။

ယခု သူနှင့် သူမသည် ရွာ၏ဖုန်ထူထူလမ်းကျဉ်းလေး အတိုင်း စကားလေးတပြောပြောနှင့် လျှောက်လှမ်းလာကြစဉ် ထန် တောထဲမှ ပြန်လာသော ငမူးနှစ်ယောက်နှင့် ပက်ပင်းတိုးမိလေ၏။ ထိုငမူးနှစ်ယောက်သည် သူနှင့်သူမ၏အရှေ့တည့်တည့်တွင် ပိတ် ရပ်တန့်လိုက်တာမို့ သူနှင့်သူမ၏ ခြေလှမ်းများ တုံ့ခနဲ Stop ဖြ သွားလေသည်။

"ဆရာမလေး ဒ္ဒ္ဒီ ... နတ်မိမယ်လေး ဥမ္မာဒ္ဒ္ဒီထက် ပိုချောတဲ့ ဧပရယ်ဒ္ဒ္ဒီလေး၊ ပြန်လာပြီလားကွ"

လင်းအောင် ဟူသောလူက ထိုသို့ မူးယစ်မှုရောယှက်နေ သော လေသံဖြင့် နှုတ်ဆက်စကား ပြောဆိုလိုက်ပေမယ့် ဒ္ဒ္ဒီကစကား တစ်ခွန်းမှ ပြန်မပြောဘဲ နှုတ်ပိတ်၊ နှာခေါင်းပိတ်ထားလေ၏။ ငမူး နှစ်ယောက်၏ ခန္ဓာကိုယ်မှ ချဉ်စုတ်စုတ်အနံ့များ ထွက်နေသောကြောင့် ပင်တည်း။

"ဒ္ဒ္ဒီလေး ... ကျုပ်ကို စကားပြန်ပြောဦးလေကွာ"

"အို ... ရှုပ်ရှုပ်ယှက်ယှက် ရှင်တို့လို အမူးသမားတွေနဲ့စကား မပြောချင်ပါဘူး၊ တိုယ့်လမ်းကိုယ် လျှောက်ကြစမ်းပါ"

သူမသည် လင်းအောင်ကို ထိုသို့လေသံမာမာဖြင့် ပြောပြီး ပြီးနောက် သတ္တိ၏ဘက်သို့ မျက်နှာလွှဲလိုက်ကာ အပြစ်ဖွဲ့စကားပြော ဆိုလိုက်၏။

"သတ္တိ ... နင်ဘာလုပ်နေတာလဲ၊ အမူးသမားတွေ၊ ငါ့ကိုနှောင့်ယှက် နေတာကို နင် ဒီအတိုင်း ရပ်ကြည့်နေရသလား"





"ဟဲ့ ... ငါက ရပ်မကြည့်လို့ ထိုင်ကြည့်ရမှာလား"

"ဟင် ... သတ္တိ၊ နင်က တော်တော်အလိုက်ကန်းဆိုး မသိတဲ့ ကောင်ပဲ၊ အခုချိန်မှာ နင်က Hero လုပ်ပေးရမှာ၊ ဒါတောင်နား မလည်ဘူးလား၊ ဒီအမူးသမားနှစ်ယောက်ကို နင် အခုချက်ချင်း မောင်းထုတ်ပေး"

သူသည် သူမ၏အမိန့်တော်ကို နာခံရန် အသင့်ဖြစ်၏။ သော်ငြားလည်း သူသည် မည်သူနှင့်မှ ရန်ဖြစ်ချင်စိတ် မရှိချေ။ ကြောင့် သူသည် ငမူးနှစ်ယောက်ကို ပြေပြေလည်လည် ပြောဆို လိုက်လေသည်။

"မိတ်ဆွေတို့၊ ကိုယ့်လမ်းကိုယ် လျှောက်ကြပါဗျာ၊ ဒ္ဒ္ဒီကို အနှောင့်အယှက် မပေးကြပါနဲ့"

"ဒီမှာ သတ္တိ၊ ကျုပ်တို့က ဒ္ဒ္ဒီကို အနှောင့်အယှက် ပေးနေတာ မဟုတ်ဘူး၊ မင်းကသာ ဒ္ဒ္ဒီဘေးမှာ အရှုပ်ထုပ်ဖြစ်နေတာ၊ ဒီတော့ မင်း ဒ္ဒ္ဒီဘေးကနေ အခုချက်ချင်း ထွက်သွား"

"ဆောရီး မိတ်ဆွေ၊ ဒ္ဒ္ဒီက ကျုပ်ကို ထွက်သွားခိုင်းတာ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ကိုယ့်လမ်းကိုယ် သွားခိုင်းနေတာ"

"ဩော် ... မင်းက ငါတို့နှစ်ယောက်ကို မောင်းထုတ်နေတာ ပေါ့လေ၊ Hero လုပ်ချင်တဲ့ကောင် သေပေတော့"

ဆိုပြီး လင်းအောင်က သူ၏မျက်နှာတည့်တည့်ကို လက်သီး တည်တိုးပစ်လိုက်၏။ ရုတ်တရက်မို့ သူ ရှောင်ချိန်မရလိုက်ပေ။ သွားသော်လည်း သူသည် လင်းအောင်ကို ဘာမှုပြန်မလုပ်ပါ ။

လင်းအောင်က သူ့ကို ထပ်ထိုးဖို့ဟန်ပြင်လိုက်စဉ်မှာပင် ရာသို့ ရွာသားအချို့ အပြေးအလွှားရောက်လာကြသဖြင့် လင်း သည် ရွယ်ထားသောလက်ကို ပြန်ရုပ်သိမ်းလိုက်ကာ သူငယ်ချင်း အောင်၍ ကမန်းကတန်း ပြေးထွက်သွားပါလေတော့သည်။

"ဆရာလေး ... ဘာဖြစ်သွားသေးလဲ"

ရွာသားတွေက သတ္တိကို ဆရာလေးဟု ခေါ်သော၏။

www.burmeseclassic.com

www.burmeseclassic.com



ခုနက သတ္တိ အထိုးခံလိုက်ရတာကို မြင်တွေ့လိုက်ရသည် ယခုလို ဗျာဗျာသလဲ မေးမြန်းလိုက်ခြင်းပင် ဖြစ်ပေသည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ ရပါတယ် ကိစ္စမရှိပါဘူး"

ထိုသို့ သူ အလိုက်ထိုက်လေး ပြန်ဖြေလိုက်၏။ ထိုအခ ကျမှ ရွာသားများသည် စိတ်မေသက်သာသွားကာ ...

"ကဲ ... ဆရာလေး၊ ဒါဆိုရင် ကျုပ်တို့ကို သွားခွင့်ပြုပါဦး

ဟု ပြောဆိုပြီး ထိုနေရာမှ ထွက်သွားကြလေတော့သည် ဒဂ္ဂီကတော့ သူ့ကို နားမလည်နိုင်စွာဖြင့် စူးစူးဝါးဝါး စိုက်ကြည့် လေရဲ့။

"သတ္တိ ... နင် ပြောတော့ဖြင့် သိုင်းပညာတွေ တတ်မြော တယ်ဆို"

"အေး ... ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"သတ္တိရယ် ... သိုင်းပညာတွေ တတ်ရဲ့သားနဲ့ နင် ဘာဖြစ် လင်းအောင်ကို ပြန်မချတာလဲ"

"ငါပြန်ချရင် သူတို့နှစ်ယောက် အလူးအလဲ ခံရမှာပေါ့၊ အ သမားနှစ်ယောက်ကို အနိုင်ကျင့်ရမှာ ငါ ရှက်တယ်ဟ"

သူ၏စကားကြောင့် သူမ၏မျက်ခုံးကလေး ကြွတ်သွား ဘုရားရေဟု အကျယ်ကြီး အော်မိသွားလေသည်။

"ဘုရားရေ ... သတ္တိ၊ နင်က အနိုင်ကျင့်ရမှာရှက်လို့ ဟိုမျေ ကောင်ကို ပြန်မချတာ၊ ဟုတ်လား"

"ဟုတ်တယ်၊ ရန်ဖြစ်တာ ရှက်ဖို့ကောင်းတယ်ဟ၊ ရန်ဆို ဒေါသကီလေသာကြောင့်ဖြစ်တာ၊ ငါက ဒေါသကီလေသာ ခဏ္ဍီပါရမီနဲ့ အနိုင်ယူလိုက်တယ်၊ အဘ ငါ့ကိုပြောပြထား တစ်ခုရှိတယ်၊ ပညာဗလာသတ္တိဆိုတာ ရန်ဖြစ်ခြင်း၊ မိုက်ကြေ ခြင်း၊ ပညာပါသတ္တိဆိုတာ သည်းခံခြင်းတဲ့၊ ရန်စရင် ပြန်ချဖို့ လွယ်တယ်၊ သည်းခံတတ်ဖို့က ခက်တယ်၊ အလွယ်လမ်းစဉ် လိုက်တာ လူညံ့၊ လူဖျင်း၊ လူမိုက်၊ ခက်တာကို လုပ်နိုင် လူတော် လူလိမ္မာတဲ့"



မှန်ပေစွ။ ရန်စရင် ပြန်ချဖို့က တအားလွယ်ကူသည်။ တစ်ကောင်က ရန်စောင်လျှင် တစ်ကောင်က မာန်ထောင်တာ တိရစ္ဆာန်၊ တစ်ကောင်က မြန်မြန်ကိုက်လျှင် တစ်ကောင်က ပြန်ပြန်ဖိုက်တာ တိရစ္ဆာန်အကျင့်၊ တိရစ္ဆာန်တွေမှာမရှိတာ သည်းခံစိတ်ဖြစ်၏။

ထို့ကြောင့် သူတစ်ပါးက ရန်စတိုင်း ကိုယ်ကပြန်ချမိလျှင် မိမိကိုယ်မိမိ လူ့တိရစ္ဆာန်ဟု သတ်မှတ်ရပေမည်။ တိရစ္ဆာန်တွေ မပြု လုပ်တတ်သော သည်းခံစိတ်ကို မွေးမြူနိုင်မှ မိမိကိုယ်မိမိ လူပီသသည် ဟု ပြောနိုင်ပေသည်။

"သြော် ... နင်က ခက်တာကိုပြုလုပ်ပြီး သူတစ်ပါးထိုးတာကို ငြိမ်ခံလိုက်တာပေါ့လေ၊ တကယ်လို့ လင်းအောင်က နင့်ကို လက်သီးနဲ့မထိုးဘဲ ဓားနဲ့ခွက်ခနဲ ပိတ်ထိုးလိုက်ရင် ဘယ်လိုလုပ် မလဲ"

"ဓားဆိုရင်တော့ ရှောင်မှာပေါ့ဟ၊ အသက်မသေချင်သေးဘူး"

"ဘာလို့ မသေချင်သေးတာလဲ"

"မိန်းမ မရသေးလို့"

ထိုသို့ ပြောဆိုပြီး သူက သူမ၏မျက်လုံးကလေးကို စူးစိုက်ကြည့်လိုက်သောအခါတွင် သူမသည် လွန်စွာမှရှက်သွားပြီး အကြည့်တွေကို တခြားဘက်သို့ ခပ်မြန်မြန်လေး လွှဲပစ်လိုက်၏။ သူမ အနေရခက်မှာစိုးသဖြင့် သူသည် စကားကို ရှေ့မဆက်တော့ဘဲ ထုံးတိသာ ဖြတ်တောက်ထားလိုက်၏။

ထို့နောက်တွင်တော့ သူနှင့် သူမ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်တော့ဘဲ မြေပြင်ကိုသာ ငုံ့ကြည့်၍ မိမိတို့၏ယာ ရာသို့ ဆက်လက်ရွှေ့လျားသွားပါလေတော့သည်။ သူနှင့်သူမ ငယ်ငယ်တုန်းက သူငယ်ချင်း၊ အခုလည်း သူငယ်ချင်းလေးပဲ

သို့သော် ... သို့သော်ငြားလည်း ...

သို့ပေမယ့်လည်းလေ ...

သို့ပေမယ့်လည်းပေါ့ ... ...

❋ ✦ ❋

www.burmeseclassic.com



"ရဲရင့် ... ဘာလုပ်နေတာလဲ"

အမေးစကားကို အသံချိုလေးနှင့်အတူပြောပြီး ဟန်နီ တစ်ယောက် သူ၏အိမ်ခြံဝင်းထဲသို့ ဝင်လာလေသည်။ သူ၏ဖခင် ဦးဆန်းဝင်းသည် ကွယ်လွန်အနိစ္စရောက်သွားပြီ ဖြစ်သဖြင့် ဤအိမ်၌ သူတစ်ယောက်တည်းသာ ရှိတော့လေ၏။

တစ်ရွာလုံးက သူ့ကို အမဲလိုက်မုဆိုးဟူ၍သာ သိထားကြ ၏။ လူသတ်ဓားပြဟူ၍ တစ်ယောက်မှ မသိကြချေ။ ဒန္တီက ရဲရင့်ကို သိပ်မခင်ပေမယ့် ဟန်နီကတော့ ရဲရင့်ကို တအားခင်မင်သည်။ ယခုလို မျိုး ဟန်နီသည် ရဲရင့်အိမ်ကို ခဏ ခဏ ဝင်ထွက်သွားလာလေ၏။

"ဟန်နီ ပါလား၊ လာလေ၊ ငါ မြင်းစာကျွေးနေတာဟ"

"ဒါနဲ့ ရဲရင့်၊ ဒီတစ်ခါ နင် အမဲပစ်ထွက်တာ ဘာသားကောင်တွေ ရခဲ့လဲ"

"ဟင့်အင်း ... ဘာအကောင်မှ မရခဲ့ပါဘူးဟာ၊ တောထဲမှာ အမဲရှားသွားပြီဟ၊ ဒါကြောင့် ဒီတစ်ခါ အမဲမပစ်တော့ဘဲ ဆေးမြစ်တွေတူးပြီး ပြန်ခဲ့တာ၊ ဒါနဲ့ နင့်ညီမကော"

"အိမ်မှာရှိတယ်လေ၊ ဘာဖြစ်လို့လဲ"



"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ၊ ဒါနဲ့ ဒန္တီလေး နေရောကောင်းရဲ့လား"

"ဘာလဲ ... ဒန္တီ နေမကောင်းရင် နင်က ဆေးမြစ်တွေသွားပေးမလို့လား"

"ဒါပေါ့၊ ဆေးမြစ်တွေလည်း ပေးမယ်၊ ပြီးတော့ ဆရာဝန်ခေါ်ပြီး ရောဂါကို အမြစ်ပျောက်အောင် ကုသနိုင်းမှာ သိတယ်မှလား၊ ဒန္တီက ငါ့ရဲ့အသည်း"

ဟု သူက ရယ်မောရင်းနှင့် ပြောလိုက်သဖြင့် ဟန်နီ၏ မျက်နှာလေးက ရှုံ့တွတွလေး ဖြစ်သွားလေသည်။

"ဟွန်း ... ကောင်စုတ်၊ နင်က ငါ့ညီမကို ကြိုက်နေတာပေါ့လေ၊ ဟုတ်လား"

"ကြိုက်တာမဟုတ်ဘူး၊ ချစ်တာဟ၊ ချစ်တာ၊ ချစ်တာ"

ဟု သူသည် စပ်ဖြီးဖြီး မျက်နှာလေးနှင့်အတူ ပြောလိုက်သော၏။

"ဟန်နီ ... ငါ ဒန္တီလေးကို အရမ်းချစ်တယ်ဟာ၊ နင် ငါ့ကိုယ်စား ဒန္တီ့ကို ပြောပေးပါလား"

"အောင်မာ ... ဘာလို့ ပြောပေးရမှာလဲ၊ ကြိုက်ရင် ကိုယ့်ဘာသာကိုယ်ပြောပေါ့၊ လက်နှေးရင် နင် ကျန်ရစ်ကြီးဖြစ်လိမ့်မယ်၊ သိတယ်မှလား၊ သတ္တိက ဒန္တီ့ဆီမှာ အမြဲရှိနေတာ၊ နင် နောက်ကောက်ကျမှာ ကြောက်ရင် ဒန္တီ့ကို မြန်မြန်ဖွင့်ပြောလိုက်"

"အေးဆေးပေါ့ဟာ၊ ဒီကိစ္စက လောစရာမလိုပါဘူး၊ ပြီးတော့ သတ္တိနဲ့ဒန္တီက နင်နဲ့ငါ့လိုပဲ ဖြူဖြူစင်စင် ခင်မင်ရင်းနှီးတာပါ၊ အဲဒီအတွက် ဘာမှစိုးရိမ်စရာ မရှိဘူး"

"ပြီးတာပါပဲလေ၊ ငါက နင် ကျန်ရစ်ကြီးဖြစ်မှာစိုးလို့ စေတနာနဲ့ ပြောပြတာပါ၊ ဪ ... ဒါနဲ့ တစ်ခုပြောပြရဦးမယ်၊ အခု တလော လင်းအောင်ဆိုတဲ့ ငမူးက ဒန္တီ့ကို ရိသဲ့သဲ့လိုက်လုပ်နေတယ်၊ မနေ့ညနေတုန်းကလည်း သူ မူးမူးရူးရူးနဲ့ ဒန္တီ့ကိုလိုက်နှောင့်ယှက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဟန်နီ၏စကားကြောင့် သူ ဘာ,ခနဲ အော်မိသွားကာ ခါသအကြီးအကျယ် ထွက်သွားလေသည်။

"လင်းအောင်က ဒန္တီကို လိုက်နှောင့်ယှက်တယ်၊ ဟုတ်လား"

"အေး ... ဟုတ်တယ်ဟ"

သူ့အနေဖြင့် ဒန္တီကို လက်ဖျားနဲ့တောင် မထိရက်၊ မတို့ရက်ပါ။ အဲဒီလောက်ထိအောင် သူ ဒန္တီကို သည်းသည်းလှုပ်ချစ်ခင်သည်။ ယခုလို ဒန္တီ အနှောင့်အယှက်ခံရတယ်ဟူသော သတင်းကို ကြားလိုက်ရသည့်အခါတွင် သူ၏စိတ်ထဲတွင် များစွာဘဝင်မကျ ဖြစ်မိလေသည်။ ထို့နောက်တွင်တော့ သူသည် လက်သီးကို ကျစ်နေအောင် ဆုပ်ထားကာ အံကိုလည်း တင်းနေအောင် ကြိတ်ထားရင်း ...

"တွေ့ကြသေးတာပေါ့ လင်းအောင်ရာ"

ဟူ၍ မာန်အပြည့်ပါသော လေသံဖြင့် ကြိမ်းဝါးပြောလိုက်လေတော့သည်။

❊ ✦ ❊





နံနက်ရှစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဒန္တီတစ်ယောက် ...ခြင်းပြာလေးကို ကိုင်ဆွဲ၍ အိမ်ထဲမှ ထွက်လာလေသည်။ ကျောင်း...ံအဖြူနှင့်အစိမ်းသည် လွန်စွာမှ ကျက်သရေရှိပြီး သူမ၏နဂိုရှိပြီး...အလှကို မြှင့်တင်ပေးသကဲ့သို့ ဖြစ်နေ၏။

သနပ်ခါးရေကျဲကျဲပေါ်တွင် ပါးကွက်လုလုလေး ကွက်ထား...ာ မျက်နှာချောချောလေးသည် မြင်သူတကာတိုင်း ငေးကြည့်ချင်...ာ ဖြစ်နေ၏။ ခါးသွယ်သွယ်လေးကို မလှုပ်တလှုပ်လေး လှုပ်ပြီး ...ရှုစွာ လျှောက်လှမ်းနေသည်မှလည်း တစ်မျိုးတစ်ဖုံ Attraction ...ဆေသည်။

သတ္တိက ဘုန်းကြီးကျောင်းမှာပဲ နေတာပါ။ ယခု သူမ...ည် ဘုန်းကြီးကျောင်းဘက်သို့ ဦးတည်လျှောက်လှမ်းနေခြင်းဖြစ်...။ သတ္တိကိုဝင်ခေါ်ပြီးတော့မှ ကျောင်းသို့ အတူတူသွားကြမှာဖြစ်...။ ...သည် သူမ အမြဲတစေ လုပ်လေ့ရှိသော အလုပ်တစ်ခုပင် ဖြစ်သေ...သည်။

"ဒန္တီ"

www.burmeseclassic.com



လမ်းချိုးတစ်နေရာတွင် ရပ်စောင့်နေသော လင်းအောင်သည် ဒန္တီဟုအော်ခေါ်ရင်း သူမဆီသို့ လျှောက်လှမ်းလာ၏။

လင်းအောင် ၏နံဘေးတွင် ပွေလီဟူသော အပေါင်းအသင်းတစ်ယောက် ပါလေ၏။

"ရှင်တို့ ဘာလာလုပ်ပြန်တာလဲ၊ ကျွန်မကို လိုက်မနှောင့်ယှက်နဲ့နော်"

သူမသည် လင်းအောင်ကို လုံးဝမကြည့်ဖြူပေ။ လင်းအောင်၏မျက်နှာကို မြင်လေတိုင်း သူမ စိတ်ညစ်ရပါသည်။

"ဒန္တီရယ် ... ကျွန်တော်က ဒန္တီ့ကို အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး၊ ပန်းလက်ဆောင်ပေးမလို့ဗျ"

ထိုသို့ပြောဆိုရင်း လင်းအောင်သည် လက်ထဲတွင်ကိုင်ထားသော နှင်းဆီရဲရဲလေးတစ်ပွင့်ကို ဒန္တီ့အား ကမ်းပေးလိုက်၏။ နှင်းဆီရဲရဲလေးသည် ချစ်ဖို့ကောင်းသော်လည်း သူမသည် လင်းအောင်ပေးတာကို မယူချင်ပါသဖြင့် ခါးသီးစွာ ငြင်းဆိုမိလေသည်။

"အို ... ရှင် ကျွန်မကို ဘာလက်ဆောင်မှ ပေးစရာမလိုပါဘူး၊ ပေးလည်း ကျွန်မ လုံးဝမယူနိုင်ဘူး"

"ယူပါ ဒန္တီရယ်၊ ဒီနှင်းဆီပန်းလေးကို ဒန္တီ့ရဲ့ခေါင်းမှာ ပန်ဆင်လိုက်ရင် ဒန္တီ့နဂိုလှတာထက်ကို ဆယ်ဆလောက် ပိုလှသွားမှာပါ၊ ယူလိုက်ပါနော်"

"ဒီမှာ ကိုလင်းအောင်၊ ကျွန်မ ရှင့်ကို အင်္ဂလိပ်လို ပြောနေတာ မဟုတ်ဘူး၊ မြန်မာစကားကို မြန်မာလို ရှင်းရှင်းလေးပြောနေတာ၊ ရှင် ကျွန်မကို ဘာလက်ဆောင်ပေးပေး ကျွန်မ လုံးဝမယူနိုင်ဘူး"

"ယူပါ ဒန္တီရယ်၊ ယူပါနော်"

သူမ သက်ပြင်းအောကြီး ချမိလေ၏။ မယူချင်ပါဘူးဆိုနေမှ လင်းအောင်က ဇွတ်အတင်းထိုးပေးပြီး ယူနိုင်းနေသဖြင့် သူမစိတ်တအားညစ်နေလေတော့သည်။ ထိုအချိန် လင်းအောင်၏နောက်သို့ လူရွယ်တစ်ယောက် ရောက်လာပြီး ရုတ်တရက် လင်းအောင်၏လက်ကို



ပုတ်ချလိုက်သဖြင့် နှင်းဆီပန်းပွင့်လေးသည် မြေပြင်သို့ ဘုတ်ခနဲပြုတ်ကျသွားလေ၏။

"ရဲရင့် ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

လင်းအောင်က ဒေါပွစွာဖြင့် ထိုသို့ပြောလိုက်တော့ ရဲရင့်က မချိပြုံး,ပြုံးနေရင်း ...

"ဒီမှာ လင်းအောင်၊ မင်းပေးတဲ့ပန်းကို ဒန္တီက မယူချင်ပါဘူးလို့ ပြောနေတာကို မင်း နားမလည်ဘူးလား၊ သူများမလိုချင်တာကို ဘာလို့အတင်းပေးနေတာလဲ"

ပြောပြောဆိုဆိုဖြင့် ရဲရင့်သည် လင်းအောင်၏အင်္ကျီရင်ဘတ်ကို သူ၏ညာဘက်လက်ဖြင့် ပိုင်နိုင်စွာ ဆုပ်ကိုင်ပစ်လိုက်၏။ လင်းအောင်အနေဖြင့် သတ္တိကို လုံးဝမကြောက်သော်လည်း ရဲရင့်ကိုတော့ လွန်စွာမှ ကြောက်ရွံ့ပေသည်။

"ဖြည်းဖြည်းလုပ်ပါ ရဲရင့်ရာ၊ ငါ နောက်ဆိုရင် သူများမလိုချင်တာကို အတင်းမပေးတော့ပါဘူး"

"သေချာလို့လား"

"သေချာပါတယ်ကွာ၊ သေချာပါတယ်"

ဆိုပြီး လင်းအောင်သည် ပုတ်သင်ညိုလေးလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြေလိုက်လေ၏။ ထိုအခါကျမှ ရဲရင့်သည် လင်းအောင်၏အင်္ကျီရင်ဘတ်ကို ပြန်လွှတ်ပေးလိုက်၏။ ချက်ချင်းဆိုသလို လင်းအောင်နှင့် ပွေလီသည် ထိုနေရာမှ အမြန်လစ်ထွက်ဖို့ဟန်ပြင်လိုက်စဉ် ...

"ဟိတ်ကောင် ... ခဏနေဦး"

ဟု ရဲရင့်က တားမြစ်ပြောဆိုလိုက်သဖြင့် လင်းအောင်နှင့်ပွေလီ၏ ခြေလှမ်းများ Stop ဖြစ်သွားလေသည်။ သူတို့နှစ်ယောက်သည် ရဲရင့်ထက် ရဲရင့်၏ခါးတွင် ချိတ်ထားသော ဓားမြှောင်ကို ပို၍ကြောက်ရွံ့ပေသည်။ နှစ်ယောက်စလုံး အကြောက်လွန်ပြီး မျက်စိသူငယ် [illegible] သူငယ်ဖြစ်နေသည်မှာ သနားဖို့ပင် ကောင်းနေတော့သည်။

"ရဲရင့် ... ဘာပြောမလို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



“သတိပေးစကား ပြောမလို့၊ မင်းတို့နှစ်ယောက် ကြပ်ကြပ်သတိ ထား၊ နောက်ဆိုရင် မင်းတို့နှစ်ယောက် ဒန္တီအနားကို လုံးဝမကပ် နဲ့၊ အနားကပ်စရာလည်း မလိုဘူး၊ ပန်းပေးစရာလည်း မလိုဘူး အို ... အရှင်းဆုံးပြောမယ်၊ အဝေးကတောင် လှမ်းမကြည့်နဲ့ကွာ”

“အေးပါကွာ၊ နောက်ဆိုရင် ငါတို့ ဒန္တီအနားကို လုံးဝမကပ်တော့ ပါဘူး၊ အဝေးကနေလည်း လှမ်းမကြည့်တော့ပါဘူး”

“ကောင်းပြီ၊ မင်း ကတိတည်ပါစေ၊ သွားတော့”

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် လင်းအောင်နှင့်ဖွေလီ သည် ထိုနေရာမှ ကမန်းကတန်း တက်သုတ်ရိုက် ထွက်သွားပါလေ တော့သည်။ ထိုအခါကျမှ သူသည် သူမ၏မျက်နှာလေးကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်၏။

“အခုလို အနှောင့်အယှက်တွေကို ရှင်းထုတ်ပေးတဲ့အတွက် ကျေးဇူးပါပဲနော်”

“မလိုပါဘူး ဒန္တီရယ်၊ နင်နဲ့ ငါ့ကြားမှာ ကျေးဇူးတင်စကားပြော ဖို့ လုံးဝမလိုဘူး”

နှပ်ချေးတွဲလောင်းအရွယ်ကတည်းက အတူတူဆော့ကစား ခဲ့ကြသည့်သူတွေ ဖြစ်တာမို့ သူမသည် သူ့ကို ခင်မင်မှုရှိပေသည်။ စကားပြောဆိုသည့်အခါတွင်လည်း နင်နဲ့ ငါဟုသာ ပြောဆိုကြသည်။ သူမသည် သူ့ကို ခင်မင်တာ မှန်သော်လည်း သတ္တိလောက်တော့ခင်မင် ရင်းနှီးမှု မရှိချေ။

“ဒါနဲ့ ရဲရင့်၊ နင်က ဘာဖြစ်လို့ ဓားမြှောင်ကို ခါးကြားမှာချိတ် ထားတာလဲ၊ တောထဲမသွားရင် ဓားကို အိမ်မှာပဲ ထားခဲ့စမ်းပါ”

“ဘာလဲ ဒန္တီ၊ နင်က ငါ့ဓားကို ကြောက်လို့လား”

“ဟင့်အင်း ... ကြောက်ပါဘူး၊ နင်က ငါ့ကို ဘာမှမလုပ်ဘူး ဆိုတာကို ငါ သိပြီးသား၊ ဒီတော့ ငါက နင့်ဓားကိုကြောက် စရာမလိုဘူး၊ ရှင်းရှင်းပြောရရင် နင့်ဓားကို ကြောက်ရမယ့်သူက နင်ပဲ”

သူမ၏စကားကြောင့် သူ၏မျက်ခုံးများ ကြုတ်သွားလေ၏။





“ဘာ ... ငါ့ဓားကို ကြောက်ရမယ့်သူက ငါ၊ ဟုတ်လား”

“ဟုတ်တယ်လေ၊ ဓားနဲ့မိတ်ဆွေဖွဲ့သူတိုင်း အမှားကြီး မှားတတ် တယ်တဲ့၊ မှားရင် ဒုက္ခရောက်မယ်၊ တိုက်ရိုက်အချိုးကျလိုက်ရင် ဓားညီမျှခြင်း ဒုက္ခဖြစ်သွားရော၊ ဒီတော့ ဓားကိုင်ထားတာ ဒုက္ခ ကို ကိုင်ထားတာနဲ့ အတူတူပဲ၊ ရဲရင့်ရယ် ... အမဲလိုက်မထွက်ရင် ဓားကြီးကို အိမ်မှာပဲ ထားခဲ့ပါနော်”

ထိုကိစ္စကို သဘောမတူချင်သော်လည်း သူသည် သူမ စိတ်ချမ်းသာစေရန်အလို့ငှာ ...

“အေးပါဟာ၊ . အေးပါ ... အေးပါ”

ဟု အလိုက်အထိုက်လေး ပြန်ဖြေလိုက်၏။ ထိုအခါ သူမ၏နှုတ်ခမ်းလေးသည် ကွေးညွတ်လှပသွားပြီး မျက်နှာပန်းခင်းပေါ် သို့ အပြုံးလိပ်ပြာများ တစ်ကောင်ပြီးတစ်ကောင် ပျံသန်းလာလေတော့ သည်။ သူသည် သူမ၏အပြုံးမျက်နှာလေးကိုကြည့်ပြီး တဒင်္ဂမှင်တက် နေ၏။

“ကဲ ... ရဲရင့်၊ ငါသွားတော့မယ်နော်၊ ကျောင်းနောက်ကျနေပြီ”

ဟု ပြောလိုက်သောအခါကျမှ သူ၏စိတ်အတွင်းသို့ အသိ တရား ပြန်ဝင်လာလေ၏။

“ဩော် ... အေး ... အေး၊ နောက်ကျနေရင်လည်း သွားတော့ လေ၊ ငါ လိုက်မပို့တော့ဘူးနော်”

သူမ ခေါင်းကလေးညိတ်ပြပြီးနောက် သူ့ကိုကျောခိုင်းကာ ထိုနေရာမှ ဣန္ဒြေရသော ခြေလှမ်းများနှင့်အတူ လျှောက်လှမ်းထွက်ခွာ သွားလေ၏။ သူကလည်း သူမ၏ခန္ဓာကိုယ်နောက်ပိုင်းအလှတို့ မှင် တက်စွာဖြင့် မျက်စိတဆုံး လိုက်ကြည့်နေလေတော့သည်။

❋ ✦ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ကျောက်သင်ပုန်းပေါ်တွင် မြေဖြူဖြင့် စာတွေရေးသားပြီး ဆရာမလေး ဒန္တီသည် ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြား ပြသလျက်ရှိသည်။ ကျောင်းသား ကျောင်းသူများသည်ရှစ်တန်း၊ ဆယ့် သုံးနှစ်အရွယ် လူပျိုပေါက်၊ အပျိုပေါက်ကလေးများ ဖြစ်တာမို့ ထိန်း ကျောင်းရ တော်တော်ခက်ပေသည်။

ဒန္တီသည် ဝါးကြိမ်လုံး အကြီးကြီးကို ဘယ်ဘက်လက်ဖြင့် အမြဲတစေ ကိုင်ထားရလေ၏။ ပြောမရ၊ ဆိုမရသည့်တပည့်များကို သူမသည် ထိုကြိမ်လုံးကြီးဖြင့် တရှွတ်ရှွတ်မြည်သည်အထိ ရိုက်ပစ်တတ် သည်။

အတန်းသားတွေကလည်း တော်တော်ဆိုးပါဘိ။ ယခုပဲ ကြည့်လေ၊ ဆရာမက အတန်းရှေ့မှာ စာသင်နေတယ်၊ ဆရာမ၏ မျက်နှာက ဒီဘက်သို့ လှည့်လာလျှင် အတန်းသားတွေက ခပ်တည်တည် ဖြင့် ငြိမ်ငြိမ်လေးနေကြသည်။

ဆရာမက ကျောက်သင်ပုန်းဘက်သို့ မျက်နှာလှည့်ပြီး စာရေးပြီဆိုလျှင် တချို့အတန်းသားတွေက စကားများကြ၏။ တချို့





က မုန့်ခိုးစားကြ၏။ တချို့က စာအုပ်လှန်တမ်း ကစားနေ၏။ အဆိုး ဝါးဆုံးကတော့ ကျောင်းသားတချို့ ဖဲထုပ်ကိုယူဆောင်လာပြီး ဆရာမ မသိအောင် တိတ်တိတ်ကလေး ဖဲဝေ၊ ဖဲရိုက်နေကြခြင်းပင် ဖြစ်လေတော့ သည်။

"ငါက ရှစ်ပေါက်"

"ငါက ကိုးပေါက်"

"ဟား ဟား ... ငါက ဘူကြီးကွ၊ ငါ နိုင်တယ်"

ဆရာမ မကြားအောင်လို့ လေသံလေးဖြင့် တိုးတိုးလေး ပြောနေကြခြင်းပင်ဖြစ်၏။ ဒီတစ်ပွဲတွင် အာကာဟူသော ကျောင်းသား က ဘူကြီးကျသွားသဖြင့် အနိုင်ရသွားလေ၏။

အာကာသည် သူ၏ဖဲငါးချပ်ဖြစ်သော ကုလားငါးကောင် ကို စာရေးစားပွဲပေါ်သို့ ပစ်တင်လိုက်စဉ် ဆရာမ၏မျက်နှာက ဒီဘက် သို့ လှည့်လာတာနှင့် တိုးသွားသဖြင့် ဆရာမသည် ကျောင်းသားများ ဖဲကစားနေတာကို မြင်တွေ့သွားပြီး အကြီးအကျယ် မျက်လုံးပြူးသွား လေတော့သည်။

"ဟဲ့ကောင်တွေ၊ မင်းတို့ ဘာလုပ်နေတာလဲ"

ဆရာမ၏ဒေါသများ ရောယှက်နေသော အော်ဟစ်သံ ကြောင့် ဖဲခိုးဆော့နေသော ကျောင်းသားများ တဖိန့်ဖိန့်တုန်လှုပ်သည် အထိ ကြောက်လန့်သွားလေသည်။ ဖဲထုပ်ကိုဝှက်ရန် အချိန်မရတော့ ချေ။ ဆရာမသည် ထိုဖဲထုပ်ကို မျက်စိဖြင့် တပ်အပ်မြင်တွေ့သွားချေ ပြီတကား။

"အာကာ ... ပြောစမ်း၊ မင်းတို့ အခု ဘာလုပ်နေတာလဲ"

"ဖဲ ... ဖဲ ... ဖဲရိုက်နေတာပါ ဆရာမ"

ကြောင်လိမ်လို့ မရတော့သဖြင့် ပေါ်တင် အမှန်အတိုင်း ဖြေလိုက်ရ၏။

ထိုအခါ ဒန္တီသည် လွန်စွာမှ စိတ်တိုသွားလေသည်။

"အာကာ၊ ကျော်ဝင်း၊ ပေါက်ကြီး မင်းတို့သုံးယောက် ထတ်တယ် ရပ်ပြီး လက်ပိုက်ထားစမ်း။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ၏အမိန့်ကို မလွန်ဆန်ရဲတာမို့ ဖဲခိုးဆော့သည့် အာကာ၊ ကျော်ဝင်းနှင့် ပေါက်ကြီးသည် ထိုင်ရာမှ ဆတ်ခနဲထ၍ ဘက်ခနဲ လက်ပိုက်ထားရလေ၏။ ဆရာမ၏ဒေါသမျက်နှာလေးကို မကြည့်ရဲသဖြင့် သူတို့သုံးယောက်သည် ခေါင်းကိုအောက်သို့ငုံ့ထားလေသည်။

"ပြောစမ်း၊ မင်းတို့သုံးယောက်က ကျောင်းသားလား ဖဲသမားလား"

"ဖဲသမားပါ ဆရာမ၊ အဲ ... အဲ ... ဟုတ်ပါဘူးလေ၊ ကျောင်းသားပါ ဆရာမ"

အာကာ တစ်ယောက် စကားပြောမှားသွားသဖြင့် အမြန်ပြန်ပြင်ပြောလိုက်ရ၏။ ဒန္တီကတော့ အာကာ၏စကားအမှားကို ကြားမိပြီး စိတ်ကလေးတိုသွားသောကြောင့် တုတ်ကလေး တယမ်းယမ်းဖြင့် ဆွေ့ဆွေ့ခုန်နေလေ၏။ အတန်းအပြင်၌ ရပ်နေသော သတ္တိကတော့ ဒန္တီလေး ထိုသို့ ဆွေ့ဆွေ့ခုန်နေတာကိုကြည့်ရင်း ပြုံးတုံ့တုံ့လေးဖြစ်နေတော့သည်။

"ကျောင်းသားဆိုရင် ကျောင်းကို ဘာဖြစ်လို့ ဖဲထုပ်ယူလာတာလဲ၊ ကျောင်းသားနဲ့ ဖဲထုပ် ဘာဆိုင်လို့လဲ၊ ငါ့ကို အဲဒီဖဲထုပ် ပေးစမ်း"

ဆိုပြီး ဒန္တီသည် အာကာ၏လက်ထဲမှ ဖဲထုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ ထို့နောက် ဒန္တီသည် အာကာ၊ ကျော်ဝင်းနှင့်ပေါက်ကြီးတို့ကို အတန်းရှေ့သို့ ခေါ်ဆောင်သွားပြီး ကြိမ်လုံးကြီးဖြင့် တစ်ယောက်ကို ဆယ်ချက်စီ ရွှက်ခနဲ ရွှက်ခနဲ မြည်သည်အထိ မှတ်လောက်သားလောက်အောင် ရိုက်ပစ်လိုက်လေတော့သည်။

အချိန်ပြောင်းဘဲလ်မြည်သံကို ကြားပြီးနောက် ဒန္တီသည် နှုတ်မှ ဗျစ်တောက် ဗျစ်တောက် ပြောဆိုရင်း အတန်းထဲမှ ထွက်လာလေ၏။ သတ္တိကတော့ ဒန္တီလေး စိတ်တိုနေတာကိုကြည့်ပြီး ပြုံးလို့ကောင်းနေတုန်းပါပဲ။





"ဟဲ့ ... သတ္တိ၊ ဘာဖြစ်လို့ နင့်မျက်နှာက ပြုံးစိစိကြီး ဖြစ်နေတာလဲ"

"နင် ဒေါသထွက်နေတဲ့ ပုံစံလေးကို သဘောကျလို့ဟ"

"ဟင် ... နင်က ငါ စိတ်တိုနေတာကို သဘောကျနေတာပေါ့လေ၊ စပ်ဖြဲဖြဲ လုပ်မနေနဲ့၊ နင့်ကိုပါ တုတ်နဲ့ရိုက်ပစ်လိုက်မယ်"

"ဟား ... ဒန္တီ၊ နင်က အရိုက်တော်တော် ဝါသနာပါတာပဲ၊ ပြောစမ်းပါဦး၊ နင်က သူတစ်ပါးကို ရိုက်ချင်လို့ ဆရာမလုပ်တာလား"

"အို ... ပေါက်ပေါက်ရှာရှာ၊ ငါက ငါ့တပည့်တွေကို အလကားနေရင်း မရိုက်ပါဘူး၊ ရိုက်သင့်လို့ ရိုက်ပစ်လိုက်တာ၊ နင်စဉ်းစားကြည့်လေ၊ ကျောင်းသားနဲ့ဖဲထုပ် ဘာဆိုင်လို့လဲ"

"ဟုတ်ပါတယ် ဒန္တီရယ်၊ နင် မှန် ပါတယ်၊ နင် ရိုက်သင့်ပါတယ်၊ ဒါပေမဲ့ ကလေးတွေကို စွတ်မရိုက်နဲ့၊ စွတ်ရိုက်ရင် ကလေးတွေက တုတ်ကိုမကြောက်တော့တဲ့နွားလို ထုံပေပေ၊ ထုံတေတေဖြစ်သွားလိမ့်မယ်"

"အေးပါဟာ ... ငါသိပါတယ်"

တုတ်ကလေးကို ဝှေ့ယမ်းရင်း ထိုသို့ပြောလိုက်စဉ် မဲဇလီပင်မှ တလူလူ လွင့်လာသော သစ်ရွက်ခြောက်လေးသည် သူမ၏ခေါင်းပေါ်သို့ ပြုတ်ကျလာလေ၏။ ဒါကို သူ တွေ့လိုက်ရသည်မို့ ...

"ဒန္တီ ... နင့်ခေါင်းပေါ်မှာ အမှိုက်ကြီး၊ အသာနေ၊ ငါဖယ်ပေးမယ်"

ဟု ပြောရင်း သူသည် သူမ၏ခေါင်းပေါ်က သစ်ရွက်ခြောက်လေးကို လက်ဖြင့်ဆွဲယူဖယ်ရှားလိုက်၏။ ထိုအချိန် ကျောင်း[illegible] ရောက်လာသော ကျားကြီးနှင့် အောင်တိုးသည် ကျောင်း[illegible] အမှတ်မထင် လှမ်းကြည့်လိုက်ရာဝယ် ထိုမြင်ကွင်းကို တွေ့သွားလေ၏။

"အောင်တိုး ... ကြည့်စမ်း၊ ဟိုအတန်းရှေ့မှာ [illegible]နေကြတာ သတ္တိနဲ့ ဒန္တီ မလား"

"အေး ... ဟုတ်တယ်ကွ၊ သတ္တိက ဒန္တီရဲ့ဆံနွယ်တွေကို ပွတ်သပ်ပေးနေပါလား"

တကယ်တော့ သတ္တိက ဒန္တီ၏ခေါင်းပေါ်က အမှိုက်ဆွဲယှက်ဖယ်ရှားပေးနေတာပါ။ ဒါကို ကျားကြီးနှင့် အောင်တိုးသည် တစ်မျိုးမြင်ပြီး တစ်မျိုးထင်သွားကြလေ၏။

"ဒီပုံစံကိုကြည့်ရတာတော့ သတ္တိနဲ့ ဒန္တီက သမီးရည်းစားတွေဖြစ်နေကြပြီထင်တယ်"

"အေး ... ဟုတ်တယ်၊ ဆံပင်ကိုတောင် ပွတ်သပ်ပေးနေပြီဆိုတော့ သမီးရည်းစားကလွဲပြီး ဘာများဖြစ်နိုင်ဦးမှာတုန်း"

ထိုသို့ လိုရာကို ကောက်ချက်ဆွဲ ပြောဆိုပြီးနောက် ထန်းရည်မူးနေကြသော ကျားကြီးနှင့် အောင်တိုးသည် ရွာဘက်သို့ ဒယီးဒယိုင်ခြေလှမ်းများနှင့်အတူ သိုင်းကွက်ကျကျနင်းပြီး လျှောက်လှမ်းသွားလေတော့သည်။

❄ ✦ ❄



နောက်တစ်နေ့ နေထွက်ပြီဆိုတာနှင့် တစ်ပြိုင်နက် ထန်းတောထဲသို့ ထန်းရည် Man များ တဖွဲဖွဲရောက်လာကြလေ၏။ လင်းအောင်နှင့်မွေလီသည် ထန်းတောထဲသို့ရောက်ရောက်ချင်း ဖျာတစ်ချပ်ပေါ်တွင် ထိုင်လိုက်ကာ ထန်းရည်တစ်မြူလှမ်းမှာလိုက်၏။

"ဟိတ်ကောင် ပြေူး ... ထန်းရည်တစ်မြူ မြန်မြန်ချပေးစမ်း၊ အမြည်းပါ တစ်ခါတည်းဆွဲခဲ့"

"ဟုတ်ကဲ့ ဆရာ ... ရမယ် ... ရမယ်"

ဆိုပြီး ထန်းတည်ရောင်းသူ ပြေူးသည် ထန်းရည်ထည့်ထားသော မြူတစ်အိုးနှင့် ကြွက်ကြော်များကို ယူဆောင်လာပြီး လင်းအောင်တို့ထိုင်နေသောဖျာပေါ်သို့ ချပေးလိုက်၏။ လင်းအောင်သည် ထန်းရည်များကို ခွက်နှင့်ပင် ခပ်မသောက်ချေ။ စိတ်ရှိရှိနှင့် အိုးလိုက်မော့သောက်ပစ်လိုက်ရာ မြူအိုးအတွင်းမှ ထန်းရည်တစ်ဝက်တိတိသည် စက္ကန့်ပိုင်းအတွင်းမှာပင် သူ၏ဗိုက်ထဲသို့ ရောက်သွားလေတော့သည်။

"ဟား ... ဖြည်းဖြည်းသောက်ပါ ဆရာရယ် ... တော်ကြာ ထန်းရည်သီးပြီးသေနေဦးမယ်"

"ဒီမှာ ပြေူး ... မင်းအလုပ်က ထန်းရည်ရောင်းဖို့ ထန်းရည်သောက်သူကို ဆရာလုပ်ဖို့မဟုတ်ဘူး၊ ဒီတော့ မင်း ငါ့ကိုဆရာလာမလုပ်နဲ့၊ ငါဘာသာကြိုက်သလိုသောက်မယ် သွားစမ်းဟာ တိုယ့်အလုပ်ကိုယ်သွားလုပ်တော့"

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

လင်းအောင်က မာန်ဒေါသများရောယှက်နေသော လေသံကြီးနှင့် ပြောလာသဖြင့် ပြေုးသည် ဘာမျှဆက်မပြောတော့ဘဲ ပါးစေါက်ကိုပိတ်၍ ဆိုင်ဘက်သို့ ပြန်လျှောက်လှမ်းသွားလေတော့သည်။

"မကျေနပ်ဘူးကွာ ... ရဲရင့်မိုလ်ဆိုတဲ့ကောင်ကို ငါ လုံးဝ မကျေနပ်ဘူး"

ထိုစကားသည် လင်းအောင်၏နှုတ်မှ ကျယ်လောင်ပြင်းစွာ ထွက်ကျလာခြင်းပင်ဖြစ်၏။

ထိုအခါ ပွေလီ၏မျက်ခုံးများသည် တော်တော်ကြီးကိုကြွသွားကာ ...

"မကျေနပ်တော့ မင်းက ရဲရင့်ကို ဘာလုပ်ချင်လို့လဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ လင်းအောင်သည် လက်သီးကို ကျစ်နေအောင်ဆုပ်ထားပြီး ...

"အဲ့ကောင်ရဲ့မျက်ခွက်ကို လက်သီးနဲ့ ဆယ်ချက်လောက်ဆော်ထိုးပစ်ချင်တယ်"

ဟု ကြိမ်းဝါးပြောဆိုလိုက်လေ၏။ ထို့နောက် လင်းအောင်သည် လက်သီးကို ကျစ်နေအောင်ဆုပ်ထားရင်းနှင့်ပင် ...

"တွေ့ကြသေးတာပေါ့ ရဲရင့်မိုလ်ရာ"

ဟူ၍ ထပ်ခါတလဲလဲ ကြိမ်းဝါးပြောဆိုနေလေတော့သည်။ သူ၏ ကြိမ်းဝါးပြောဆိုသံသည် လွန်စွာမှ ကျယ်လောင်လွန်းပါသဖြင့် ထန်းတောထဲသို့ဝင်လာသော ရဲရင့်တို့အဖွဲ့ ပီပီပြင်ပြင်ကြားသွားသည်။

ထိုအခါ ရဲရင့်၊ ကျားကြီးနှင့် အောင်တိုးတို့သည် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြပြီးနောက် လင်းအောင်နှင့်ပွေလီဆီသို့ တည့်တည့်မတ်မတ်လျှောက်လှမ်းလာလေတော့၏။

"တွေ့ကြသေးတာပေါ့ ရဲရင့်မိုလ်ရာ"

လင်းအောင်သည် ရဲရင့်လျှောက်လှမ်းလာတာကို မမြင်သေးသဖြင့် ထိုသို့ ထပ်မံကြိမ်းဝါးပြောလိုက်ခြင်းပင်ဖြစ်၏။ ပွေလီကသော့





ရဲရင့်တို့အဖွဲ့ကို မြင်တွေ့သွားသဖြင့် ထိုင်ရာမှ ဆတ်ခနဲထ၍ လစ်ထွက်သွားလေသည်။

"ဟိတ်ကောင် ... မင်းက ငါ့ကို ဘာကိစ္စနဲ့တွေ့ချင်တာလဲ"

ထိုသို့မေးမြန်းမှုနှင့်အတူ ရဲရင့်သည် လင်းအောင်၏ဆံပင်မွှေးတွေကို ဆောင့်ဆွဲလိုက်သဖြင့် လင်းအောင်တစ်ယောက် အပေါ်သို့ တန်းလန်းလေးပါလာလေ၏။

ရဲရင့်၏မျက်နှာကို ဘွားခနဲတွေ့လိုက်သောအခါတွင် လင်းအောင်၏အမူးတို့သည် ချက်ချင်း ဆိုသလိုပင် ပြေပျောက်သွားရပါသည်။

"ဘာလဲ လင်းအောင် ... မင်းက ငါ့ကို မကျေဇယားရှင်းဖို့ တွေ့ချင်နေတာလား"

"မဟုတ်ပါဘူး ရဲရင့်ရာ ... ငါ မင်းကို မကျေနပ်တဲ့ကိစ္စမရှိပါဘူး"

"ကြောင်လိမ်ချင်တဲ့ကောင် သေပေတော့"

ဆိုပြီး ရဲရင့်သည် လင်းအောင်၏မျက်ခွက်ကို တံတောင်ဖြင့်တွပ်ထည့်ပစ်လိုက်၏။ ထို့ကြောင့် လင်းအောင်တစ်ယောက်ကြယ်တွေလတွေမြင်သွားပြီး နှာဝမှသွေးစတို့ လျှံကျလာလေသည်။ ရဲရင့်က ခြေထောက်ဖြင့် ထပ်ကန်ဖို့ ဟန်ပြင်လိုက်စဉ်မှာပင် လင်းအောင်သည် ထိုင်နေရာမှ အမြန်လူးလဲထ၍ ကမန်းကတန်း ပြေးထွက်သွားပါတော့သည်။

ထို့နောက် ရဲရင့်၊ ကျားကြီးနှင့် အောင်တိုးတို့သည် လင်းအောင်တို့ထိုင်ခဲ့သောဝိုင်းမှာပင် ဝင်ထိုင်၍ ထန်းရည်နှင့်အမြည်းများကို ဆပ်မှာလိုက်လေ၏။ ပြီးနောက် သူတို့အဖွဲ့ စကား စမြည် ပြောဆိုကြလေ၏။

"လင်းအောင်က ဒင်္ဂို့ကို ကြိုက်နေတာကွ၊ ဒီကိစ္စတို့ ငါ ဘယ်လိုဖြေရှင်းရင်ကောင်းမလဲ"

ရဲရင့်က ထိုသို့အကြံဉာဏ်တောင်းလိုက်သောအခါ ကျားကြီးသည် အေးဆေးလက်ကာပြလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မဖြေရှင်းနဲ့၊ ဒီအတိုင်းပဲကြည့်နေလိုက်၊ မင်း သတိထားရမယ့်သူက လင်းအောင်မဟုတ်ဘူး သတ္တိ"

ဟု ပြောလိုက်လေ၏။

"ဘာ ... ငါက သတ္တိကို သတိထားရမှာ ဟုတ်လား ..."

"အေး ... ဟုတ်တယ်၊ မင်း သတိထားရမယ့်သူက သတ္တိ၊ ဘာလို့လဲဆိုတော့ ဒဂ္ဂီက လင်းအောင်ကို ကြိုက်နေတာမဟုတ်ဘူး သတ္တိကို ကြိုက်နေတာကွ"

"ဘာ ..."

ကျားကြီး၏စကားကြောင့် ရဲရင့်၏ ရင်ထဲသို့ စိုးရိမ်စိတ်တွေ တိုးဝင်လာပြီး နှုတ်ကနေလည်း ဘာခန့် အော်မိသွားလေသည်။

"ဘာ ... ဘာပြောတာ၊ ဒဂ္ဂီက သတ္တိကိုကြိုက်နေတာ ဟုတ်လား ဒါနဲ့ နေစမ်းပါဦး ... အဲဒီကိစ္စကို မင်းက ဘယ်လိုလုပ် သိတာလဲ"

"ဟော့ဒီမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာကွ"

ဆိုပြီး ကျားကြီးသည် မိမိ၏မျက်စိကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်လေ၏။ ထိုအခါ အောင်တိုးကလည်း ကျားကြီး၏ စကားကို ထောက်ခံလိုက်လေ၏။

"ဟုတ်တယ်ကွ ... ဒဂ္ဂီနဲ့သတ္တိရဲ့အခြေအနေကိုကြည့်ရတာ သမီးရည်းစားတွေကျနေတာပဲ၊ သတ္တိက ဒဂ္ဂီ့ခေါင်းကဆံနွယ်တွေကို တယုတယပွတ်သပ်ပေးတဲ့အဆင့်တောင်ရောက်နေပြီကွ"

"ဘာ ... ဘယ်လို ... အဲဒီအဖြစ်အပျက်ကို မင်းတို့ ဘယ်မှာတွေ့ခဲ့ကြတာလဲ"

"ကျောင်းမှာပေါ့"

ဟုဆိုကာ အောင်တိုးသည် မနေ့ကမြင်တွေ့ခဲ့သော မြင်ကွင်းအကြောင်းကို ရဲရင့်သိအောင် ပြန်ပြောလိုက်၏။ ထိုအခါ ရဲရင့်၏ ရင်ထဲသို့ စိုးရိမ်လုံးကြီးသည် အတင်း အတင်းတိုးဝင်လာလေတော့သည်။



ရဲရင့်အနေဖြင့် ဆရာမလေးဒဂ္ဂီ့ကို စွဲစွဲကုပ်၊ သည်းသည်းလှုပ်နေအောင် ချစ်ခင်ရပါသည်။ ငယ်ငယ်ကတည်းက တိတ်တခိုးချစ်ခဲ့ရတာဖြစ်ပေမယ့် အခုထိအောင် ဖွင့်မပြောရသေးပါဘူး။

ဖွင့်မပြောရဲလို့မဟုတ် ဖွင့်မပြောရက်လို့ဖြစ်၏။ ယခုတော့သူ ဘယ်လိုလုပ်ရတော့မည်နည်း။ ဖွင့်မပြောလျှင် နောက်ကောက်ကျပြီး ကျန်ရစ်ကြီးဖြစ်သွားမှာပေါ့။

"အို ... ကျန်ရစ်တော့ အဖြစ်မခံနိုင်၊ ဖွင့်ပြောမယ်ကွာ" ဟုသူ အပီအပြင် ဆုံးဖြတ်ချက်ချလိုက်လေ၏။

"ဟိတ်ကောင်တွေ ... ငါ ဒဂ္ဂီ့ကို ဖွင့်ပြောတော့မယ်ကွာ"

"ရဲရင့် ... မင်း နောက်ကျသွားပြီ၊ သတ္တိနဲ့ဒဂ္ဂီက ချစ်သူတွေဖြစ်သွားပြီကွ"

"ဖြစ်ပလစ်ပေါ့ကွာ၊ ချစ်သူဖြစ်တာ လင်မယားဖြစ်တာမှ မဟုတ်ဘဲ၊ သူတို့နှစ်ယောက် လင်မယားမဖြစ်မချင်း ငါ့ဘက်က ဒဂ္ဂီ့ကို ကြိုးစားခွင့်ရှိတယ်၊ ကြည့်ထား ... ပေရယ်ဒဂ္ဂီက ငါ့ရဲ့မယားဖြစ်ကိုဖြစ်စေရမယ်"

ဟူ၍ ရဲရင့်သည် မချိပြုံးပြုံးရင်း ဂိုပီပြင်ပြင် ကြွေးဝါးပြောဆိုလိုက်၏။ စင်စစ် ရဲရင့်သည် ဒဂ္ဂီ့ကို အနုနည်းဖြင့်မရလျှင် အကြမ်းနည်းဖြင့် မရရအောင် သိမ်းပိုက်မည့် လူဆိုးလူမိုက်ကြီးသာဖြစ်လေတော့သည်။

❄ ◆ ❄

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်ဖြစ်တာမို့ ဆရာမလေးဒန္တီသည် ဒီကနေ့ ဘယ်ကိုမှမသွားဘဲ အိမ်မှာပဲနေ၍ လုပ်စရာရှိတာများကို လုပ်ကိုင်နေ၏ ဒန္တီသည် အချက်အပြုတ်ဝါသနာပါသူလေးမို့ ယခုလို ကျောင်းပိတ်ရက် ဆိုလျှင် သူမ၏အစ်မ ဟန်နီနှင့်အတူ အိမ်အတွက် စားသောက်ဖွယ်ရာ များကို ဝိုင်းဝန်းကူညီချက်ပြုတ်ပေးလေ့ရှိသည်။

ဟန်နီကလည်း အိမ်ထောင်မကျသေးသည့် အပျိုမကြီး ပေါ့။ မိခင်သည် သူမတို့ငယ်စဉ်ကတည်းက ဆုံးပါးသွားပြီဖြစ်သဖြင့် အိမ်တွင် မိသားစုလေးယောက်တည်းသာရှိလေ၏။ ၎င်းတို့သည် သူကြီး ဦးထွန်ရှုခေါင်၊ ဟန်နီ၊ ဒန္တီနှင့် ဒေါ်နီခင်သို့ပင်ဖြစ်ကြ၏။

ဒေါ်နီခင်က ဦးထွန်ရှုခေါင်၏နောက်မိန်းမ၊ ဟန်နီနှင့် ဒန္တီတို့၏မိထွေးပင်တည်း။ မိထွေးဆိုသော်လည်း အပေါက်မဆိုးရှေ ဒေါ်နီခင်ကလည်း သူ့ဟာသူ လုပ်စရာရှိတာလည်းလုပ်၏။ ဟန်နီနှင့် ဒန္တီတို့ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြ၏။ မိထွေးနှင့် သမီးပျိုနှစ် ယောက်သည် တစ်အိမ်တည်းတွင် အတူနေကြသော်လည်း တစ်ခါ တလေမှသာ စကားပြောဖြစ်ကြ၏။

ဦးထွန်ရှုခေါင်ကလည်း ရပ်ရွာ၏ သာရေး၊ နာရေးကိစ္စများ တွင် အလုပ်ရှုပ်နေသူဖြစ်၏။ ထို့ကြောင့် သူကြီးအနေဖြင့် သမီးပျိုနှစ် ယောက်ကို အိမ်ထောင်ချပေးဖို့ရန် သတိမရနိုင်ဘဲ ဖြစ်နေလေတော့ သည်။



"ဒန္တီ ... ငါ နင့်ကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ ... ပြောလေ"

ဟန်နီက ပြောစရာရှိတယ်ဆိုသဖြင့် ဒန္တီက မုန့်လာဥလှီးနေ ရင်းနှင့် ပြောဆိုပြီး ပြောခွင့်ပေးလိုက်၏။

ထိုအခါ ဟန်နီသည် ဒန္တီ၏အနားအနီးသို့ တိုးကပ်လာ ပြီး ...

"နင့်ကို ရဲရင့်က ကြိုက်လို့တဲ့တော့"

ဟု ဘွင်းဘွင်းကြီးပြောချလိုက်သဖြင့် ဒန္တီတစ်ယောက် ခွန်စွာမှလန့်ဖျပ်သွားပြီး မုန်လာဥလှီးနေသောဓားကို လွှတ်ချမိသွား သေတော့သည်။

"ဘာ ... ဘာပြောတာ"

"ရဲရင့်က နင့်ကို ကြိုက်လို့တဲ့"

"ဟုတ်လို့လား ဟန်နီရယ် ... ရဲရင့်က နင့်ကိုကြိုက်နေတာမဟုတ် ဘူးလား"

"ဘယ်ကဟုတ်ရမှာလဲ၊ ရဲရင့်နဲ့ငါက သူငယ်ချင်းလိုပဲ ဖြူဖြူစင် စင်ခင်မင်ကြတာ၊ သူ ချစ်ကြိုက်နေတဲ့သူက နင်တဲ့"

ဟန်နီ၏စကားကြောင့် ဒန္တီ၏မျက်ခုံးလေးတွေ အထဲသို့ ကြုတ်ဝင်သွားလေ၏။

"အို ... ဘယ့်လိုဖြစ်တာပါလိမ့်၊ ရဲရင့်က နင့်ကိုမကြိုက်ဘဲ ဘာ ကိစ္စနဲ့ ငါ့ကို လာကြိုက်တာလဲမသိဘူး၊ အဲဒီကိစ္စက သေကောသေ ချာရဲ့လား"

"သေချာပါတော် သေချာပါ၊ သူက နင့်ကို ဖွင့်ပြောရမှာ အား နာလို့လားမသိဘူး၊ ငါကနေတစ်ဆင့် ပြောခိုင်းနေတာပါ"

"ဒီတော့ နင်က ရဲရင့်ကို ဘာပြန်ပြောလိုက်လဲ"

"ပြောမပေးနိုင်ဘူး၊ ပြောချင်ရင် ကိုယ့်ဘာသာကိုယ်ဖွင့်ပြော လို့ ပြန်ပြောလိုက်တာ"

"ဟင်း ... ဒါဆိုရင် ရဲရင့်က ငါ့ကို ဖွင့်ပြောလာမှာပေါ့သော"

www.burmeseclassic.com

www.burmeseclassic.com



“အေး ... ဟုတ်တယ်၊ သူ နင့်ကို ကျိန်းသေပေါက်ဖွင့်ပြောလိမ့်မယ်၊ တကယ်လို့ သူ နင့်ကို ဖွင့်ပြောလာရင် နင် သူ့ကို ဘယ်လို တုံ့ပြန်မှာလဲ”

“ငါမှ သူ့ကို မချစ်တာဘဲ၊ ဒီတော့ မချစ်နိုင်ဘူးလို့ တစ်ခါတည်း အပြတ်ငြင်းပစ်လိုက်မှာပေါ့”

ဒဏ္ဍီက ထိုသို့စကားကိုအပြတ်ပြောလိုက်သဖြင့် ဟန်နီ၏ မျက်နှာလေး ပြုံးပြုံးလေးဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဟန်နီသည် ရဲရင့်ကို တစ်ဖက်သတ်နိုးချစ်နေသောကြောင့်ပင်တည်း။ ဒဏ္ဍီကတော့ ရဲရင့်ကို သူငယ်ချင်းလိုသာလျှင် ခင်မင်ပါသည်။

ညီအစ်မနှစ်ယောက်စလုံးသည် ရဲရင့်ကို အမဲလိုက်မုဆိုးဟူ၍သာ သိထားကြသည်။ လူဆိုး ဓားပြခေါင်းဆောင်ဟူ၍ မသိကြပေ။

“ဒဏ္ဍီ ... နင် ရဲရင့်ကို မကြိုက်ဘူးဆိုတာ သေချာတယ်နော်”

“သေချာပါတယ်ဟာ၊ လုံးဝ မကြိုက်ဘူး၊ ငါကြိုက်နေတာ တခြားတစ်ယောက်ဟ”

“ဘယ်သူလဲ ပြောစမ်း”

“အောင်မာ ... ဘာလို့ပြောရမှာလဲ”

“မပြောလည်းနေပေါ့၊ ငါ သိပြီးသား”

ဟု ဟန်နီသည် ရယ်မောရင်းနှင့် ပြောလိုက်လေ၏။ ထို့နောက် ဟန်နီက ထမင်းအိုးငှဲ့ရန်အတွက် အပြင်သို့ထွက်သွားပြီး ဒဏ္ဍီက ဟင်းချက်ရန်အတွက် ဒယ်အိုးကို မီးဖိုပေါ်သို့တင်လိုက်လေသည်။ ထိုသို့ ဒဏ္ဍီသည် အစိမ်းကြော်များကို တရှဲရှဲဖြင့် ကြော်လှော်နေသည့်အချိန် သတ္တိသည် အိမ်နောက်ဖေးပေါက်မှ တိတ်တိတ်လေးဝင်လာပြီး ဒဏ္ဍီ့ပခုံးကို နောက်ကနေ လက်ဖြင့် ပုတ်လိုက်လေ၏။

“ဟဲ့ ကောင်မလေး ... ဘာလုပ်နေတာလဲ”

အလန့်တကြား ခြောက်လိုက်တာမို့ ဒဏ္ဍီ၏ အသားလေးသည် တဆတ်ဆတ်တုန်ခါသွားလေ၏။ နှုတ်မှလည်း အာမေဋိတ်အသံများ ခုန်ပေါက်ထွက်ကျလာလေသည်။



“အမယ်လေး ... လန့်လိုက်တာ သတ္တိရယ်”

“လန့်အောင်ခြောက်တာပဲ လန့်မှာပေါ့၊ ဒါနဲ့ နင် အခု ဘာဟင်းတွေချက်နေတာလဲ”

“အစိမ်းကြော်ကြော်နေတာ”

“ဟဲ့ ... ပြီးသွားရင် ငါ့ကိုပါ ကျွေးရမှာနော်”

“ကျွေးမှာပေါ့ဟ၊ ငါတို့ ထမင်းစားရင် နင်ပါ တစ်ခါတည်း ဝင်စားလေ”

“အင်း”

ဆိုပြီး သတ္တိသည် မငြင်းစတမ်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေ၏။ သတ္တိကတော့ ဒီလိုပါပဲ ကျောင်းပိတ်ရက်ဆိုလျှင် ဒဏ္ဍီ၏အိမ်သို့ရောက်လာလေ့ရှိပြီး ထမင်းစား ရေချိုးပြီး ညနေပိုင်းရောက်မှ အိမ်ပြန်လေ့ရှိသည်။

“သတ္တိ ... ငါ နင့်ကို အရေးကြီးတာ ပြောပြရဦးမယ်”

“ပြောလေ ... ဘယ်ကိစ္စက ဘယ်လောက်ထိအောင် အရေးကြီးနေလို့လဲ”

“ကြီးတာပေါ့ သတ္တိရယ်၊ တော်တော်ကြီးကို အရေးကြီးတာ၊ ခဏနေဦး ... ဒီဟင်းအိုးလေးချပြီးတော့မှ အေးအေးဆေးဆေးပြောပြမယ်”

ဟုဆိုကာ ဒဏ္ဍီသည် ဟင်းကိုသာ အရင်ဆုံးပြီးစီးအောင် ကြော်ချက်လိုက်သည်။ အတန်ကြာ ဟင်းအိုးချပြီးတော့မှ နှစ်ယောက်သား မီးဖိုချောင်ထဲတွင် မျက်နှာချင်းဆိုင်၍ ဟိုကိစ္စအကြောင်းကို ဆွေးနွေးတိုင်ပင်ကြလေတော့သည်။

“ကဲ ... ပြော ... ဘာအရေးကြီးကိစ္စလဲ”

“အချစ်ကိစ္စပေါ့၊ ရဲရင့်က ငါ့ကို ကြိုက်လို့တဲ့”

“ဘာ ...”

ဒဏ္ဍီက ခပ်ရှင်းရှင်း ခပ်ဘွင်းဘွင်းပြောချလိုက်သော် သတ္တိ၏နှုတ်ဖျားမှ ဘာဟူသော အာမေဋိတ်အသံလေး တဆုန်ဆုန် ထွက်ကျလာလေသည်။ ချက်ချင်းဆိုသလို သူ၏ရင်ထဲတွင် ထင့်ခနဲကြီး ဖြစ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘယ်လို ... ရဲရင့်က နင့်ကို ကြိုက်နေတာ ဟုတ်လား"

"အေး ... ဟုတ်တယ်ဟ၊ ဒီကိစ္စကို ငါ ဘယ်လိုဖြေရှင်းရမလဲ"

"ဒါနဲ့ နေစမ်းပါဦး၊ ရဲရင့်က နင့်ကိုကြိုက်တဲ့အကြောင်း ကိုယ်တိုင်ဖွင့်ပြောတာလား"

"မဟုတ်ဘူးဟ ... သူ ငါ့ကို ဖွင့်မပြောရသေးဘူး၊ အဲဒီကိစ္စကို ဟန်နီ ပြောပြလို့သိတာ"

ယခုလို ပြောလိုက်တော့မှပဲ သတ္တိ၏ရင်ထဲက စိုးရိမ်လုံးကြီးသည် အောက်သို့လျှောကျသွားသလို ဖြစ်သွားလေတော့သည်။

"တော်သေးတာပေါ့ ဒေ့နီရယ်၊ သူ နင့်ကို ဖွင့်မပြောသေးလို့ပေါ့ နောက်မို့ဆို ငါ ပျာသွားနိုင်တယ်"

"ဘာလို့ ပျာမှာတုံးဟ"

ဟု ဒေ့နီက မျက်ခုံးလေးကြုတ်ရင်းမေးလိုက်တော့ သူက ချက်ချင်းပြန်မဖြေသေးဘဲ သူမ၏မျက်ဝန်းလေးကို ရွှန်းရွှန်းစားစား စိုက်ကြည့်လိုက်လေ၏။ ထိုအခါ သူမသည် လွန်စွာမှ ရှက်သွားပြီး မြင်လွှာလေးကို အောက်သို့ ကုမန်းကတန်းချထားလိုက်ရသည်။

စင်စစ် သူသည် သူမကို နှုတ်ဖြင့် ချစ်စကားမပြောသေးဘဲ မျက်ဝန်းဖြင့် အသံတိတ် ချစ်စကားပြောလိုက်ခြင်းသာဖြစ်လေတော့သည်။ ယောက်ျားတို့၏အထာကို ကောင်းကောင်းသိထားသော ဒေ့နီသည် ရှက်ပြုံးလေးပြုံးရင်း နားနှစ်ဖက်ကို သေချာ Open လုပ်ထားလေ၏။

သူမအနေဖြင့် သူပြောလာမည့် ချစ်စကားလေးကို လွန်စွာမှ ကြားချင်နေပါပြီ။ သို့သော် သူက ပြောစရာရှိတာကို မပြောဘဲ ငြိမ်ဖြိုးဖြိုးကြီးလုပ်နေသဖြင့် သူမခမျာ ရှက်ကိုးရှက်ကန်းဖြစ်ပြီး အင်မတန်မှ နေရခက်နေလေတော့သည်။

"သတ္တိ ... ပြောစရာရှိတာပြောလေ"

စိတ်မရှည်တော့သဖြင့် သူမသည် သူ့ကို မရဲတရဲလေးငဲ့ကြည့်လိုက်ပြီး ထိုသို့ ပြောလိုက်လေ၏။



"ငါပြောလိုက်ရင် နင် စိတ်ဆိုးသွားမှာလား"

ဟု သူက ပြန်မေးလိုက်သောအခါတွင် သူမသည် ရှက်ပြုံးလေး ပြုံးနေရင်းနှင့်ပင် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်သေး၏။ သူမက အရိပ်ပြလိုက်သောကြောင့် သူသည် ဘာကောင်မှန်းဆိုတာကို သိသွားချေပြီတကား။

"ပြနေတာ အချစ်ရိပ်ဆိုတော့ အကောင်က အကြင်နာကောင်ကြီးပဲဖြစ်ရမယ်၊ ဟုတ်ပြီကွ ... ဒေ့နီက ငါ့ကို ကြည်ဖြူနေတဲ့ပုံပဲ၊ ပြောမယ်ကွာ ... ပြောမယ်"ဆိုပြီး သူသည် သူမကို နှုတ်ဖြင့် ဖွင့်ဟပြောဆိုဖို့ ဟန်ပြင်လိုက်စဉ် ...

"ဒေ့နီ ... ဒေ့နီ"

ဟူသော ခေါ်သံတွေကို ကြားလိုက်ရသဖြင့် ပြောဆိုဖို့အတွက် ဟန်ပြင်ထားသည့် သူ၏နှုတ်ဖျားလေးသည် ခလုတ်တိုက်သွားသည့်ပမာ ဟန်ချက်ပျက်ချော်လဲသွားလေသည်။ ထို့အတူ ဒေ့နီ၏နှလုံးသားလေးသည်လည်း တိုးလိုးတန်းလန်း၊ ဆန့်တငင်ငင်ဖြစ်သွားလေ၏။

"ဒေ့နီရေ ... ဒေ့နီ ... ဒေ့နီ ..."

အော်ခေါ်သံက အဆက်မပြတ်ထွက်ပေါ်နေ၏။ အသံကို နားစိုက်ထောင်ကြည့်သောအခါတွင် ရဲရင့်၏အသံဖြစ်နေသောကြောင့် သတ္တိနှင့် ဒေ့နီ၏ရင်ထဲတွင် ဇလောင်ဆန်အထိ ဗရုန်းသုန်းကားဖြစ်သွားလေတော့သည်။

"ဒေ့နီ ... ဘယ်လိုလုပ်မလဲ ... ရဲရင့် နင့်ဆီကိုလာနေပြီ"

"အို ... ငါလည်း ဘာလုပ်ရမယ်မှန်းမသိဘူး၊ ဒုက္ခပါပဲ"

ထိုသို့ သူနှင့်သူမသည် ဘာလုပ်ရမယ်မှန်းမသိ ပျာပျာသလဲဖြစ်နေသည့်အချိန် ရဲရင့်သည် ခြံဝင်းထဲဝင်လာပြီး မီးဖိုဆောင်ဘက်သို့ လျှောက်လှမ်းလာလေ၏။ ဟန်နီ့ကိုမြင်လို့ အခုလို ရဲရဲတင်းတင်းဝင်လာခြင်းပင်ဖြစ်၏။

"ဟန်နီ ... ဘာလုပ်နေတာလဲ"

"ထမင်းအိုးငှဲ့နေတာလေ မမြင်ဘူးလား၊ ဒါနဲ့ နင် ငါ့အိမ်ကို ဘာလာလုပ်တာလဲ၊ ငါ့ဆီကို လာတာလား ..."

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူး ... ဒန္တီ့ဆီကိုလာတာ”

ဟု သူက ခပ်ရှင်းရှင်းပြောချလိုက်သဖြင့် ဟန်နီ၏နှု ခမ်းပါးလေးသည် မဲ့မဲ့ရွဲ့ရွဲ့လေးဖြစ်သွားလေ၏။

“ဟန်နီ ... ဒန္တီရှိလား”

စိတ်ဆိုးသွားသဖြင့် ဟန်နီသည် ...

“ရှိတယ် ... မီးဖိုခန်းထဲမှာ သွား ... သွား”

ဆိုပြီး ခပ်ဆောင့်ဆောင့်လေးပြောလိုက်လေ၏။ မီးဖိုခန်း ထဲမှာဆိုသဖြင့် သူသည် မီးဖိုခန်းထဲသို့ ကမန်းကတန်းဝင်လာခဲ့လေ သည်။ ဒန္တီ၏မျက်နှာချောချောလေးကို အသည်းအသန်တွေ့ချင်နေ ပါ။

တွေ့ချင်သောမျက်နှာကို တွေ့လိုက်ရသော်လည်း မတွေ့ ချင်သောမျက်နှာကိုပါ ပူးတွဲတွေ့လိုက်ရသဖြင့် သူ သိပ်အလိုမကျဖြ သွားကာ မျက်နှာပျက်သွားလေသည်။

သုံးပွင့်ဆိုင်ထိပ်တိုက်တွေ့နေတာမို့ သုံးဦးစလုံး၏ရင် တွင် တစ်မျိုးကြီးဖြစ်နေပါ၏။ အသိတရားဝင်လာချိန်တွင် သတ္တိ ရဲရင့်ကို ဝံ့ခနဲ ပြုံးပြလိုက်သည်။ ထို့ကြောင့် ရဲရင့်ကလည်း သတ္တိ ပြန်လည်ပြုံးပြလိုက်ပါ၏။

သို့သော် နှစ်ဦးစလုံး၏အပြုံးသည် ရင်ထဲမှလာသော အပြုံးမဟုတ်ဘဲ အပေါ်ယံအပြုံးမျှသာဖြစ်ကြောင်း သိသာထင်ရှားနေ သည်။ ဒန္တီကလည်း မိမိကိုကြိုက်နေသော ယောကျ်ားနှစ်ယောက်၏ကြား တွင် အလွန်အမင်းနေရခက်လေ၏။

“ရဲရင့် ... မင်း ဒန္တီ့ဆီကိုလာတာလား”

“အေး ... ဟုတ်တယ် ... ငါ ဒန္တီ့ဆီကိုလာတာ၊ ရှင်းရှင်းပြော ရရင် ငါနဲ့ဒန္တီနဲ့ပဲ စကားပြောချင်တယ်၊ ဒီတော့ မင်း ခဏရှောင် ပေးလို့ရမလား”

ဟု ရဲရင့်က ခပ်ရှင်းရှင်းမေးလိုက်သောအခါတွင် သတ္တိသည် အတော်လေးကို အကျပ်ရိုက်သွားလေ၏။ နှလုံးသားက ရှောင်မပေးချ ပါသော်လည်း အသိစိတ်က လူတစ်ဖက်သားကို လွန်စွာမှ အားနာသ



ဘာကြောင့် သူသည် မိမိ၏နှလုံးသားကို မသိကျိုးကျွန်ပြုကာ ခေတ္တ ရှောင်ထွက်သွားပေးဖို့ ဆုံးဖြတ်လိုက်လေ၏။

“ဒန္တီ ... ငါ ဗိုက်အောင့်လာလို့ဟ၊ အိမ်သာသွားတက်လိုက်ဦး မယ်နော်”

ထိုသို့ပြောပြီးတာနဲ့ တစ်ပြိုင်နက် သတ္တိသည် အိမ်သာမ ဘက်ချင်ပါဘဲနှင့် အိမ်သာဘက်သို့ တက်သုတ်ရိုက် လစ်ထွက်သွား လေတော့သည်။ ထိုအခါ ရဲရင့်က ဝံ့ခနဲ တစ်ချက်ပြုံးလိုက်ပေမယ့် ဒန္တီကတော့ ချက်ချင်းဆိုသလို မျက်နှာပျက်သွားလေ၏။

“သတ္တိ ဘာကြောင့် ရှောင်ထွက်သွားပါလိမ့်၊ သူက ရဲရင့်နဲ့ငါ့ ကို ဘာကြောင့် ဒီအတိုင်း လွှတ်ထားခဲ့ပါလိမ့်။ ရဲရင့် ငါ့ကို ဖွင့်ပြောမှာကို သူ မစိုးရိမ်ဘူးလား၊ သူ ဘာအချိုး၊ ချိုးသွားတာ လဲ၊ အို ... တွေးရခက်လိုက်တာ”

စဉ်းစားရ ခက်နေတာမို့ ဒန္တီ တစ်ယောက် မျက်ကြုတ်ကိုး နဲ့ ဖြစ်နေလေ၏။

ရဲရင့်ကတော့ သတ္တိ ရှောင်ထွက်သွားပေးသဖြင့် လွန်စွာမှ သွားပုံရပါသည်။ “ဒါအခွင့်အရေးပဲ အခွင့်အရေးကို ပုတ်ထုတ် တတ်တာ လူမိုက်၊ အမိအရ ဆွဲယူတတ်တာ လူလိမ္မာ၊ ဒီတစ်ခါ တော့ ငါ လူမိုက်လုပ်လို့ မဖြစ်ဘူး၊ လိမ္မာပါးနပ်ရမယ်ကွ၊ ဟုတ်ပြီ” ပြီး ရဲရင့်သည် အခွင့်အရေးကို အမိအရဆုပ်ကိုင်၍ ဒန္တီ့ကို အချ ချက်ချင်း ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်လေ၏။

“ဒန္တီ ... ငါက ကဗျာမဆန်တတ်ဘူး၊ ဒီတော့ ခပ်ရိုးရိုးပဲပြော ပြမယ်၊ ငါ နင့်ကိုချစ်တယ်”

“အို ...”

ရဲရင့်က ဆိုင်းမဆင့် ဗုံမဆင့် ချစ်စကားကို ဒုံးတိုက်ကြီးပြော လိုက်သဖြင့် ဒန္တီ၏ရင်ထဲတွင် ဖိန်းခနဲ၊ ရှိန်းခနဲ ဖြစ်သွားကာ လေသည်။ “အို”ဟူသော အာမေဍိတ်အသံလေးသည် တိုးညှင်း က်ကျလာလေတော့သည်။

“ဒန္တီ ... နင် ငါ့ကို ပြန်ပြောလေ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှာလဲ"

"ငါ့ကို ချစ်လား"

"အို"

သူက ပေါ်တင်တဲ့ကြီး မေးချလိုက်သဖြင့် သူမသည် "အို"ဟု ရေရွတ်မိသွားပြန်ကာ မြင်လွှာလေးကို အောက်သို့ကမန်း ကတန်း ချထားလိုက်ရသည်။ ထိုအခါ သူသည် ချစ်ပါဝါကို ထပ်မြှင့် တင်သည့်အနေဖြင့် သူမ၏ပခုံးနှစ်ဖက်ကို ခပ်ဖွဖွလေး ဆုပ်ကိုင်လိုက် တာမို့ သူမခမျာ တစ်ကိုယ်လုံး ရှိန်းတိန်းတိန်း ဖြစ်သွားပြီး ကြက်သီး ဖြန်းဖြန်းပင် ထသွားလေသည်။

"ဒန္တီ ဖြေလေဟာ၊ ငါ့ကို ချစ်လားလို့"

သူက အတင်းအဓမ္မကြီး အဖြေတောင်းနေသဖြင့် သူမ အတော်လေးကို နေရခက်လာသည်။ အရှက်လွန်၊ အကြောက်လွန်ပြီး အိုးတိုးအမ်းတမ်း ဖြစ်နေသည်မို့ ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိ ဖြစ်နေရှာ၏။

ထိုအချိန် ထမင်းအိုးငှဲ့ပြီးသွားသည့် ဟန်နီက မီးဖိုခန်းထဲ သို့ ပြန်ဝင်လာရာဝယ် ရဲရင့်က ဒန္တီ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားသော မြင်ကွင်းကို မြင်တွေ့သွားလေ၏။ ထို့ကြောင့် ဟန်နီတစ်ယောက် မျက်ကလူးဆန်ပျာ ဖြစ်သွားကာ အမြန်ချောင်းဟက်လိုက်လေသည်။

"အဟမ်း ... အဟမ်း"

ထိုသို့ ချောင်းဟက်သံကို ကြားလိုက်တော့မှပဲ ရဲရင့် အာရုံကြောထဲသို့ အသိစိတ် ပြန်ဝင်လာပြီး ဒန္တီ့၏ပခုံးနှစ်ဖက် အမြန်ပြန်လွှတ်ပေးလိုက်လေ၏။

ထိုအခါကျမှပဲ ဒန္တီတစ်ယောက် အသက်ရှူချောင်သွားလေ တော့သည်။

"ရဲရင့် ... နင် ဒန္တီ့ကို ဖွင့်ပြောပြီးသွားပြီလား"

"အေး ... ပြောပြီးသွားပြီ"

ဟု သူက မလျှို့မဝှက်ဘဲ ပြန်ပြောလိုက်သဖြင့် ဟန်နီ၏ မျက်နှာလေးသည် သိသိသာသာကြီးကို ပျက်ယွင်းသွားလေ၏။ သို့သော်





ငြားလည်း ဟန်နီသည် မျက်နှာချိုးကို ချက်ချင်းပြောင်းလဲလိုက်ကာ ဟန်ဆောင်အပြုံးလေး ပြုံးထားရင်း ...

"ပြောပြီးရင် အဖြေတောင်းရတယ်၊ အဖြေရမှ သေချာမှာ"

ဟု စေတနာဖြင့် သတိပေး ပြောဆိုလိုက်၏။ ထိုအခါ သူက ရယ်မောရင်းနှင့် ...

"အေး ... အခု ငါကြိုးစားနေတယ်"

ဟု ခပ်ဘွင်းဘွင်းပင် ပြန်ပြောလိုက်လေ၏။ ထို့နောက် သူသည် အဖြေတောင်းဖို့အတွက် ဒန္တီ့ဘက်သို့ မျက်နှာလှည့်လိုက်သော အခါတွင် ဒန္တီသည် ထိုနေရာတွင် မရှိတော့ချေ။ အရှက်လွန် အကြောက် လွန်ပြီး အိမ်ပေါ်သို့ ပြေးတက်သွားချေပြီတကား။

"ဘယ်လိုလုပ်မလဲ၊ ဒန္တီ အိမ်ပေါ်တက်သွားပြီဟ"

"နင့်ကို ကြောက်လို့ ဖြစ်မှာပေါ့"

"အဲဒါမှ ဒုက္ခ၊ သူက ငါ့ကို ဘာမှပြန်ပြောမသွားဘူးဟ"

"ဒါဆိုရင် နင် ဘာဆက်လုပ်မှာလဲ၊ အိမ်ပေါ်တက်ပြီး အဖြေ လိုက်တောင်းမှာလား"

"ဟာ ... အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ နင့်အဖေသိသွားရင် ငါ့ကို သေနတ်နဲ့ပစ်သတ်လိမ့်မယ်၊ ဒီနေ့ အဖြေမရလည်း ကိစ္စ မရှိပါဘူးလေ၊ နောက်နေ့ကျမှ အဖြေလိုက်တောင်းလည်း ရတာ ပဲ"

"ဘာလဲ ရဲရင့်၊ အခု နင် ပြန်တော့မလို့လား"

"ဟုတ်တယ်၊ ဒိုးပြီ"

ဟု နှုတ်ဆက်စကားကို ခုံးတိ ပြောခဲ့ကာ ရဲရင့်သည် ဟန်နီ့ ကို ကျောခိုင်း၍ မီးဖိုခန်းထဲမှ လှစ်ခနဲ ပြန်ထွက်သွားလေတော့သည်။

❋ ✦ ❋



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့် ခြံဝင်းထဲမှ ထွက်သွားပြီဆိုတာနှင့် တစ်ပြိုင်နက် ဒန္တီသည် အိမ်ပေါ်မှ ပြန်ဆင်းလာလေ၏။ သူမ၏မျက်နှာချိုးကိုကြည့်ရတာတော့ ဒေါသအလိပ်လိပ် ထွက်နေတဲ့ပုံပါပဲ။ မှန်ပေစွ။ သူမ တကယ်ပဲ ဒေါသထွက်နေပါ၏။

ချစ်စကား ပြောသွားသည့် ရဲရင့်ကို ဒေါသထွက်တာမဟုတ်ဘဲ တမင်တကာ ရှောင်တိမ်းပေးသွားသည့် သတ္တိကို ဒေါသထွက်နေခြင်းပင်ဖြစ်၏။ ထို့ကြောင့် သူမသည် လက်သီးသေးသေးလေးကို ကျစ်နေအောင် ဆုပ်ထားရင်း သတ္တိဆီသို့ အပြန်လိုက်လာခဲ့၏။

ခြေဆယ့်ငါးလှမ်းခန့် လျှောက်ပြီးသောအခါတွင် သူမသည် အိမ်သာအရှေ့တည့်တည့်သို့ ရောက်လာလေ၏။ အံ့ပါရဲ့ဗျာ၊ သတ္တိသည် အိမ်သာမတက်ချင်ပါဘဲ အိမ်သာထဲမှာ ငုတ်တုတ်လေး ထိုင်နေပါ၏။ အိမ်သာအရှေ့သို့ ရောက်သောအခါ သူမသည် ခါးထောက်လိုက်ပြီး —

“အထဲကကောင်၊ ထွက်ခဲ့စမ်း”

ဟု ဒေါသလေသံလေးဖြင့် အော်ခေါ်လိုက်လေ၏။ ထို့ကြောင့် သူသည် တံခါးချက်ကိုဖွင့်၍ အိမ်သာပေါ်မှ ကုပ်ချောင်းချောင်းဖြင့် ဆင်းလာလေ၏။

“ဟဲ့ ... ရဲရင့် ပြန်သွားပြီလား”

ဒန္တီသည် သူမေးနေတာကို ပြန်မဖြေဘဲ ...

“အင်းဟာ”





ဆိုပြီး သူ၏မျက်ခွက်ကို လက်သီးဖြင့် တည့်ထိုးပစ်လိုက်သည်။ အနီးကပ်အထိုးခံလိုက်ရတာမို့ သူ ကြယ်တွေ လတွေ မြင်သွားပြီး အာရုံကြောတစ်ခုလုံး ချာလပတ်လည် ယမ်းသွားလေသည်။

“ဒန္တီ ... နင် ငါ့ကို ဘာလို့ထိုးတာလဲ”

“အမြင်ကတ်လို့ပေါ့၊ တော်ပြီ၊ ငါ နင့်ကို မခေါ်တော့ဘူး၊ နင်လည်း ငါ့ကို မခေါ်နဲ့တော့”

ဟု ခပ်ဆောင့်ဆောင့်လေးပြောပြီး သူမသည် အိမ်ထဲသို့ ဝင်ပြေးသွားသဖြင့် သူ့ခမျာ အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့လေတော့သည်။

“ဟား ... ဒန္တီ ဘာဖြစ်သွားပါလိမ့်၊ ငါ့ကိုလည်း ထိုးသွားသေးတယ်၊ မခေါ်တော့ဘူးလို့လည်း ပြောသွားသေးတယ်၊ ဘာတွေလဲကွာ”

အဟွေးရှုပ်သွားသဖြင့် သူ ခေါင်းကို တဗျစ်ဗျစ်ကုတ်ပစ်လိုက်သေ၏။ တကယ်တော့ ဒန္တီက သူ့ကို စိတ်ဆိုး၊ စိတ်ကောက်သွားတာပါ။ ခုနက သူက တမင်တကာကြီး ရှောင်ထွက်သွားပေးလို့ပေါ့။

သူရှောင်ပေးလို့ ရဲရင့်က သူမကို ချစ်စကားပြောဖြစ်သွားတာမှလား၊ သူသာ ရှောင်မပေးလျှင် ရဲရင့်က သူမကို ချစ်စကားပြောဖြစ်စရာ အကြောင်းမရှိချေ။ ခုတော့ သူမ၏နှလုံးသားလေး အောင့်သက်သက် ဖြစ်သွားရပါသည်။

ချစ်စကား ပြောစေချင်သော သူက အိမ်သာထဲသွားထိုင်နေပြီး မချစ်၊ မနှစ်သက်သောသူက သူမကို ချစ်စကားပြောသွားလို့ပေါ့။ သတ္တိကို လွန်စွာမှ စိတ်ဆိုးသွားသဖြင့် သူမသည် အိမ်အောက်သို့ပြန်ဆင်းမလာတော့ဘဲ မိမိ၏အခန်းထဲမှာပင် ငုတ်တုတ်ထိုင်နေလိုက်သည်။

သတ္တိ သူမကို စောင့်ကြည့်ပါသေးသည်။ သို့သော် သူမ အိမ်အောက်သို့ လုံးဝပြန်ဆင်းမလာတော့သဖြင့် သူသည် ခေါင်းကိုသာ တဗျစ်ဗျစ်ကုတ်ရင်း ဘုန်းကြီးကျောင်းသို့ ပြန်သွားပါလေတော့သည်။

❋ ✦ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

သတ္တိ ဒန္တိကို စောင့်နေပါ၏။ (၉)နာရီထိုးခါနီးနေပြီ သော်လည်း ဒန္တိတစ်ယောက် ပေါ်မလာသေးပေ။ ခါတိုင်းနေ့များ လျှင် ဒန္တိသည် သတ္တိကို ဝင်ခေါ်ပြီးမှ ကျောင်းသို့ သွားလေ့ရှိ၏ ဒီကနေ့ ကျောင်းဖွင့်ရက်မှာတော့ သူမသည် သတ္တိကို ဝင်မခေါ်ဘဲ ကျောင်းသို့တန်းသွားလိုက်၏။

"ကျောင်းတက်ခါနီးနေပြီ၊ ဒန္တိ ရောက်မလာသေးပါလား၊ ကြာ ရတာတော့ သူ ဒီနေ့ ငါ့ကို ဝင်မခေါ်တော့ဘူးထင်တယ်"

စောင့်ရတာ မောသွားသဖြင့် သူ လေပူတစ်ချက် မှုတ်ထု ပစ်လိုက်၏။

"ဟူး"

ထိုအချိန် ဟန်နီသည် ဆွမ်းချိုင့်လေးကိုင်ဆွဲရင်း ဘုန်းကြီး ကျောင်းဝင်းထဲသို့ ဝင်လာလေ၏။ အဝင်ဝတွင် သတ္တိကို တွေ့လိုက် သဖြင့် ဟန်နီ၏မျက်နှာလေးတွေ ကျုံ့သွားလေသည်။

"ဟဲ့ ... သတ္တိ၊ နင် ကျောင်းမသွားသေးဘူးလား"

"နင့်ညီမကို စောင့်နေတာဟ"



"ဟယ် ... ဒန္တိက အစောကြီးကတည်းက ထွက်သွားတာလေ၊ နင့်ကို ဝင်ခေါ်မသွားဘူးလား"

"အေး ... ဒီနေ့ ဒန္တိ ငါ့ဆီကို ရောက်မလာဘူး"

"အင်း ... ဒီပုံစံအတိုင်းဆိုရင် ဒန္တိ နင့်ကို စိတ်ကောက်နေတာ ထင်တယ်"

"ဘာလို့ စိတ်ကောက်တာလဲဟ"

"မနေ့တုန်းက ကိစ္စကြောင့်ပေါ့"

ဟု ပြောလိုက်သဖြင့် သူ နားလည်သဘောပေါက်သွားလေ သည်။

"သတ္တိ ... နင် ဒန္တိကို ပြန်ချော့လိုက်၊ ကြားလား"

"အေးပါဟာ၊ ကဲ ... ကဲ ... ငါ ကျောင်းနောက်ကျနေပြီ သွား တော့မယ်"

ဆိုပြီး သတ္တိသည် ဟန်နီ့ကို နှုတ်ဆက်စကားပြောဆိုခဲ့ တာ ကျောင်းဘက်သို့ သုတ်ချေတင် လျှောက်လှမ်းသွားလေတော့သည်။ သူ ကျောင်းသို့ရောက်တော့ ကျောင်းတက်ခေါင်းလောင်း ထိုးနေပြီ ဖြစ်၏။

ကျောင်းသား ကျောင်းသူများ၏ ဘုရားစာရွတ်သံကို အတိုင်းသား ကြားနေရသည်။ ကျောင်းဝင်းထဲသို့ ရောက်ရောက်ချင်း သူသည် ဒန္တိရှိမည့် အခန်းဘက်သို့ တည့်တည့်မတ်မတ် လျှောက်လာ ခဲ့ပါသည်။

ဒန္တိက (၈)တန်း(ဘီ)ခန်း အတန်းပိုင်ဆရာမ ဖြစ်၏။ ထိုခဏ သူသည်(ဘီ)ခန်းအရှေ့သို့ ရောက်နေပြီ ဖြစ်သော်လည်း အတန်း ထဲသို့ မဝင်ရဲသဖြင့် အတန်းရှေ့တွင်သာ ရစ်သီရစ်သီလုပ်နေလေ၏။

ကျောက်သင်ပုန်းအနီး ဆရာထိုင်စားပွဲတွင် ထိုင်နေသော ဒန္တိသည် သတ္တိကို လှမ်းမြင်လိုက်သော်လည်း မမြင်ချင်ယောင်ဆောင် ၍ ဒီအတိုင်း ထိုင်နေလေ၏။

အို ... ကြည့်စမ်းပါဦး၊ သူမ၏နှုတ်ခမ်းလေးတွေ ရှုံ့ ပုပ်ပုပ်လေး ဖြစ်နေပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ဒန္တီက မကြီးမငယ်ကြီးနဲ့ နှုတ်ခမ်းစူပြီး စိတ်ကောက်နေတယ်၊ ရယ်စရာကြီး၊ ဟား ဟား ဟား"

ဆိုပြီး သတ္တိတစ်ယောက် ဒန္တီ၏စူပုပ်ပုပ် မျက်နှာလေးကို ကြည့်ရင်း အတန်းရှေ့တွင် တိုးတိုးလေး ကျိတ်ရယ်နေမိသည်။ အကျယ်ကြီးတော့ မရယ်မောရဲပါဘူး၊ တော်ကြာ ဒန္တီက သူ့မျက်ခွက်ကို လက်သီးဖြင့် လာထိုးမှ ဟုတ်ပေ့ဖြစ်နေမှာစိုးလို့ပေါ့။

"ဘယ်လိုလုပ်ရမလဲ၊ ငါ ဒန္တီကို သွားချော့လိုက်ရမလား၊ ဟာ_ ကလေးတွေအရှေ့မှာ ဆရာမကို ချော့ရမှာ ရှက်စရာကြီး"

ဟုတ်ပါ၏။ သူ့အနေဖြင့် အတန်းထဲဝင်ပြီး ဆရာမကို ချော့ရမှာ လွန်စွာမှ ရှက်နေသောကြောင့် ပြန်ချော့ဖို့ရန် ချီတုံချတုံ ဖြစ်နေလေတော့သည်။ အတန်းထဲ မဝင်ချင်ပါသဖြင့် ...

"ဆရာမ ... ဆရာမ"

ဆိုပြီး သူသည် ဒန္တီကို အတန်းအပြင်ကနေ လှမ်းခေါ်လိုက်၏။ သို့သော် သူမသည် မကြားချင်ယောင်ဆောင်ပြီး ဒီအတိုင်းပဲ ဆက်ထိုင်နေ၏။

ထိုအခါ အာကာဟု အမည်ရသော ကျောင်းသားတစ်ယောက်သည် ထိုင်နေရာမှ မတ်တတ်ရပ်၍ ...

"ဆရာမ ... ဆရာမကို ဆရာ ခေါ်နေတယ်"

ဟု ကြားဝင် ပြောပေးလိုက်လေ၏။ ထိုအခါ ဒန္တီသည် အာကာ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ...

"ဟဲ့ အကောင်၊ လျှာမရှည်နဲ့၊ ငါသိတယ်၊ ကိုယ့်ဘာသာဘုရား ရှိခိုးစရာရှိတာ ရှိခိုး"

ဟု ဟိန်းဟောက် ပြောဆိုလိုက်သဖြင့် အာကာသည် နေရာတွင် ပြန်ထိုင်လိုက်ပြီး ဘုရားဆက်ရှိခိုးနေလိုက်သည်။ ထို့နောက် ဒန္တီသည် သတ္တိကို ဂြိုဟ်ကြည့်ကြည့်လိုက်ပြီး ...

"သွား ... သွား ... နင့်ကို ငါမခေါ်ဘူး"

ဟု စူပုပ်ပုပ် နှုတ်ခမ်းလေးဖြင့် ပြောလိုက်သောကြောင့် သူ့ ရယ်ချင်စိတ် ပေါက်သွားလေသည်။ "ကြည့်စမ်း၊ ဆရာမစိတ်



ကောက်နေတဲ့ပုံစံက ရယ်စရာကြီး၊ ဟား ဟား ဟား"ဆိုပြီး သူသည် သူမကို စိတ်ထဲကနေ လှောင်ပြောင်ရယ်မောလိုက်၏။

အသံထွက်၍ မရယ်မောရဲပေ။ သူမရှက်ပြီး သူ့ကိုလာထိုးမှာ စိုးလို့ပေါ့။

"ဟဲ့ ... ဘာလုပ်နေတာလဲ၊ သွားတော့လို့ ပြောနေတာ မကြားဘူးလား"

ဒန္တီသည် ထိုသို့ မာထန်ထန်လေသံဖြင့် ဟိန်းဟောက်ပြောဆိုပြီး တုတ်ကြီးကို ဆွဲယူလိုက်သောအခါတွင် သူသည် မျက်ခုံးလှုပ်သွားပြီး ထိုနေရာမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ကလေးတွေအရှေ့မှာ သူသည် သူမကို ပြန်ချော့ရမှာကို လွန်စွာမှ ရှက်နေတာမို့ နေ့လယ်ထမင်းစားကျောင်းဆင်းချိန်ရောက်မှ အေးဆေးပြန်ချော့တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏၊ ထို့နောက် သူသည် စာသင်ရန်အတွက် (၇)တန်းအဆောင်ဘက်သို့ လျှောက်လှမ်းသွားလေတော့သည်။

❄ ✦ ❄

www.burmeseclassic.com



"ဒန္တီ"

သူ သူမကို လိုက်လိုက်လဲ့လဲ့ လှမ်းခေါ်လိုက်၏။ သူ
သည် နောက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သောအခါတွ
ရဲရင့်၏မျက်နှာကို ဘွားခနဲ တွေ့လိုက်ရလေ၏။ ရဲရင့်သည် သူမ
ချိုမြိန်စွာပြုံးပြရင်း သူမဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာနေ
ထိုအချိန် သတ္တိကလည်း သူမကို ...

"ဒန္တီ"

ဟု အော်ခေါ်လိုက်ပြီး သူမဆီသို့ တည့်တည့်မတ်
လျှောက်လာလေ၏။ ရဲရင့်က တောင်ဘက်မှ ရွေ့လျားလာတာဖြ
သတ္တိက မြောက်ဘက်မှ ရွေ့လျားလာတာဖြစ်၏။

သူမသည် သတ္တိကိုမျက်စောင်းဖြင့် တစ်ချက်ထိုးကြ
နောက် လုံးလုံးကျောခိုင်းလိုက်ကာ ရဲရင့်ဆီသို့ လျှောက်လှမ်းသွား
သတ္တိတစ်ယောက် မျက်ကလူးဆန်ပျာ ဖြစ်သွားလေသည်။

"ဒန္တီ ... နင် ထမင်းစားပြီးပြီလား"

"ဟင့်အင်း ... စားရသေးဘူး"

"တော်ပါသေးတယ်ဟာ၊ ငါ နင့်အတွက် ချေ(ဂျီ)သားဟင်
ယူလာတယ်ဟ၊ ဒီမှာ"

ဆိုပြီး ရဲရင့်သည် ညာဘက်လက်ဖြင့် ကိုင်ဆွဲထား
ဟင်းထုပ်ကို ပြလိုက်၏။ ထိုအခါ ဒန္တီသည် ပြုံးပြုံးလေးဖြင့်



"အတော်ပဲ၊ ဒါဆိုရင် ငါ နင်ယူလာတဲ့ဟင်းနဲ့ ထမင်းစားမယ်"

ဟုဆိုကာ ရဲရင့်၏လက်ထဲမှ ဟင်းအုပ်လေးကို လက်ကမ်း ယူလိုက်လေ၏။ ပြီးတော့ ဟင်းထုပ်လေးကို သူမ၏လက်ဆွဲခြင်းထဲသို့ အသာအယာ ထည့်ထားလိုက်သည်။ ယခု ထမင်းစား ကျောင်းဆင်းချိန်တွင် ရဲရင့်က ကျောင်းသို့ ရောက်လာခြင်းပင် ဖြစ်၏။

"ရဲရင့် ငါတို့ ဟိုသရက်ပင်အောက်ကို သွားကြမယ်"

ဆိုပြီး ဒန္တီသည် ကျောင်းဝင်းထဲတွင် ပေါက်ရောက်နေသော သရက်ပင်ကြီးကို လက်ညှိုးညွှန်ပြလိုက်၏။ ရဲရင့်က ...

"အေး ... သွားကြမယ်"

ဆိုပြီး ခေါင်းညိတ်ပြလိုက်သောအခါတွင် ဒန္တီသည် ရဲရင့်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး သရက်ပင်ရှိရာသို့ ဆွဲခေါ်သွားလေတော့သည်။

ထိုသို့ သူမက ရဲရင့်လက်မောင်းကို ဆုပ်ကိုင်လိုက်သဖြင့် ရဲရင့်၏ရင်ထဲတွင် ဒိန်းခနဲ မြည်ဟည်းသွားပေမယ့် သတ္တိ၏ရင်ထဲတွင်တော့ ဖိန်းခနဲ တုန်လှုပ်သွားလေတော့သည်။

"ဘာလဲကွာ၊ ဒန္တီက ရဲရင့်ကို ကြည်ဖြူသွားတာလား၊ သွားပါပြီကွာ၊ ငါတော့ ကျုန်ရစ်ဖြစ်ပြီထင်တယ်"

သတ္တိ၏ရင်ထဲသို့ စိုးရိမ်လုံးကြီး ပြေးဝင်လာလေ၏။ နှလုံးသားတစ်ခုလုံးလည်း ပျာယာခတ်နေပါပြီ။ အသိစိတ်တစ်ခုလုံးကလည်း ဝရုန်းသုန်းကား ဖြစ်နေသဖြင့် အတွေးဟစ်ခုလုံးကလည်း ရှုပ်ယှက်လည်နေလေတော့သည်။

"ငါ ဘာလုပ်ရမလဲ၊ အခြေအနေ လိုက်ကြည့်ရင် ကောင်းမလား"

သူ ခေတ္တမျှ စဉ်းစားလိုက်၏။ ပြီးနောက် —

"အို ... မထူးပါဘူးလေ၊ လိုက်ကြည့်မယ်ကွာ"

ဆိုပြီး သူသည် ရဲရင့်နှင့် ဒန္တီတို့၏ အခြေအနေကိုလိုက် Check ရန်အတွက် နောက်ကနေ Follow လိုက်သွားလေတော့သည်။ သရက်ပင်အောက်သို့ ရောက်သောအခါတွင် သူသည် ခြေလှမ်းတွေကို Stop လုပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နှင့် ဒန္တီကတော့ သရက်ပင်ကြီးအောက်တွင် ထိုင်နေကြချေပြီ။ သရက်ပင်နှင့် မဲဇလီပင်သည် မလှမ်းမကမ်းတွင် ပေါက်ရောက်နေခြင်းပင်ဖြစ်၏။

"ဒန္တီ ... သတ္တိက ငါတို့နှစ်ယောက်ကို မဲဇလီပင်အောက်က လှမ်းကြည့်နေပါလား"

"သူ့ဘာသာ ကြည့်ကြည့်ပေါ့၊ ရဲရင့် ... နင် သူ့ကိုဂရုမစိုက်နဲ့ အရေးမလုပ်နဲ့"

ဟု သူမက မျက်ခုံးလေးပင့်ရင်း ပြောလိုက်သဖြင့် ရဲရင့်သည် သတ္တိကို လှမ်းမကြည့်တော့ဘဲ သူမ၏မျက်နှာချောချောလေးသာလျှင် စိမ်ပြေနပြေ ထိုင်ကြည့်နေလေတော့သည်။ ယခု ရဲရင့်သည် ဒန္တီ့ဆီမှ အဖြေပြန်တောင်းရန် ကျောင်းသို့ရောက်လာခဲ့ခြင်းပင်ဖြစ်၏

"ဒန္တီ ... နင် စဉ်းစားပြီးသွားပြီလား"

"ဘာလဲဟ"

"အဖြေလေ ... အဖြေ"

ဟုဆိုကာ ရဲရင့်က မျက်စပစ်ပြရင်း ပြောလိုက်သောအခါတွင် ဒန္တီက ပြုံးပြုံးလေးဖြင့် ...

"အင်း ... စဉ်းစားပြီးပြီ"

ဟု ပြန်ပြောလိုက်သဖြင့် ရဲရင့် တစ်ယောက် ရင်တဒိတ်ဒိတ် ခုန်သွားလေသည်။

"ဒန္တီ ... ဒါဆိုရင် ပြောတော့လေ၊ မြန်မြန်ပြောတော့"

"ဟွန်း ... နင်ကလည်း ဇွတ်ကြီးပါလား၊ ပြောမှာပေါ့ဟ၊ ဒီလုပ်၊ နင် ငါ့ကို ထမင်းခွံ့ကျွေး၊ ပြီးရင် ငါ အဖြေပေးမယ်"

ဟု သူမက ရှင်ပျပျ အမူအရာလေးနှင့် ပြောလိုက်သဖြင့် ရဲရင့်သည် ဣန္ဒြေပင် မထိန်းနိုင် ဖြစ်သွားကာ သူ၏လက်ဆွဲခြင်းထဲ ထမင်းချိုင့်လေးကို အမြန်ဆွဲထုတ်၍ ဖွင့်လိုက်လေ၏။ ထို့နောက် သူ ယူဆောင်လာခဲ့သော ချောသားဟင်းထုပ်ကိုလည်း အမြန်ဆွဲဖြေလိုက်လေသည်။

"ဒန္တီ ... နင် တကယ်ပဲ ငါခွံ့ကျွေးတာကို စားမှာလား"



မယုံကြည်နိုင်လောက်အောင် ဖြစ်နေသဖြင့် သူ မဝံ့မရဲ ထပ်မေးကြည့်လိုက်ပါသည်။ ထိုအခါ သူမသည် ချစ်စဖွယ် အမူအရာလေးဖြင့် ...

"အင်း ... တကယ်စားမှာပေါ့ဟ၊ ခွံ့ကျွေးတော့"

ဆိုပြီး နှစ်လွှာနှစ်ထပ် နှုတ်ခမ်းပါးလေးကို ခပ်ပါးပါးလေး ဖွင့်ပေးထားလိုက်သဖြင့် သူ့ရင်ထဲသို့ ဝမ်းသာလုံးကြီး ဆို့တက်လာလေတော့သည်။ အားကြီး အားကြီး ပျော်ရွှင်သွားသည်မို့ သူသည် ထမင်းတစ်ဖွန်းကို အမြန်ကော်လိုက်ပြီး ...

"ဒန္တီ ... ရော ... စား ... စား"

ဆိုပြီး အားရပါးရ ခွံ့ကျွေးလိုက်ရာဝယ် လက်က အရှိန်လွန်သွားသဖြင့် ထိုးသွပ်လိုက်သလို ဖြစ်သွားသောကြောင့် ထမင်းအလုံး (၇၀)ခန့်သည် သူမ၏လည်ချောင်းထဲသို့ အလုံးလိုက် အတစ်လိုက် ဝင်သွားပြီး သူမလေးခမျာ လျှာကလေးတစ်လစ်တစ်လစ်ဖြစ်၍ စပါယ်ရှယ် ထမင်းနင်ပါလေတော့သည်။

ထို့ကြောင့် သူ မျက်ပြူးဆန်ပျာဖြစ်သွားကာ ဆွဲခြင်းထဲမှ ရေဘူးကို အမြန်ထုတ်ယူ၍ သူမအား ပေးလိုက်လေ၏။

"ဟဲ့ ... ရဲရင့်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ နင် ငါ့ကိုသေကြောင်းကြံနေတာလား"

"မဟုတ်ပါဘူး ဒန္တီရယ်၊ ငါ ဝမ်းသာလုံးကြီး ဆို့သွားလို့ လက်နည်းနည်းလေး အရှိန်လွန်သွားတာပါ"

"နည်းနည်းလေး အရှိန်လွန်သွားလို့တာပေါ့၊ မပြောလိုက်ချင်ဘူး ဟွန်း"

ဆိုပြီး သူမသည် သူ့ကို မျက်စောင်းသေနတ်ပြင် ဒိုင်းခနဲ ပစ်ထည့်လိုက်လေ၏။ ရဲရင့်၏ဝမ်းသာလုံးကြီး ဆို့မှုကြောင့် သူမလေးခမျာ လည်ချောင်းကျဉ်းကျဉ်းလေးထဲတွင် ထမင်းလုံးများဆို့နေသဖြင့် ထိုဆို့နေသော ထမင်းအလုံး(၇၀)ခန့်ကို ချောင်းဆိုးနေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငြားလည်း သူမသည် အကြံသမားလေးပေမို့ နောက်တစ်လုတ် ခွံ့ကျွေးဖို့ရန် ပြောလိုက်လေ၏။

"ရဲရင့် ... ငါ့ကို နောက်တစ်လုတ်ခွံ့ကျွေး၊ ဒီတစ်ခါ ကောင်းကောင်းခွံ့ကျွေး၊ အတင်းထိုးမသွတ်နဲ့နော်"

"စိတ်ချ ဒဂ္ဂီ၊ ဒီတစ်ခါ ငါ အရှိန်မလွန်စေရဘူး"

ဆိုပြီး ဤတစ်ကြိမ်တွင်တော့ မုဆိုးကြီး၊ လူကြမ်းကြီး၊ လူဆိုးကြီး၊ လူမိုက်ကြီး ရဲရင့်သည် ထမင်းတစ်ဇွန်းကို အသာအယာကော်၍ ဆရာမချောချောလေး၏ နှုတ်ခမ်းဖူးဖူးလေးထဲသို့ နူးညံ့ညင်သာစွာ သွပ်သွင်းပေးလိုက်လေတော့သည်။

ဤတစ်ခါတော့ သူမသည် ထမင်းလုံးလေးများကို ညင်သာသာဝါးရင်း မဲစလီပင်အောက်က သဏ္ဍီကို တစ်ချက်စိုးကြည့်လိုက်လေ၏။ သဏ္ဍီသည် မျက်နှာပျက်ယွင်း၍ ကြိတ်မနိုင် ခဲမရ ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါတွင် သူမသည် စာမွဲ့ရန်စက်ခဲသော အပြုံးတစ်ခုကို မျက်နှာပေါ်သို့ ပစ်တင်လိုက်ပြီး သဏ္ဍီကိုရော ရဲရင့်ကိုပါ မျက်နှာလွှဲခဲပစ် လုပ်လိုက်လေ၏။

သူမသည် ဘာတွေကို ဘယ်လိုကြံစည်နေပါလိမ့်။ ရှင်းပါတယ်၊ သဏ္ဍီကို အရွဲ့တိုက်ချင်တာမို့ ရဲရင့်ကို စတ္တုလေတံခွန်လိုသဘောထား၍ ဆော့ကစားနေခြင်းပင်တည်း။

**Don't play with love, it is dangerous !**

အချစ်နှင့် မကစားရ၊ ရှော့ရှိတယ်၊ အန္တရာယ်ရှိတယ်ဆိုတာကို သူမ မသိပေဘူးလား။

ဒါမှမဟုတ် သိသိကြီးနှင့် အန္တရာယ်တောထဲသို့ အတင်းတိုးဝင်သွားတာလား။

ယခု သူမသည် ရဲရင့်ကို အသုံးချ၍ သဏ္ဍီကို သဝန်တိုအောင် ပြုလုပ်နေခြင်းပင်ဖြစ်၏။ သဏ္ဍီတစ်ယောက် သဝန်တိုပြီး မခံချိမခံသာတွေ ဖြစ်နေတာကို မြင်လိုက်ရတော့ သူမရင်ထဲတွင် တိတ်တိတ်လေး ပျော်ရွှင်နေမိပါသည်။



**There is no true love without jealousy**

မနာလို သဝန်မတိုတတ်လျှင် အချစ်စစ်မဟုတ်၊ သဝန်တိုတတ်မှ အချစ်စစ် ဖြစ်ပါသတဲ့။

"အခု သဏ္ဍီက တကယ်ကြီးကို သဝန်တိုစိတ်တွေ ဖြစ်နေတာဆိုတော့ ငါ့ကို အချစ်စစ်၊ အချစ်မှန်နဲ့ ချစ်နေလို့ပေါ့နော် ... ဟိဟိ"

ဆိုပြီး သူမစိတ်ထဲကနေ ရေရွတ်ပြောဆိုလိုက်၍ နှလုံးသားထဲတွင် တိတ်တိတ်လေး ရယ်မောလိုက်၏။

"ဒဂ္ဂီ"

"ဘာလဲ"

"ထမင်းခွံ့ကျွေးပြီးသွားရင် နင် ငါ့ကို အဖြေပေးမယ်ဆို"

"ဟဲ့ ... ငါ နင့်ကို အဲဒီလို ပြောမိလို့လား"

သူမ ရှုးချင်ယောင်ဆောင်ပြီး မျက်နှာပြောင်တိုက်လိုက်၏။ တကယ်တော့ သူမသည် ရဲရင့်ကို လုံးဝချစ်လို့မရပေ။ သူငယ်ချင်းလို သဘောထား၍ရ၏။

"ဒဂ္ဂီ ... နင် မညစ်ပတ်နဲ့နော်၊ ထမင်းခွံ့ကျွေးပြီးသွားရင် နင် ငါ့ကို အဖြေပေးမယ်လို့ ပြောထားတာ၊ ကဲ ... ပေးတော့"

ဆိုပြီး ရဲရင့်သည် သူမ၏ပန်းနုစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်၏။

"အို ... လွှတ်ပါ ရဲရင့်ရယ်၊ နင် ငါ့အသားကို မထိပါနဲ့"

သူမ ရုန်းထွက်ဖို့ ကြိုးစားပေမယ့် အချည်းနှီးသာလျှင်ဖြစ်လေ၏။ ရဲရင့်က သူမ၏ပန်းနုစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ရာကနေ သူမ၏ကိုယ်လုံးလေးကို အတင်းဆွဲဖက်၍ သူ၏ရင်ခွင်ထဲသို့ သိမ်းကျုံးဆွဲသွင်းပစ်လိုက်သောကြောင့်ပင်တည်း။

အားနွဲ့သော သူမလေးခမျာ ခန္ဓာကိုယ်ကြွက်သားတောင့်တင်းသော လူကြမ်းကြီး၏ရင်ခွင်ကြားထဲတွင် ရုန်းမရ လှုပ်မရဖြင့် နေချေပြီတကား။ ကိုယ့်အကြံနှင့်ကိုယ် ခံရတယ်ဆိုတာ ဒါမျိုးပေပေါ့။

သူမ တော်တော်ကြီးကို ထိတ်လန့်တုန်လှုပ်နေပါ၏။

www.burmeseclassic.com



သတ္တိကလည်း မဲဇလီပင်စည်ကို လက်သီးဖြင့် ထိုးမိနေပါ ပြီ။ အချစ်သဝန်တိုစိတ်များသည် ထိန်းချုပ်၍ မရနိုင်လောက်အောင် ပင် ပေါက်ကွဲနေချေပြီတကား။

"ရဲရင့် ငါ့ကိုလွှတ်လို့ ပြောနေတာ မကြားဘူးလား"

"မလွှတ်ဘူးဟာ၊ နင် ငါ့ကို ချစ်တယ်လို့ မပြောမချင်း လွှတ် ပေးဘူး၊ နင် ကတိတည်ရမယ်လေ၊ ကဲ ... ကဲ ... ငါ့ကိုအဖြေ ပေးတော့"

အို ... အကျပ်ရိုက်ပါဘိ။ ကိုယ့်ကတိနှင့်ကိုယ် ပိနေပြီ၊ သူမ ဘာလုပ်ရမယ်မှန်းပင် မသိတော့ချေ။ သူ၏ရင်ခွင်ကြားထဲတွင် အနေရခက်၊ မွန်းကျပ်နေပြီမို့ အသက်ရှုသံလေးတွေတောင် ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေပါပြီ။

ဒုက္ခပါပဲ။ ငါ ဘယ်လိုလုပ်ရမလဲ။ သူမ အမြန်စဉ်းစား လိုက်၏။ ထိတ်လန့်တုန်လှုပ်နေသည့် အချိန်တွင် ကမန်းကတန်း စဉ်းစားလိုက်သည်မို့ ထွက်လာသည့် အကြံအစည်က ကလေးလေးတစ် ယောက်၏ အတွေးအကြံသာသာလောက်ပင် ရှိလေ၏။

"ရဲရင့် ... ငါ နင့်ကို ချစ်တယ်လို့ ပြောရင် နင် ငါ့ကိုလွှတ်ပေး မှာလား"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်၏။ ထိုအခါ သူမသည် အသက်ရှူကျပ်၍ မောဟိုက်နေသော လေသံဖြင့် ...

"ချစ်တယ် ... ချစ်တယ်"

ဟု ချစ်စကားကို ဒုံးပျံလို အမြန်ပြောချလိုက်လေတော့ သည်။ ချစ်စကားကို ကြားလိုက်ရသဖြင့် ရဲရင့်တစ်ယောက် အူမြူးရော် ရွှင်သွားလေ၏။

"ဝမ်းသာလိုက်တာ ဒန္တီ ရယ်၊ ဒါဆိုရင် နင်နဲ့ငါ ချစ်သူတွေဖြစ် ပြီပေါ့နော်"

သူမသည် အင်းလည်းမလုပ်၊ အဲလည်းမလုပ်၊ မေးလည်း မဆတ်၊ ခေါင်းလည်းညိတ်မပြဘဲ ...





"ဟဲ့ ... ငါပြောပြီးသွားပြီ၊ လွှတ်တော့"

ဟု ဆိုလိုက်သောအခါတွင် ရဲရင့်သည် ကတိအတိုင်း သူမ၏ကိုယ်လုံးလေးကို ပွေ့ဖက်ထားရာမှ ပြန်လွှတ်ပေးလိုက်ပါတော့ သည်။

ယခု မြင်လိုက်ရသော မြင်ကွင်းများသည် သတ္တိအတွက် တော့ တော်တော်ကြီးကို ကျက်သရေတုံးနေပါ၏။ ထို့ကြောင့်ပင် သတ္တိ၏နှုတ်များမှ တောက်ခတ်သံတစ်ချက်သည် မထွက်စဖူး အထွက် ဆူးပြီး ညှိုးညှိုးညည်း ထွက်ကျလာလေတော့သည်။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



Night ...

အပြင်မှာ လသာနေပါ၏။ ဒန္တီ တစ်ယောက် မအိပ်
သေးဘဲ အခန်းပြတင်းတံခါးပေါင်ပေါ်တွင် မေးတင်၍ ကောင်းကင်
ကို ငေးကြည့်လျက်ရှိ၏။ လမင်းကွေးကွေးလေး၏ နံဘေးတွင် မှိတ်
တုတ် မှိတ်တုတ် ကြယ်ပွင့်လေးများ အစီအရီ ပေါက်နေပါ၏။

ကောင်းကင်တစ်ခွင်ကို ငေးကြည့်နေစဉ်မှာပင် လီမွော်ရော
အလင်းတန်းအရှည်ကြီးတစ်စင်း တဖောင်းဖြတ်သန်းသွားတာကိုမျက်
ထင်ထင် တွေ့လိုက်ရ၏။

"ဟယ်"

နှုတ်ဖျားမှ အာမေဋိတ်အသံလေး ခုန်ပေါက်ထွက်ကျ
သည်။ တစ်ပြိုင်တည်း ဆိုသလို သူမ မျက်မှောင်ကြုတ်၍ ထိုလီမွော်
ရောင် အလင်းတန်းကြီးကို လိုက်ကြည့်နေမိသည်။

"အို ... ကြယ်တံခွန် ကြွေကျသွားပါလား၊ ကြယ်တံခွန်ကြွေ
တာကို တွေ့လိုက်တဲ့သူက ကံဆိုးတတ်တယ်တဲ့"

သူမ၏စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားလေ၏။ အခြားကြယ်
များကြွေလျှင် အစိမ်းရောင် အလင်းတန်းသာလျှင် ထွက်လေ့ရှိ
ကြယ်တံခွန်ကြွေလျှင်တော့ လီမွော်ရောင်အလင်းတန်း ထွက်လေ့ရှိ

သာမန်ကြယ်များ ကြွေတာကို တွေ့မြင်စဉ် ဆုတောင်း
လိုက်ပါက တောင်းသည့်ဆု ပြည့်မည်ဖြစ်သော်လည်း ကြယ်တံ



ကြွေတာကို တွေ့မြင်လိုက်ပါက တွေ့မြင်သူသည် ကံဆိုးမိုးမှောင်ကျ
ဆတတ်သည်ဟူ၍ သူမ ကြားဖူးသောကြောင့် ယခုလို စိတ်ထင့်သွား
ခြင်းပင်ဖြစ်၏။

ကြယ်တံခွန် ကြွေကျလာသော အရပ်ဒေသသည် ကပ်(၃)
ပါး ဆိုက်ရောက်လေ့ရှိသည်ဟု မန်ချူးရာဇဝင်ကျမ်း၌ တွေ့ရသည်။

(၁) ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ်ခေါင်းကြောင့် ပျက်စီးသောကပ်။
(၂) သတ္တန္တရကပ် = လက်နက်ဘေးကြောင်းပျက်စီးသောကပ်။
(၃) ရောဂန္တရကပ် = ရောဂါဘေးကြောင့် ပျက်စီးသောကပ်။

ကြယ်တံခွန်သည် နတ်ဆိုးများကို သယ်ဆောင်လာသဖြင့်
ကြယ်တံခွန် ဆိုက်ရောက်လာသော အရပ်ဒေသ၌ သတ္တန္တရကပ်(ခေါ်)
စစ်ပွဲများ ဖြစ်ပွားလေ့ရှိ၏။ စစ်ဖြစ်ပွားတော့ နောက်ဆက်တွဲပြဿနာ
အဖြစ် ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂန္တရကပ်ပါ ဆက်ဖြစ်ပွားလေ့ရှိ၏။

ယခု ကြယ်တံခွန်သည် ဘယ်အရပ်ဒေသသို့ ဆိုက်ရောက်
လေမည်မသိ။ တွေ့မြင်လိုက်ရသော ဒန္တီကတော့ ကံဆိုးမိုးမှောင်ကျမှာကို
စိုးရိမ်ကြောက်ရွံ့နေလေရဲ့။

"အို ... ကြယ်တံခွန်ဆိုတာ ဥက္ကာပျံခဲကြီးပါ၊ ဥက္ကာပျံခဲတွေက
လူတစ်ယောက်ရဲ့ ကံကြမ္မာကို မခြယ်လှယ်နိုင်ပါဘူး၊ ဒီတော့
ကြယ်တံခွန်ကြွေတာကို မြင်လိုက်ရုံနဲ့ ငါ ကံဆိုးမိုးမှောင်မကျ
နိုင်ပါဘူး"

ဟု ရေရွတ်ပြောဆိုလိုက်ပြီး သူမလေးခမျာ မိမိ၏နှုတ်ခမ်း
ဖူးဖူးလေးကို အလောသုံးဆယ် ဖြေသိမ့်မှုပေးလိုက်ရသည်။ ထို့နောက်
သူမ သက်ပြင်းမောလေးချပြီးနောက် ရဲရင့်နှင့် သတ္တိ၏အကြောင်းကို
ဆက်တွဲ၍ စဉ်းစားနေလေတော့သည်။

နေ့လယ်က ရဲရင့် သူမကိုမွေ့ဖက်လိုက်တော့ သတ္တိတစ်ယောက်
ယောက် သဝန်တိုပြီး မခံချိမခံသာ ဖြစ်နေသော ရုပ်တလေးကို ပြန်
ပြေးမြင်ယောင်လာသဖြင့် သူမ ပါးပါးလေး ပြုံးနေမိသည်။

"ကောင်းတယ်၊ ချစ်တာကို ချစ်ကြောင်းဖွင့်မပြောတဲ့ သတ္တိကို
အဲဒီလို Lesson ပေးမှ မှတ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါ၏။ သူမသည် သတ္တိကို Lesson ပေးချင်တာ ရဲရင့်ကို ကောင်းကောင်းအသုံးချလိုက်ခြင်းပင် ဖြစ်ပါ၏။ ရဲရင့် ချစ်တယ်ဟု ပြောခဲ့ခြင်းသည် နှလုံးသားထဲမှ လျှံကျလာသောစကား မဟုတ်၊ နှုတ်ခမ်းဖျားမှ ခုန်ထွက်လာသော စကားသာဖြစ်၏။

**Love in the heart is better than honey in the mo**

နှလုံးသားထဲက အချစ်သည် နှုတ်ခမ်းပေါ်က ပျားရည်ထက်ပို၍ ချို ပါသတဲ့။

သူမလေးသည် နေ့လယ်တုန်းက "ချစ်တယ် ... ချစ်တယ် ဟူသော ပျားရည်နှစ်စက်ကို ရဲရင့်အား မလွဲမရှောင်သာ အခြေအနေ ကျွေးခဲ့ရပါ၏။

သူမလေး၏ နှုတ်ခမ်းပေါ်က ပျားရည်နှစ်စက်သည် ရဲ အတွက် လွန်စွာမှ ချိုမြိန်လွန်းခဲ့ပေသည်။

ထိုနှုတ်ခမ်းပေါ်က ပျားရည်နှစ်စက်ထက် သူမ၏ နှလုံးသား ထဲက အချစ်စစ်က ပို၍ချိုမြိန်ပါလိမ့်မည်။ သူမလေး၏ အချစ် အချစ်မှန်က မည်သူ့အတွက်လဲ ဆိုတော့ ...

"ဟယ် ... သတ္တိပါလား"

ပတ်ဝန်းကျင်ကို ငေးမောကြည့်နေစဉ် ခြံဝင်းထဲသို့ဝင် သော သတ္တိကို တွေ့လိုက်ရသဖြင့် သူမ၏ နှလုံးသားလေးသည် B Drum လေးလို ဒုံချပ် ဒုံချပ် မြည်ဟည်းသွားလေ၏။

"သူ ငါ့ဆီကို လာတာပဲ ဖြစ်ရမယ်၊ ဘာလာလုပ်တာလဲ ဘူး၊ သွားကြည့်မှပဲ"

ဟု ဆိုကာ သူမလေးသည် တသိမ့်သိမ့် တုန်လှုပ်နေ ရင်ဘတ်ကလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ခပ်ဖွဖွလေး ဖိအုပ် အခန်းထဲမှ ထွက်လာခဲ့လေ၏။

အချိန်က ည(၉)နာရီခွဲသာသာခန့်သာ ရှိသေးပါ သူမ၏ဖခင် ဦးထွန်းခေါင်သည် မအိပ်စက်သေးဘဲ ခြံဝင်းထဲမှ ကွပ် ပေါ်တွင် ရေနွေးကြမ်း ထိုင်သောက်လျက်ရှိသည်။

"ဟား ... သတ္တိပါလား၊ လာကွာ ... ထိုင် ... ထိုင်"



လှိုက်လှဲစွာ ဖိတ်ခေါ်မှုကြောင့် သူသည် ဦးထွန်းခေါင်၏ ဘေးတွင် ရို့ရို့လေး ဝင်ထိုင်လိုက်ပါ၏။ သို့သော် သူ၏မျက်လုံးများ တော့ အိမ်ဘက်သို့ ရောက်သွားပြီး ဆရာမလေးကို ရှာဖွေနေလေရဲ့။

"သတ္တိ လမ်းလျှောက်ထွက်လာတာလား"

"ဆိုပါတော့ဗျာ၊ အိပ်မရသေးတာနဲ့ ထွက်လာခဲ့တာ"

"မင်း ရောက်လာတာနဲ့ အတော်ပဲ၊ ငါ့အတွက် စကားပြောဖော် ရသွားတာပေါ့"

ထိုသို့ပြောဆိုရင်း ဦးထွန်းခေါင်သည် သတ္တိအတွက်ရေနွေး ကြမ်းတစ်ခွက် ငှဲ့ပေးလိုက်၏။ ထိုအချိန် အိမ်ထဲမှ ထွက်လာသော ကို လှမ်းမြင်လိုက်ရသဖြင့် သတ္တိတစ်ယောက် နေမထိထိုင်မသာ သွားလေသည်။

"ငါ သတ္တိဆီကိုသွားရင် ကောင်းမလား၊ အို ... ငါက သူ့ကို စိတ်ကောက်နေတာပဲ၊ သွားပါဘူး"

ဟု စိတ်ထဲကနေ ရေရွတ်ပြောဆိုလိုက်ကာ သူမသည် တံခါးဝမှာပင် ခြေလှမ်းများကို Stop လုပ်ထားလိုက်၏။ ထိုအခါ သည် ပိုလို့တောင် နေမထိထိုင်မသာ ဖြစ်သွားကာ လှုပ်တရွရွဖြစ်နေ တော့သည်။

သူမကို လှမ်းခေါ်ပြီး နေ့လယ်တုန်းက ကိစ္စအတွက် ရှင် ပြရှင်းလိုက်ချင်ပါ၏။ သို့သော်ငြားလည်း သူမ၏ မျက်နှာထားက သုန်မှုန်မှုန်ကြီး ဖြစ်နေသဖြင့် မခေါ်ရဲပြန်ဘူး ဖြစ်နေပါသည်။

ထိုအချိန် ဦးထွန်းခေါင်က အိမ်ဘက်သို့ မျက်နှာလှည့်လိုက် သူမကို မြင်တွေ့သွားလေ၏။

"ဒွေး ... သမီး မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ အဖေ"

"ဒါဆိုရင် ဒီကိုလာခဲ့လေ၊ ဒီမှာ သတ္တိရောက်နေတယ်"

"သိသားပဲ၊ သူနဲ့စကားမပြောချင်လို့ မလာတာ"

ဟု သူမ စိတ်ထဲကနေ ပြန်ပြောလိုက်လေ၏။ သို့သော် က ခေါ်နေသည်မို့ သူမသည် ကွပ်ပျစ်ဆီသို့ အသာအသာလျှောက် ခဲ့ပြီး ဖခင်၏နံဘေးမှာပဲ ကုပ်ကုပ်လေး ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငြားလည်း သူမသည် သူ၏ဘက်သို့ ယောင်လို့တောင် မျက်နှာမလှည့်မိချေ။ ဒါသည် ယောက်ျားတစ်ယောက်အပေါ် စိတ်ကောက်နေသော မိန်းကလေးတစ်ယောက်၏ မူယာမာယာများပင် ဖြစ်လေတော့၏။

သတ္တိကတော့ သူမလေး ယခုလို မူယာမာယာများနေမှန်း ဘယ်သိပါ့မလဲ။ နာမည်ကသာ သတ္တိ၊ လူကတော့ အဖြစ်မရှိ။ ခေါ် ဖို့အရေး စဉ်းစားနေသေးသည်။ သို့ပေမယ့်လည်း တိုက်ရိုက်မခေါ် တာမို့ ယောက်ျားမာယာ သုံးရတော့တာပေါ့။

"ဦးလေး ... ဒန္တီ့မျက်နှာက သုန်မှုန်နေပါလား၊ ကြည့်ရတာ နေမကောင်း ဖြစ်နေတဲ့ပုံပဲ"

သူက ထိုသို့ပြောလိုက်သဖြင့် ဦးထွန်းခေါင်သည် ဒန္တီ၏ မျက်နှာလေးကို သေချာစူးစိုက်ကြည့်လိုက်၏။

"ဟုတ်လား ဒန္တီ၊ သမီး နေမကောင်းဘူးလား"

"ကောင်းပါတယ် အဖေရယ်"

"ဒါဆိုရင် သမီးရဲ့မျက်နှာ ဘာဖြစ်လို့ သုန်မှုန်နေတာလဲ"

"မသုန်မှုန်ပါဘူး"

ဆိုပြီး သူမ မျက်နှာထားကို အမြန်ပြောင်းလဲပြီး ခပ်တည် တည်နေလိုက်ပါ၏။ သူ သူမကို တိုက်ရိုက်စကားမပြောရဲသေးပါဘူး ဘယ်ကနေ ဘယ်လိုစပြောရမယ်မှန်း စဉ်းစား၍ မရနိုင်အောင်ဖြစ်နေ ပါ၏။

စကားအစကို လုံးဝရှာမတွေ့သည်မို့ သူသည် သူမ ဘိုးတော်ကြီးကိုသာလျှင် ချွန်ထိုးလုပ်ဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

သူ့အနေဖြင့် ယောက်ျားတန်မဲ့ အချွန်နှင့်မ,ရမှာကို လုံး ရှက်မနေတော့ပေ။

နေ့လယ်တုန်းက သူ အပြတ်သတ်ခံလိုက်ရသည်ကို။

"ဦးလေး ... ကျွန်တော် ဦးလေးကို တိုင်ပြောစရာရှိတယ်၊ နေ့ လယ်တုန်းက ဒန္တီ့နဲ့ရဲရင့် ..."



သူ၏စကားကြောင့် သူမလေး မျက်လုံးပြူးသွားလေ၏။ ထို့ကြောင့် သူ၏စကားအဆုံးမသတ်မီမှာပင် သူမလေးသည် သူဆက် မပြောနိုင်အောင် စကားကို အမြန်ပိတ်ဆို့၍ ပြောလိုက်ရ၏။

"ဟဲကောင် ... ငါနဲ့ ရဲရင့် ရိုးရိုးသားသား စကားပြောကြတာ ကို တိုင်ပြောစရာလား"

"အောင်မာ ... ဘာရိုးရိုးသားသား စကားပြောတာလဲ၊ နင်နဲ့ ရဲရင့် တစ်ယောက်ကိုတစ်ယောက် ..."

"အေးနော် ... နင် ဆက်ပြောလို့ကတော့"

ဆိုပြီး သူမသည် သူ့ကို မျက်ကြုတ်ကိုးတန် လုပ်ပြလိုက် ၏။ ထိုအခါ သူသည် တိုင်မပြောဝံ့တော့ဘဲ ထိုကိစ္စကို စာခေါက် သိမ်းထားလိုက်လေ၏။ ဘာပဲဖြစ်ဖြစ် သူမက သူ့ကို စကားပြန်ပြော သည့်အတွက် သူ နည်းနည်းတော့ ကျေနပ်မိပါသည်။

ဟိုဖွဲ့ဖက်သည့်ကိစ္စကို သူမနှင့် အပြတ်မရှင်းရသေးသဖြင့် ပြည့်အဝတော့ မကျေနပ်သေးပေ။

"ဒန္တီ ... သမီးနဲ့ရဲရင့် တစ်ယောက်ကိုတစ်ယောက် ဘာလုပ်ကြ တာလဲ"

"ဘာမှမလုပ်ပါဘူး အဖေရယ်၊ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းဆိုင်ပြီး အေးဆေးစကားပြောကြတာပါ။ တကယ် ရိုးရိုးလေးဆိုမှ ရိုးရိုးလေးပါ၊ အဲဒါကို သတ္တိက အလကားသက် သက် သဝန်တိုနေတာပေါ့"

"ဟုတ်လား သတ္တိ"

"အင်း"

ဆိုပြီး သတ္တိက ဒန္တီ့ကို သနားသောအားဖြင့် ခေါင်းညိတ် ပြလိုက်သောအခါတွင် ဦးထွန်းခေါင်က —

"မင်းကွာ ... ယောက်ျားဖြစ်ပြီး သဝန်တိုတတ်ရသလား ဟား ဟား ဟား"

ဆိုပြီး သတ္တိ၏ပခုံးကိုပုတ်၍ တဟားဟားနှင့် ရယ်မောနေ လေတော့သည်။ ထိုအချိန် သူမ၏မိတွေး ခေါင်းခဲကာ သိုးသိပ်ထား —

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းခေါင်ရေ ... ဒီမှာ ကိုရီယားဇာတ်ကားလာနေပြီ"

ဟုအော်ပြောလိုက်သဖြင့် ဦးထွန်းခေါင်သည် ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်ပြီး ...

"ကဲ ... သတ္တိ၊ ငါ ကိုရီးယားဇာတ်ကား သွားကြည့်လိုက်ဦးမယ် မင်းနဲ့သမီး အေးဆေးစကားပြောကြပေါ့ကွာ"

ဟု ပြောခဲ့ကာ အိမ်ဘက်သို့ သုတ်ချေတင် လျှောက်လှမ်းသွားလေတော့သည်။ ထို့ကြောင့် ကွပ်ပျစ်ပေါ်တွင် သူနှင့်သူမနှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပါ၏။

ထိုအခါကျမှ သူမလေးသည် ခါးလေးထောက်၊ နှုတ်ခမ်းလေးစူရင်း သူ့ကို အပြတ်ကောပါလေတော့သည်။

"သတ္တိ ... နင် ယောက်ျားဖြစ်ပြီး ချွန်ထိုးလုပ်တာ မရှက်ဘူးလား၊ အဲဒီလို ချွန်ထိုးလုပ်တယ်ဆိုတာ စရိုက်ကျတဲ့မိန်းမတွေ လုပ်တာဟဲ့"

"ဟင် ... နင်က ငါ့ကို စရိုက်ကျတဲ့ မိန်းမကြီးလို့ ပြောချင်တာလား"

"အေး ... ဟုတ်တယ်"

"ဒါနဲ့ နေစမ်းပါဦး၊ ငါက အခု နင့်အဖေကို ချွန်ထိုးလုပ်မိလို့လား"

"ငါ ဝင်တားလိုက်လို့သာပေါ့၊ မပြောလိုက်ချင်ဘူး ... ဟွန်း"

ဆိုပြီး သူမလေးသည် သူ့ကို မျက်စောင်းဒုံးကျည်ဖြင့် ဒုန်းခနဲ လှမ်းပစ်လိုက်၏။ ထိုအခါ သူကလည်း သူမကို မျက်မှောင်လောင်ချာဖြင့် သေသေချာချာ ချိန်ပစ်ရင်း နေ့လယ်တုန်းက အမွေ့အဖက်ကိစ္စကို ခုချက်ချင်း အပြတ်ရှင်းဖို့ရန် အစပြုလိုက်လေ၏။

"ဒါ့ထက် ... ပြောစမ်း၊ နေ့လယ်တုန်းက ရဲရင့် ထမင်းခွံ့ကျွေးတာကို နင် ဘာလို့စားတာလဲ၊ ပြီးတော့ ရဲရင့်က နင့်ကို ဘာကြောင့်မွှေ့ဖက်တာလဲ"

"နင်ကကော ဘာကြောင့် မခံချိမခံသာတွေ ဖြစ်ခဲ့တာလဲ"





"ငါမေးတာကို အရင်ဖြေစမ်းပါ"

"ဒီမှာ သတ္တိ၊ Lady first ဆိုတာကို နင်မသိဘူးလား၊ ဒီတော့ နင် ငါ့ကို ဦးစားပေးရမယ်၊ ငါမေးတာကို နင်အရင်ဖြေ၊ ရဲရင့်က ငါ့ကိုမွှေ့ဖက်တော့ နင် ဘာကြောင့် မခံချိမခံသာ ဖြစ်ခဲ့တာလဲ"

"သဝန်တိုလို့ပေါ့"

"ပြောစမ်းပါဦး၊ ဘာကြောင့် သဝန်တိုတာလဲ"

"ငါ နင် ... နင့် ... နင့်ကို ..."

သူ့အနေဖြင့် စကားကို ပြီးဆုံးအောင် မပြောနိုင်ဘဲ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေလေ၏။ ဒီပုံစံအတိုင်းဆိုလျှင် သူသည် သူမကို တော်တော်နှင့် ဖွင့်ပြောနိုင်မည် မဟုတ်ဆိုတာကို သူမကောင်းကောင်း နားလည်လိုက်၏။

ထို့ကြောင့် သူမလေးသည် သူ့အပေါ် ကောက်နေသော စိတ်ကလေးကို ပလူတိုဂြိုဟ်ပေါ်သို့ ပို့ပစ်လိုက်ပြီး မိန်းမတို့၏ ထုံးတမ်းအစဉ်အလာအတိုင်း ရေလာမြောင်းပေး ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်၏။

"သတ္တိ ... နင်က ကြောက်ပဲ၊ ရင်ထဲကစကားကို ဘာကြောင့် ဖွင့်မပြောရဲတာလဲ"

"နင် ... နင် စိတ်ဆိုးသွားမှာစိုးလို့"

ဟု သူက အသံတုန်တုန်လေးဖြင့် ပြောလိုက်သောအခါတွင် သူမသည် သွားဖြူဖြူလေးတွေ ပေါ်တဲ့အထိအောင် ခပ်ဟာဟာလေး ရယ်မောမိလေ၏။

"ဪ ... သတ္တိ ... သတ္တိ၊ နင်က တော်တော် သူရဲဘော ကြောင်တဲ့ကောင်ပါလား၊ ဒီမှာ ... ငါ နင့်ကို အချစ်အသသနတစ်ခု ရွတ်ပြမယ်၊ Love is not for keeping but for giving to someone ၊ အချစ်ဆိုတာ သိမ်းဆည်းထားရန်မဟုတ်၊ တစ်ဦးတစ်ဦးကို ပေးလိုက်ဖို့တဲ့၊ မျိုသိပ်ထားတဲ့အချစ်က ပြည့်ပွား အချစ်ဆိုတာ ဖိနပ်လိုပဲ၊ နစ်ဖက်ရှိမှ ပြည့်စုံတာ"

"ဒါဆိုရင် ငါက နင့်ကို ဖွင့်ပြောရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အားလားလား ... သတ္တိ၊ နင် တော်တော်ပိန်းလှချည်လား ဒီလောက်ထိ မိန်းကလေးဘက်က ရေလာမြောင်းပေးလုပ်နေတာ တောင် သဘောမပေါက်ဘူး"

"ဟင် ... ဒါဆိုရင် နင်က ငါ့ကို ဖွင့်ပြောခိုင်းနေတာပေါ့လေ"

"ဟော ... ကြည့်ပါလား၊ အတူတူ အတတနဲ့ ဘာလေးမှန်းကို သိဖူး၊ ဟုတ်တယ် သတ္တိရေ၊ နင့်ကို ငါဖွင့်ပြောခိုင်းနေတာ ပြောတော့ ... ပြော ... ပြော ... ပြော ... မပြောရင် နင့်လျှာကို ဓားနဲ့ ရှက်ခနဲ ဖြတ်ပစ်လိုက်မယ်"

ဟု သူမလေးသည် ထိုသို့ ပေါ်တင်တဲ့ပြောလိုက်သောအခါ တွင်မှ သူ၏ Brain ထဲတွင် ရှင်းရှင်းလင်းလင်း ဖြစ်သွားလေ၏။ သူမ၏စကားလုံးများသည် သူ၏နှလုံးသားကို Power ဖြည့်ပေးသည် ဖြစ်နေပါ၏။

ထို့ကြောင့် သူသည် စွမ်းအားပြည့်ပြီး သတ္တိရှိလာ၏။ လျှာကလေးကလည်း ချစ်စကားပြောဆိုဖို့ရန် Ready ဖြစ်နေပြီပို့ သူ သည် နှုတ်ခမ်းနှစ်ထပ်ကို Open လုပ်လိုက်ပြီး ...

"ဒန္တီ ... ငါ နင့်ကို ကျစ်တယ် ... ကျစ်တယ်"

ဟု စပ်ဖြဲဖြဲမျက်နှာလေးနှင့်အတူ ခပ်မြန်မြန်လေးပြော လိုက်၏။ သူ၏ မပီကလာ ပီကလာ စကားသံကြောင့် သူမလေး၏ စင်ရော်တောင်ပံနှင့်တူသည့် မျက်ခုံးကွေးကွေးလေးသည် ရှုံ့တွတွလေး ဖြစ်သွားပြီး အထဲသို့ ကျုံ့ဝင်သွားပါ၏။

"ဟဲ့ ... ဘာကျစ်တာလဲဟ"

"ပီပီသသ မပြောချင်ဘူး ဒန္တီရယ်၊ ငါ ရှက်တယ်ဟ"

"အမယ်လေးဟဲ့ ... ချစ်စကားပြောတာ ရှက်စရာကျနေတာလဲ အကဲပိုတဲ့ကောင် ... အင်းဟာ ... အင်းဟာ"

ဆိုပြီး သူမလေးသည် ချစ်စကားကို မပီမပြင်ပြောသော သတ္တိ၏ ခါးကျဉ်ကြောကို လက်ဖြင့်အသားကုန် ဆိတ်ဆွဲပစ်လိုက်၏။

"အား ... ဖြည်းဖြည်းလုပ်ပါ ဒန္တီရယ်၊ ဒီမှာ ခါးကြောပြတ်တော့ မယ်ဟ"



"ဒါဆိုရင် နင် ချစ်စကားကို ပီပီသသပြန်ပြော"

"အေး ... အေး ... ပြောမယ်၊ ဒန္တီ... ငါ နင့်ကို ချစ်တယ် ... ချစ်တယ် ... ချစ်တယ်"

ဟု သူသည် ချစ်စကားကို ပီသစွာ ထပ်ခါတလဲလဲပြော လိုက်သောအခါတွင်မှ သူမလေး၏နှလုံးသားထဲတွင် ကျေနပ်မှုအဟုန် ဓါတ်ဓာမျှား လှုံ့တက်လာသောကြောင့် မျက်နှာလေးက ပြုံးတုံ့တုံ့လေး ဖြစ်သွားလေ၏။

လက်ကလည်း သူ၏ခါးကျဉ်ကြောကို ဆိတ်ဆွဲထားရာမှ ပြန်လွှတ်ပေးလိုက်ပါသည်။

"ဒန္တီ ... ငါ နင့်ကို ဖွင့်ပြောပြီးသွားပြီ၊ ဒီတော့ နင် ငါ့ကိုဖြေ ရှင်းချက်ပေးတော့၊ နေ့လယ်တုန်းက နင် ဘာကြောင့် ရဲရင့်ထမင်း ခွံ့ကျွေးတာကို စားတာလဲ"

"အဲဒါ ငါ နင့်ကို သဝန်တိုအောင် လုပ်ခဲ့တာပေါ့၊ အဲဒီအချိန်က ရဲရင့်က အခွင့်ကောင်းယူပြီး ငါ့ကို အပိုင်မွေ့ဖက်ခဲ့တာ"

"သူ မွေ့ဖက်တော့ နင်က ဘာလို့မရုန်းတာလဲ"

"ရုန်းတာပေါ့ သတ္တိရယ်၊ ရုန်းတာပေါ့၊ ဒါပေမဲ့ အားချင်းမမျှ တော့ ဘယ်လိုမှ ရုန်းမရခဲ့ဘူး၊ ဒါကြောင့် ငါ သူ့ကိုချစ်တယ်လို့ ပြောပစ်လိုက်တယ်"

"ဘာ"

သူမ၏စကားကြောင့် သူ မျက်ကလူးဆန်ပျာ ဖြစ်သွားပြီး ဘာခနဲ၊ အော်မိသွားလေသည်။

"ဘာ ... ဘာပြောတယ်၊ နင် ရဲရင့်ကို ချစ်တယ်လို့ပြောလိုက် တယ်၊ ဟုတ်လား"

"ဟုတ်တယ် သတ္တိရေ၊ သူက ချစ်တယ်လို့ပြောမှ လွှတ်ပေးမယ် ဆိုလို့ ငါ မပြောချင်ဘဲ ပြောလိုက်ရတာ၊ အမှန်အတိုင်းပြောရရင် ငါက ရဲရင့်ကို လုံးဝမချစ်ဘူးဟ"

"သေချာလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် သတ္တိရယ်၊ ငါ ရဲရင့်ကို လုံးဝမချစ်ဘူး၊ ငါ ချစ်တဲ့သူက တခြားတစ်ယောက်"

"ဘယ်သူလဲ ... ဘယ်သူလဲ"

ဟု သူက သိချင်ဇောဖြင့် အလောတကြီး မေးလိုက်သော အခါတွင် သူမလေးသည် သူ့ကို ကြည့်နေရာမှ မြင်လွှာလေးကိုအောက် သို့ ကမန်းကတန်းချလိုက်ပြီး ရှက်ကိုးရှက်ကန်း အမူအရာလေးဖြင့်

"နင်ပေါ့"

ဟု အသံသဲ့သဲ့လေးဖြင့် ပြောခဲ့ကာ ခါးကလေးကိုလှုပ်၍ အိမ်ဘက်သို့ ရီးခနဲ ရပ်ခနဲ ပြေးထွက်သွားပါလေတော့သည်။

"နင်ပေါ့တဲ့ ... ဘာလဲဟ"

ပထမတော့ သူ အူကြောင်ကြောင် ဖြစ်နေပါသေး၏။ ပြီးတော့မှ ...

"ဟင် ... နင်ပေါ့ဆိုတဲ့ ငါ့ကို 'ပြောတာပေါ့၊ အိုက်ရှားပါး ဒါဆိုရင် ဒန္တီက ငါ့ကိုချစ်တယ်လို့ ပြောသွားတာနဲ့ အတူတူ ပေါ့လေ၊ ဟား ဟား ဟား ... ဒန္တီချစ်တာ ငါတဲ့ကွ ... ငါကွ ငါကွ ... ဟား ဟား ဟား"

ဆိုပြီး သတ္တိတစ်ယောက် အပျော်လွန်ပြီး အရူးဖားဖား ဖြစ်သွားသဖြင့် အူ့အသည်းနှလုံး ကြားထဲမှ လျှံထွက်လာသော ရယ် သံဖြင့် ဝုန်းခတ်နေအောင် ရယ်မောပစ်လိုက်ပါတော့သည်။

❀ ✦ ❀



## အခန်း(၅)

နောက်တစ်နေ့မှာလည်း ဒန္တီသည် သတ္တိကို ဝင်မခေါ်ဘဲ ကျောင်းသို့သာ တန်းသွားလိုက်၏။ ယခုတစ်ခါ သူမ သူ့ကိုဝင်မခေါ် ခြင်းသည် စိတ်ဆိုးမပြေသေးလို့မဟုတ်၊ Lesson ပေးချင်လို့လည်း မဟုတ်၊ သူနှင့် မျက်နှာချင်းဆိုင်ရမှာကို ရှက်နေလို့သာ ဖြစ်လေတော့၏။

"ဟယ် ... သတ္တိ၊ ဒီနေ့လည်း ဒန္တီ နင့်ကို ဝင်မခေါ်ဘူးလား"

ဘုန်းကြီးကျောင်းဝင်းထဲသို့ ဆွမ်းချိုင့်ဆွဲရင်း လျှောက်လှမ်း လာသော ဟန်နီ၏အသံဖြစ်၏။

"ဘာလဲ ... ဒန္တီက ကျောင်းကို သွားပြီလား"

"အေး ... ဟုတ်တယ်လေ၊ မနက်ရှစ်နာရီလောက်ကတည်းက အိမ်ကထွက်သွားတာ၊ နင့်ကို ဝင်ခေါ်မသွားဘူးဆိုတော့ ဒန္တီ နင့်ကို စိတ်ဆိုးမပြေသေးဘူး ထင်တယ်"

ထိုအခါ သတ္တိသည် ပြုံးရွှင်သောမျက်နှာလေးနှင့်

"ပြေသွားပါပြီဟ၊ ငါနဲ့ဒန္တီ အရမ်းအရမ်းကို အိုကေသွားပြီ မလျှို့စတမ်း ပြောပြရမယ်ဆိုရင် အခု ငါနဲ့ဒန္တီ ချစ်သူရည်းစား တွေ ဖြစ်သွားပြီဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြည့်စမ်း၊ ဒန္တီက အဲဒီအကြောင်းကို ငါ့ကိုတောင် ပြောမပြပါလား၊ ဒါနဲ့ နေစမ်းပါဦး၊ နင်က ငါ့ညီမကို ဘယ် အချိန် ဖွင့်ပြောလိုက်လို့ ဘယ်အချိန် ချစ်သူတွေ ဖြစ်သွားတာ လဲ"

"မနေ့ညတုန်းက ဖွင့်ပြောလိုက်တာလေ"

"ဟင် ... ဒါဆိုရင် ဒန္တီက နင့်ကို ချက်ချင်းအဖြေပြန်ပေးသွား တာပေါ့"

"အင်း"

ဆိုပြီး သူက ခေါင်းညိတ်ပြလိုက်သောအခါတွင် ဟန်နီ တစ်ယောက် လွန်စွာမှ အံ့အားသင့်သွားပြီး အင်မတန်မှ ဝမ်းမြောက် ပျော်ရွှင်သွားလေတော့သည်။ သတ္တိနှင့်ဒန္တီ ယခုလို ဆိုင်းမဆင့် ဗုံမဆင့် ချစ်သူရည်းစားတွေ ဖြစ်သွားတော့ ဟန်နီ့အနေဖြင့် ရင်ကို လွတ်လွတ် လပ်လပ် ရင်ခုန်လို့ ရသွားတာပေါ့။

"အေး ... ကောင်းတယ်၊ နင်နဲ့ ငါ့ညီမ အခုလို ချစ်သူရည်းစား တွေဖြစ်သွားတာ သိပ်ကောင်းတယ်၊ နင်တို့နှစ်ယောက် မြန်မြန် လက်ထပ်ဖြစ်သွားရင် ပိုတောင်ကောင်းသေးတယ်"

"ဘာဖြစ်လို့လဲဟ"

"ငါ ကလေးတစ်ယောက်ရဲ့အဒေါ် ဖြစ်ချင်လို့"

ဟု ဟန်နီက တွတ်ခနဲ ပြောလိုက်သောအခါတွင် သူ၏ နှာခေါင်းလေးသည် ရှုတ်ခနဲ ဖြစ်သွားကာ ရယ်ကျဲကျဲ မျက်နှာလေးနှင့် အတူ ...

"စိတ်ချ ဟန်နီ၊ နင် ကလေးတစ်ယောက်ရဲ့အဒေါ်ဖြစ်ဖို့အတွက် ငါ ကြိုးစားပေးမယ်"

ဟု အားပါးတရ ပြောဆိုခဲ့ကာ ကျောင်းဘက်သို့ သုတ်ခြေ တင် ထွက်သွားလေတော့သည်။ ဟန်နီကလည်း ချိုမြိန်စွာပြုံးရင်း ဘုန်းကြီးကျောင်းထဲသို့ ဝင်သွားလေ၏။

သတ္တိတစ်ယောက် ကျောင်းသို့ရောက်ရောက်ချင်း ဒန္တီရှိ မည့်အတန်းဘက်သို့ လျင်မြန်စွာ လျှောက်လာခဲ့၏။ သူသည်(၈)တန်း





ဆောင် (ဘီ)ခန်းအရှေ့သို့ရောက်တော့ အတန်းထဲ၌ ဆရာထိုင်စားပွဲတွင် ထိုင်လျက်ရှိသော ဆရာမလေးဒန္တီကို တွေ့လိုက်ရလေ၏။

ကျောင်းသား ကျောင်းသူများသည် ညီညာသောလေသံဖြင့် ဘုရားရှိခိုးလျက်ရှိကြသည်။ ဒီတစ်ခါမှာတော့ သူသည် စပ်ဖြီးဖြီးမျက်နှာ လေးနှင့်အတူ အတန်းထဲသို့ ရဲရဲတင်းတင်း ဝင်လာခဲ့ပြီး သူမ၏နံဘေး က ကုလားထိုင်ပေါ် ထိုင်ချလိုက်လေ၏။

သူ၏မျက်နှာကို မြင်လိုက်ရတော့ သူမလေးသည် ရှက်ကိုး ရှက်ကန်း၊ အိုးတိုးအမ်းတမ်း ဖြစ်သွားပြီး အင်မတန်မှ အနေရခက်သွား လေ၏။ ရှက်အမ်းအမ်း ဖြစ်နေမှုကြောင့် သူမလေး၏မျက်နှာဖြူဖြူ လေးကလည်း နီစိုစိုလေးဖြစ်ပြီး ပန်းသွေးရောင်ပင် ယှက်သန်းနေပါပြီ။ သူ၏မျက်လုံးကို သေချာကြည့်ရမှာကို သူမလေးသည် လွန်စွာမှရှက် နေပါသဖြင့် မြင်လွှာလေးကို အောက်သို့သာ ချထားရပါ၏။

"ဒန္တီ ... နင် ငါ့ကိုမကြည့်ဘဲ ဘာဖြစ်လို့ စားပွဲခုံကို ပြူးပြဲ ကြည့်နေတာလဲ၊ မှန်းစမ်း ... စားပွဲပေါ်မှာ ဘာအကောင်ရှိလို့လဲ"

ဆိုပြီး သူကပါ သူမနှင့်အတူရောရော၍ စားပွဲပေါ်သို့ ပြူးပြဲ ကြည့်ပစ်လိုက်၏။ သို့သော် စားပွဲပေါ်၌ ဘာအကောင်မှ ရှာမတွေ့ သဖြင့် သူသည် သူမ၏မျက်နှာလေးကို သေချာ ပြန်ကြည့်လိုက်လေ ၏။

"ဟဲ့ ဒန္တီ၊ ငါ မေးနေတယ်လေ၊ နင် ဘာဖြစ်လို့ စားပွဲခုံကိုပြူးပြဲ ကြည့်နေတာလဲလို့၊ နင် ဘာရှာနေတာလဲ"

"ဘာမှ မရှာပါဘူး"

"ဒါဆိုရင် နင် ငါ့မျက်နှာကို သေချာကြည့်လေ"

"ယော ... ကြည့်ပါလား၊ ဒီကောင် တော်တော်အလိုက်ကန်းဆိုး မသိတဲ့ကောင်ပဲ၊ ဒီမှာ ရမ်းရှက်နေတာကို နားလည်သူလား သိဖူး"

ဟု သူမလေးသည် စိတ်ထဲကနေ ရေရွတ်ပြောဆိုလိုက်ပြီး အောက်နှုတ်ခမ်းလေးကို အပေါ်သွားများဖြင့် ဖွဖွလေး ဖိကိုက်ထား လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒန္တီ၊ ကလေးမဟုတ် သူငယ်မဟုတ် ဘာဖြစ်လို့ နှုတ်ခမ်းကိုက်နေတာလဲ"

"သတ္တိ ... နင် တော်တော်လျှာရှည်နေပါလား၊ ဒီမှာ လူကြီးလည်း နှုတ်ခမ်းကိုက်လို့ရတယ်။ နားလည်လား"

"ဘာလဲ ... နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား"

"ဟင့်အင်း ... ဆိုးတော့ပါဘူး"

"ဒါဆိုရင် နင် ငါ့မျက်နှာကို သေချာကြည့်လေ၊ ငါ နင့်မျက်လုံးလေးကို အရမ်းကြည့်ချင်လို့ပါဟာ"

သူက ထိုသို့ အသံချိုချိုလေးနှင့် ပြောလိုက်သဖြင့် သူမလေးသည် ရှက်စိတ်ကလေးကို မသိကျိုးကျွန်ပြုလိုက်ပြီး ခေါင်းကလေးကိုမော့ မျက်နှာကလေးကို အပေါ်သို့ ခပ်ဖော့ဖော့လေး ပင့်တင်ရင်း သူ့ကို ရွှန်းရွှန်းလေး ကြည့်လိုက်လေသည်။

သူမ၏အရွှန်းစားမျက်ဝန်းလေးသည် အင်မတန်မှချစ်ဖို့ကောင်းနေတာမို့ သူ၏ Heart ထဲတွင် နိုးလိုးခုလု ဖြစ်သွားလေ၏။ ယခုလို အကြင်နာပါသော အကြည့်နှစ်ခုသည် တစ်ခုနှင့်တစ်ခု အနီးကပ်ခလုတ်တိုက်နေသဖြင့် နှစ်ဦးစလုံး၏ရင်ထဲတွင် သိမ့်သိမ့်လေး၊ စိမ့်စိမ့်လေး၊ ဟိန့်ဟိန့်လေး ဖြစ်နေလေတော့သည်။

"ဒန္တီ ... နင် ငါ့ကိုချစ်လား"

သူမ ပြုံးပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်ပါ၏။

"အားမရဘူး ဒန္တီရယ်၊ ပါးစပ်နဲ့ဖြေဟာ၊ ငါ နင့်ရဲ့ချစ်စကားအသံချိုလေးကို ကြားချင်လို့ဟ"

"အို ... သတ္တိရယ်၊ ကလေးတွေအရှေ့မှာ ပြောချင်ပါဘူး၊ ရှက်စရာကြီး"

"ဒါဆိုရင် နင် ငါ့နောက်ကိုလိုက်ခဲ့"

ဆိုပြီး သူသည် သူမကို အတင်းဆွဲခေါ်သွားလေ၏။

ထို့ကြောင့် ဆရာမလေးဒန္တီသည် သူမ၏အတန်းကို ဒီအတိုင်း ပစ်ထားခဲ့ရ၏။





(၈)တန်းအဆောင်၏ အနောက်ဘက်ထောင့်သို့ ရောက်သောအခါတွင် သူနှင့် သူမ၏ခြေလှမ်းများသည် တုံ့ခနဲ ရပ်တန့်သွားလေ၏။

"ကဲ ... ဒန္တီ၊ ဒီနေရာက လူရှင်းတယ်ဟ၊ ဒီတော့ ဒီနေရာမှာပဲ ပြောတော့နော်"

သူသည် လွန်စွာမှ ကဲကဲကြီး ဖြစ်နေသဖြင့် သူမလေးသည် သူ့ကို မျက်စောင်းလေးခဲရင်း ကြည့်လိုက်လေ၏။

"ဒန္တီ ... ငါ့ကိုချစ်တယ်လို့ ပြောတော့လေဟာ၊ ငါအရမ်းကြားချင်နေပြီ"

"ဟွန်း ... သိပ်အကဲပိုတာပဲ"

"ပြောပါ ဒန္တီရယ်၊ ပြောပါနော်"

ဟု သူက သနားကမား လေသံလေးနှင့် ပြောလာသဖြင့် သူမသည် ရှက်ပြုံးလေး ပြုံးလိုက်ပြီး ...

"ကဲ ... ကဲ ... အဲဒီလောက်ထိအောင် ကြားချင်နေရင်လည်း ပြောပါ့မယ်ရှင်၊ ဒီက ဆရာလေးသတ္တိကို ဟောဒီက ဆရာမလေး ဒန္တီက သိပ်သိပ်ချစ်ပါသတဲ့ရှင့်"

ဟူ၍ ချိုသွဲ့သွဲ့ အသံလေးနှင့် ပြောလိုက်သောအခါတွင် သူသည် လွန်စွာမှ အူယားဖားယား ဖြစ်သွားပြီး ချစ်သူလေးကိုဖက်ကြည့်ချင်စိတ်တို့က အမြင့်ဆုံးဒီဂရီဖာရင်ဟိုက်သို့ ရောက်ရှိလာသဖြင့် သက်နှစ်ဖက်ကို Control မလုပ်နိုင်တော့ဘဲ သူမလေး၏ ခန္ဓာကိုယ်သွယ်သွယ်လေးကို ဘက်ခနဲ ဖက်မိသွားပါလေတော့သည်။

ရင်ထဲတွင် ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပေမယ့် သူမလေးသည် သူ၏ရင်ခွင်ကြားထဲမှ ရုန်းထွက်ဖို့ မကြိုးစားဘဲ မျက်လုံး[illegible] ငြိမ်ငြိမ်လေးသာ နေလိုက်ပါ၏။

"ဟယ် ... ကြည့်စမ်း၊ သတ္တိနဲ့ ဒန္တီ ဘယ်လိုဖြစ်နေပါလိမ့်"

အပေါ့သွားရန်အတွက် အိမ်သာဘက်သို့ လျှောက်သွားလာသော (၆)တန်းဆရာမ ဒေါ်သောင်းမြင့်၏အသံ ဖြစ်လေသည်။ ဒီလို [illegible]မျိုးဆိုလျှင် ဒေါ်သောင်းမြင့် အနေဖြင့် လွန်စွာမှ [illegible]။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒေါ်သောင်းမြင့်သည် အိမ်သာဘက်သို့မသွား သေးဘဲ ဟိုနှစ်ယောက် ကြင်နာစွာ ပွေ့ဖက်နေသော မြင်ကွင်းကို ဒီဘက်နံရံထောင့်ကနေ ချောင်းမြောင်းကြည့်ရှုနေပါတော့သည်။

❊ ✦ ❊



ကျောက်စည်အပေါက်ကြီးသည် လွန်စွာမှ ကြီးမားကျယ် လောင်လွန်းသော်လည်း ထိုအပေါက်ကျယ်ကြီးကို သစ်သားပြားတို့ဖြင့် လုံခြုံအောင် ပိတ်ဆို့၍ ရပေသည်။ သို့သော် လူ့ပါးစပ်ပေါက်ကျဉ်း ကျဉ်းလေးကတော့ ပိတ်ဆို့ဖို့ရန် လွန်စွာမှ ခက်ခဲပါ၏။

မှန်ပေစွ။ လောကကြီးမှာ ဘယ်လိုနည်းနှင့်မှ ပိတ်ဆို့ဖို့ ရန်မဖြစ်နိုင်သော အပေါက်သည် လူ့ပါးစပ်ပေါက်သာလျှင် ဖြစ်လေ တော့သည်။

ဆရာမဒေါ်သောင်းမြင့်၏ ဟောင်ဖွာ ဟောင်ဖွာ လုပ်မှု ကြောင့် သတ္တိနှင့် ဒန္တီတို့သတင်းသည် ဒီကနေ့ညနေမှာပင် တစ်ရွာလုံး သို့ ပျံ့နှံ့နေပြီဖြစ်၏။

"ဘာပြောတယ်၊ သတ္တိနဲ့ဒန္တီ ချစ်သူတွေဖြစ်သွားပြီ၊ ဟုတ်လား"

"ဟုတ်တယ် ရဲရင့်၊ သူတို့နှစ်ယောက် ကျောင်းမှာစာသင်ဘဲ ရှစ်တန်းအဆောင် အနောက်ဘက်ထောင့်ကိုသွားပြီး တစ်ယောက် တစ်ပြန် ပွေ့ဖက်ကြည့်နူးနေတာတဲ့"

"အဲဒီကိစ္စကို မင်းကို ဘယ်သူပြောလဲ"

"တစ်ရွာလုံး ပျံ့နေပြီကွ"

ဟု ကျားကြီးက ပြောလိုက်သောအခါတွင် [illegible] ကြည်နိုင်လောက်အောင် ဖြစ်သွားသဖြင့် ခေါင်းကို [illegible] ထိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ အဲဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒန္တီက ငါ့ကိုချစ်နေလို့ပေါ့၊ ဒန္တီက ငါ့ချစ်သူ၊ ငါနဲ့ဒန္တီ မနေ့တုန်းကမှ ချစ်သူတွေ ဖြစ်ခဲ့တာ"

"ဟော ... ဟုတ်လို့လား"

"ငါ ပုံပြင်မပြောတတ်ဘူး၊ မနေ့က နေ့လယ်ကျောင်းဆင်းချိန် တုန်းက ငါ ဒန္တီ့ဆီက ချစ်တယ်ဆိုတဲ့ အဖြေကို ရခဲ့တယ်"

ဟု ရဲရင့်က အပီအပြင် ပြောလိုက်သောအခါတွင် ကျားကြီးသည် အင်မတန်မှ စဉ်းစားရကျပ်သွားသဖြင့် ပါးစပ်အဟောင်းသားဖြစ် သွားလေ၏။

ထိုအချိန် ခြံဝင်းထဲသို့ ဟန်နီ ဝင်လာလေသည်။ ရဲရင့်၏ မျက်နှာသည် သုန်မှုန်ပျက်ယွင်းလျက်ရှိပြီး ဟန်နီ၏ မျက်နှာလေးကတော့ သာယာစွာ ပြုံးချိုနေပါ၏။

"ရဲရင့် ... နင် သတ္တိနဲ့ဒန္တီ့ရဲ့ သတင်းကို ကြားပြီးပြီလား"

ဟန်နီ၏ မေးခွန်းကြောင့် ရဲရင့်၏ မျက်နှာသည် ပို၍ပျက်ယွင်းသွားကာ လက်နှစ်ဖက်ဖြင့် ကိုင်ထားသော မြင်းစာများကိုလည်း မြေပြင်ပေါ်သို့ ဘုတ်ခနဲ လွှတ်ချပစ်လိုက်၏။

"လာပြန်ပြီ တစ်ယောက်၊ ပြောစမ်းပါဦး၊ သတ္တိနဲ့ဒန္တီက ဘာ ဖြစ်လို့လဲ"

"ချစ်သူရည်းစား ဖြစ်သွားပြီလေ"

"အဲဒါ တကယ်ပဲလား"

"တကယ်ပေါ့၊ မနေ့ညကမှ သူတို့နှစ်ယောက် ချစ်သူတွေဖြစ် သွားကြတာ၊ မနက်တုန်းကလည်း သူတို့နှစ်ယောက် ကျောင်းကို တစ်ယောက်တစ်ပြန် ..."

"တော်တော့ ဟန်နီ၊ ဆက်မပြောနဲ့တော့"

သူ၏ ဟိန်းဟောက်သံ အကျယ်ကြီးကြောင့် ဟန်နီ့ရဲ့ အသားတွေ တဆတ်ဆတ်တုန်သွားပြီး နှုတ်ခမ်းလေးကိုလည်း လက် ဖဝါးဖြင့် အမြန်ဘက်ခနဲ ပိတ်ထားလိုက်ရ၏။



ယခု ရဲရင့်၏ ပုံစံသည် မှန်ယိုနေသည့် ဆင်တစ်ကောင်ပမာ လွန်စွာမှ ကြောက်မက်ဖွယ်ရာကြီး ဖြစ်နေ၏။ ထို့ကြောင့် ဟန်နီသည် သူ့ကို နှုတ်ဆက်စကားတောင် မပြောဝံ့တော့ဘဲ ခြံဝင်းထဲမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

"တောက် ... ဒန္တီ ဘာအချိုး ချိုးတာလဲကွာ"

စိတ်အရမ်းတိုသွားမှုကြောင့် တောက်ခတ်သံက အင်မတန် မှ ကျယ်လောင်ပြင်းရှလွန်းလှပေ၏။ အာရုံကြောများကလည်း မုဆိုးမ ၏ ဆံပင်မွေးများလို ရှုပ်ရှုပ်ထွေးထွေးကြီး ဖြစ်သွားလေ၏။

"ဘာလဲကွာ၊ ဒန္တီ ဘာတွေလုပ်နေတာလဲ၊ ဘာအချိုး၊ ချိုးနေတာ လဲ"

နားမလည်နိုင်လောက်အောင် ဖြစ်နေပါ၏။ အတွေးတစ်ခု လုံးလည်း ချာချာလည်နေပြီ။ ဘယ်လိုမှ စဉ်းစား၍မရသည့်နောက် တွင်တော့ သူသည် မြင်းဖြူပေါ် ဆွေ့ခနဲ ခုန်တက်လိုက်ပြီး သတ္တဝါလေး ကို ဒုန်းစိုင်းပြေးနိုင်းလိုက်ပါတော့သည်။

ကျားကြီးကတော့ မျက်မှောင်ကြုတ်၊ ခေါင်းကိုတဗျစ်ဗျစ် ကုတ်ရင်း ခြံဝင်းထဲမှာပင် ကျန်ရစ်ခဲ့လေရဲ့။

❋ ✦ ❋



www.burmeseclassic.com

www.burmeseclassic.com



အချိန်က နေဝင်ရီတရော။

ကျောင်းဆင်းတာ ကြာပြီဖြစ်သောကြောင့် ကျောင်းဝင်းထဲ၌ မည်သူမျှ မရှိတော့ချေ။ သို့သော် ကျောင်းဝင်းအပြင်ဘက်က ကုက္ကိုပင်ကြီးအောက်တွင်တော့ နှစ်ယောက်ရှိသေး၏။ ထိုနှစ်ယောက်က သတ္တိနှင့် ဒန္တီ။

"ဒန္တီ ... ပြန်ကြစို့လေဟာ"

သတ္တိအနေဖြင့် ထိုစကားကို အကြိမ်(၃၀)မြောက်ပြောလိုက်ခြင်းပင်ဖြစ်၏။ ဒန္တီကလည်း အကြိမ်(၃၀)မြောက် ခေါင်းခါပြလိုက်ပါသည်။

"ပြန်သေးဘူးဟာ၊ ရွာထဲဝင်ရမှာ ရှက်တယ်ဟ၊ ငါတို့နှစ်ယောက်ရဲ့သတင်းက ရွာထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်နေတာဆိုတော့ အခုလောက်ဆိုရင် အဖေလည်း သိသွားလောက်ပြီပေါ့"

"သိတော့ ဘာဖြစ်လဲ ဒန္တီရယ်၊ နင်က အရွယ်ရောက်နေပြီလေ၊ ရည်းစားထားလို့ နင့်ကို အဖေက မဆူလောက်ပါဘူး"

"ငါက အဖေဆူပူကြိမ်းမောင်းမှာကို ကြောက်နေတာမဟုတ်ဘူး၊ ရွာထဲဝင်ရမှာကို ရှက်နေတာဟ၊ နင်နဲ့ ငါက ကလေးတွေကို စာမသင်ဘဲ အဆောင်ထောင့်သွားပြီး ပွေ့ဖက်ချစ်ကြည်နူးနေတာလို့ သတင်းပျံ့ထားတော့ ရွာထဲဝင်ရင် ရွာသူရွာသားတွေက ငါတို့နှစ်ယောက်ကို လှောင်ပြောင်ကျီစယ်ကြမှာပေါ့"





"လှောင် ဗလောင် ဒေါင် ဒေါင် ဒေါင်ပေါ့ဟာ၊ ငါကတော့ ရှက်ပါဘူး"

"အေး ... နင်မရှက်ပေမယ့် ငါ ရှက်တယ်ဟဲ့၊ ဒီလိုအရှက်ဟက်တက်ကွဲစေမယ့် သတင်းမျိုး ရွာထဲပျံ့နှံ့သွားတာ ဘယ်သူ့ကြောင့်လဲ သိလား"

"သူတစ်ပါးအကြောင်း အတင်းပြောတတ်တဲ့ ဆရာမဒေါ်သောင်းမြင့် ကြောင့်ပေါ့"

"မဟုတ်ဘူးသတ္တိ၊ အဓိကတရားခံက နင်ဟဲ့ နင်၊ နင်သာငါ့ကို မဖက်ခဲ့ရင် ဒီလိုအရှက်ကွဲမှာ မဟုတ်ဘူး"

သူမလေးက နှုတ်ခမ်းလေးစူရင်း ထိုသို့ အပြစ်တင်လိုက်သောအခါတွင် သူသည် ခပ်ဟဟလေး ရယ်မောရင်း ...

"ဪ ... ဒန္တီရယ်၊ ငါက နင့်ကို ချစ်လို့ ဖက်မိသွားတာပါ၊ စိတ်ဆိုးပါနဲ့နော်"

"ဆိုးမှာပဲဟာ"

ဟု သူမက ကလေးငယ်ငယ်လေး ဂျစ်တိုက်နေသောလေသံလေးဖြင့် ပြောလိုက်သောအခါတွင် သူသည် လွန်စွာမှအသည်းယားသွားသဖြင့် သူမ၏ကိုယ်လုံးလေးကို သိမ်းကျုံးထွေးပိုက်ပစ်လိုက်ပြီး ...

"Ok ! ... ချစ်လေးစိတ်ဆိုးရင် မောင်ချော့မယ်နော်"

ဟု တစ်ချိန်က ခေတ်စားခဲ့သော ရုပ်ရှင်မင်းသားကြီးဝင်းဦး၏ လေသံမျိုးနှင့် ပြောလိုက်သဖြင့် သူမလေးသည် ခစ်ခနဲရယ်မိသွားလေ၏။

"ပြောပါဦး ... ရှင်ကြီးက ကျွန်မလေးကို ဘယ်လိုချော့မှာလဲ"

တစ်ယောက်နှင့်တစ်ယောက် ချစ်ကလူကျီစယ်နေကြသည့်အခါအခေါ် နာမ်စားများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေ၏။

"အင်း ... မောင် ချစ်လေးကို အနမ်းလေးနဲ့ ချော့မယ်လေ ဘယ်လိုလဲ၊ နမ်းရမလား"

ဟု သူက မျက်ခုံးလေးပင့်ပြရင်း မေးလိုက်သောအခါတွင် သူမလေးသည် ရှက်ပြုံးလေးပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နမ်းချင် နမ်းပေါ့"

ဟု အသံသဲ့သဲ့လေးဖြင့် ပြန်ပြောလိုက်ကာ မြင်လှာလေးကို အသာအယာ မှိတ်ပေးထားလိုက်၏။ ထို့ကြောင့် သူ တအားပျော်ရွှင်သွားကာ သူမလေး၏ ပါးအိအိလေးကို သူ၏နှာတံလေးဖြင့် ရွှတ်ဆလှူပေးအပ်လိုက်လေတော့သည်။

နှစ်ဦးစလုံး၏ ရင်ခုန်သံက ပျားရည် Plus ထားသည့် ဝိုင်အရက်လို အင်မတန်မှ ချို့မြိန်နေပါ၏။ သူမလေးသည် သူ၏ခါးကို ညင်သာစွာ ပွေ့ဖက်ထားပြီး သူ၏နှာတံကလည်း သူမလေး၏ပါးပြင်မှာ အကြာကြီး ကပ်နေလေ၏။

Kiss မွှေးမွှေးလေး၏ အနံ့၊ အရသာက ဘရာဇီးကော်ဖီ ထက်ပင် ပိုကောင်းနေသယောင်ရှိ၏။

"သိပ်ချစ်နေကြတယ်ပေါ့လေ၊ ဟုတ်လား"

မြင်းခွာသံများနှင့်အတူ လေထုထဲ ဖြတ်သန်းလာသော အော်သံအကျယ်ကြီးသည် သူနှင့်သူမ၏ နားနံ့ရံကို ကြမ်းတမ်းစွာလာ ရိုက်ခတ်သောအခါတွင်တော့ သူ၏နှာတံနှင့် သူမ၏ပါးပြင်သည် ကပ်နေရာမှ ပြန်လည်ကွာဟသွားလေ၏။

မြင်လှာလေးကို ဖွင့်ကြည့်လိုက်တော့ သူမသည် ရဲရင့်၏ တင်းမာခက်ထန်နေသော မျက်နှာကြောကို တွေ့လိုက်ရသည်မို့ ကြောက်စိတ်များက သူမ၏ ငယ်ထိပ်သို့ တစ်ဟုန်ထိုး ပြေးတက်လာလေ၏။

ဒန္တီသည် အိမ်ပြန်မရောက်သေးဘူး ဆိုသဖြင့် ရဲရင့်သည် ယခုလို ကျောင်းသို့လိုက်လာခဲ့ခြင်းပင်တည်း။ ချစ်သူနှစ်ဦး ရွှတ်ဆလှူပေးနေသော မြင်ကွင်းသည် တခြားလူတွေအတွက်တော့ တိတ်တိတ်လေး ချောင်းမြောင်းကြည့်ရှုချင်စရာဖြစ်ပေမယ့် ရဲရင့်အတွက်တော့ မသာအပုပ်ကောင်ကြီးကို တွေ့လိုက်ရသလို လွန်စွာမှ ကျက်သရေတုံး နေပါ၏။

သူနှင့်သူမ၏ အရှေ့တည့်တည့်တွင် မြင်းဖြူ၏ခြေလှမ်း ချောင်းသည် ပြေးလွှားနေရာမှ တိခနဲ Stop ဖြစ်သွားလေသည်။ ရဲရင့် သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီးနောက် ...



"ဒန္တီ ... ထစမ်း"

ဆိုပြီး သူမ၏လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်၍ ကြမ်းတမ်းစွာ ဆွဲထူလိုက်၏။ ထို့ကြောင့် သတ္တိသည်လည်း ထိုင်ရာမှ အမြန်ထလိုက်လေသည်။

"ဒန္တီ ... ပြောစမ်း၊ နင် ဘာအချိုး ချိုးလိုက်တာလဲ"

ကြောက်ရွံ့တုန်လှုပ်နေသည်မို့ သူမသည် ရဲရင့်၏မျက်နှာကို သေချာမကြည့်ရဲသည့်အပြင် စကားလည်း ပြန်မပြောရဲရှာပေ။

"ဟဲ့ ... ငါမေးနေတယ် ဖြေလေ"

အကြီးအကျယ် ဒေါသထွက်နေမှုကြောင့် ရဲရင့်သည် သူမ၏ကိုယ်လုံးလေးကို ကြမ်းတမ်းစွာ ဆွဲလှုပ်ပစ်လိုက်၏။

"ရဲရင့် ... မင်း ဒန္တီ့ကို ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံပါနဲ့"

"တော်စမ်း သတ္တိ၊ မင်းပါးစပ်ပေါက်ကို ပိတ်ထားလိုက်၊ ငါ အခု ဒန္တီနဲ့ပဲ စကားပြောချင်တယ်၊ မင်းနဲ့စကားမပြောချင်ဘူး။ ဒီတော့ မင်း အသာနေ"

ဟု ပက်ခနဲ ပြောပြီးနောက် ရဲရင့်သည် သူမဘက်သို့ မျက်နှာပြန်လှည့်လိုက်၏။

"ဒန္တီ ... နင်က ဘယ်လိုမိန်းမစားမျိုးလဲ၊ နင် ဘာကြောင့်တစ်ရက်တည်းမှာ ယောကျ်ားနှစ်ယောက်ကို ချစ်တယ်လို့ ဖြင့်တူပြောခဲ့တာလဲ"

ရဲရင့်၏စကားသည် သူမ၏သိက္ခာတရားနှင့် သက်ဆိုင်လာပြီဖြစ်တာမို့ သူမသည် သူ ပြောဆိုသမျှ ငြိမ်ခံမနေတော့ဘဲ ပြန်လည်တုံ့ပြန်ပြောဆိုဖို့ ဆုံးဖြတ်လိုက်၏။

"ရဲရင့် ... နင့်စကားက ငါ့ရဲ့သိက္ခာတရားကို [illegible] ဖြစ်နေပြီ၊ ဒီမှာ ယောကျ်ားနှစ်ယောက်ကို ဖြင့်တူ[illegible] အောက်တန်းစားမိန်းမတွေထဲမှာ ငါမပါဘူး၊ ငါချစ်[illegible] တစ်ယောက်တည်းရယ်၊ သူ့နာမည်က သတ္တိ[illegible]"

"ဘာ ... ဒါဆို နင် ဘာကြောင့် ငါ့ကို ချစ်တယ်[illegible] ပြောခဲ့တာ လဲ"

www.burmeseclassic.com



“နင် ပြောခိုင်းလို့ ပြောတာလေ၊ ချစ်တယ်လို့ ပြောရတာများ လွယ်လွယ်မှ လွယ်လွယ်လေးရယ်၊ နှုတ်ခမ်းလေးလှုပ်ပြီး တ… လုံးချင်းပြောလိုက်ရုံပဲ၊ အဲဒီအချိန် နင်က ငါ့ကိုအတင်းမွေ့… တယ်၊ နင်ဖက်ချင်တိုင်း ဖက်ရအောင် ငါက ကြေးစားမိန်း… အပေါစားမိန်းမ မဟုတ်ဘူးဟဲ့၊ နင်က ချစ်တယ်လို့ ပြော… လွှတ်ပေးမယ်လို့ပြောတယ်၊ ရှင်းရှင်းပြောရရင် ငါက နင့်ရင်… ကြားထဲမှာ တစ်စက္ကန့်လေးတောင် နေချင်တာ မဟုတ်ဘူ… ဒါကြောင့်မို့ မချစ်ဘဲနဲ့ ချစ်တယ်လို့ ပြောပစ်ခဲ့တာ၊ ရင်ထဲ… လုံးဝမပါဘူး၊ ရှင်းတယ်နော်”

သူမက ထိုသို့ အထာကျကျ လက်ညှိုးလေး ဖေ့ယမ်း… ပြောလိုက်သောအခါတွင် ရဲရင့်သည် အသည်းအူကို ကျဉ်စက်နှင့်အ… ခံလိုက်ရသလို အလွန့်အလွန် ခံရခက်ခက် ဖြစ်သွားလေ၏။

“ဩော် … နင်က ငါ့ကို စက္ကူလေတံခွန်လို သဘောထားလို… တာပေါ့လေ၊ ဒီမှာ ဒန္တီ၊ အချစ်ဆိုတာ အပ်ချည်ကြိုးမဟုတ်သ… ငါကလည်း စက္ကူလေတံခွန် မဟုတ်ဘူးကွ”

“သိပါတယ်၊ ငါကလည်း စွန်လွှတ်တမ်း ကစားခဲ့တာမဟုတ်… ဘူး၊ တကယ်လို့ နင် ကြိုးမဲ့စွန်လို ဖြစ်သွားခဲ့ရင်လည်း ငါအ… အညွှတ် တောင်းပန်ပါတယ်”

“တောင်းပန်းတိုင်း ကျေအေးပေးရအောင် ငါက ဘုန်းကြီးမဟု… ဘူးကွ”

ရဲရင့်၏စကားကြောင့် သတ္တိရော ဒန္တီပါ မျက်ကြတ်ကို… ဖြစ်သွားလေ၏။

“မကျေနပ်တော့ မင်းက ဒန္တီ့ကို ဘာပြန်လုပ်ချင်လို့လဲ၊ သ… ပေးထားမယ်၊ ဒန္တီက ငါ့ချစ်သူနော်”

“ဒီမှာ သတ္တိ၊ ဒန္တီက မင်းချစ်သူ ဖြစ်ရုံမကလို့ မင်းမယား… ဖြစ်နေပါစေ၊ ငါလုံးဝ ဂရုမစိုက်ဘူး၊ တကယ်လို့ ဒန္တီက … မယား ဖြစ်သွားရင်တောင် ငါ ဒန္တီ့ကို မင်းလက်ထဲကနေ ပြ… လုယူပြမယ်၊ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ သတ္တိ … မင်းချစ်သူ…



ငါချစ်တယ်”

ဟု ရဲရင့်သည် ထိုသို့ မျက်နှာပြောင်တိုက်၍ ပြောခဲ့ကာ မြင်းပေါ်သို့ လှားခနဲ ခုန်တက်သွားလေတော့သည်။ ရဲရင့်ပြောသွားသည့် စကားကြောင့် သူမ၏နှုတ်များမှ ညည်းညူသံများ တရစပ် ခုန်ပေါက် ထွက်ကျလာလေ၏။

“အားလားလား … ရဲရင့်ဆိုတဲ့ကောင် တော်တော်မျက်နှာပြောင် တိုက်လှချည်လား၊ သူများချစ်သူကို ချစ်တယ်လို့ ပြောသွားတာ မရှက်ဘူးလား မသိဘူး”

“မရှက်လို့ ပြောသွားတာ နေမှာပေါ့၊ ဒါပေမဲ့ အခုကိစ္စမှာ သူ တစ်ယောက်တည်း မှားတာမဟုတ်ဘူး၊ ဒန္တီလည်းမှားတယ်”

“ဟင် … ငါက ဘာမှားတာလဲ”

“မချစ်ဘဲနဲ့ ချစ်တယ်လို့ သွားပြောတာ အမှားပေါ့၊ အခုတော့ ဒန္တီက သူ့ကို အရူးလုပ်ပြီး အသည်းခွဲလိုက်သလို ဖြစ်သွားပြီ ကပါလေ၊ အဲဒီအကြောင်းတွေကို နောက်မှ ဆက်ပြောကြမယ်၊ အခု အိမ်ပြန်ကြစို့ကွာ၊ တော်ကြာ ဒန္တီ့ကို အဖေစိတ်ပူနေလိမ့် မယ်”

ဒီတစ်ခါတော့ သူမ ငြင်းဆန်မှုမပြုတော့ဘဲ ခေါင်းညိတ် ပြလိုက်ပါ၏။ မှောင်ရိပ်သမ်းနေပြီဖြစ်သဖြင့် သူသည် သူမ၏အိမ်အထိ ရောက်အောင် လိုက်ပို့ဖို့ ဆုံးဖြတ်လိုက်၏။ ထို့နောက် သူနှင့်သူမသည် ဘုက္ကိုပင်အောက်မှ ထွက်ခွာ၍ ရွာဘက်သို့ ရွေ့လျားသွားလေတော့ သည်။

❊ ✦ ❊

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီကို လာကြစမ်းပါဦး"

ခြံထဲသို့ ဝင်လာသော သတ္တိနှင့် ဒန္တီ့ကို ကွပ်ပျစ်ပေါ်တွင် ထိုင်လျက်ရှိသော သူကြီးဦးထွန်းခေါင်က လှိုက်လှဲစွာ လှမ်းခေါ်လိုက်၏။ ဦးထွန်းခေါင်၏နံဘေးတွင် ဒေါ်နီခင်နှင့် ဟန်နီတို့လည်း ဂနာမငြိမ်စွာ ထိုင်နေလျက်ရှိကြ၏။

သူတို့သုံးဦးသည် ဒန္တီ့ကို သတ္တိနောက်သို့ နိုးရာလိုက်သွားပြီဟု ထင်နေကြတာပါ။ ယခုလို ဒန္တီ၏မျက်နှာလေးကို မြင်လိုက်ရတော့မှပဲ အားလုံး ရင်အေးသွားလေတော့သည်။ ကွပ်ပျစ်က လူငါးယောက်ဝိုင်းထိုင်ရန် ကောင်းကောင်းဝင်ဆံ့သည်မို့ သတ္တိနှင့်ဒန္တီသည် ဦးထွန်းခေါင်၊ ဒေါ်နီခင်၊ ဟန်နီတို့နှင့်အတူ ကွပ်ပျစ်ပေါ်တွင် ဝိုင်းပတ်၍ ထိုင်လိုက်ပါသည်။

"သတ္တိ ... ငါက မင်း ငါ့သမီး နိုးသွားပြီလို့ ထင်နေတာကွ"

"ဟာ ... ဦးလေးကလည်း၊ ကျွန်တော်က ငါးပါးသီလကို ထာဝရ လုံခြုံအောင် စောင့်ထိန်းနေတဲ့သူပါ။ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို တစ်ခါမှ မနိုးဘူးသလို သူတစ်ပါးရဲ့သမီးပျိုကိုလည်း နိုးပြေးဖို့ တစ်ခါမှ မစဉ်းစားဖူးပါဘူး"

သူက ထိုသို့ပြောလိုက်တော့ ဦးထွန်းခေါင်က ရယ်မောရင်းဖြင့် ...

"အေးပါကွာ၊ ငါ မင်းရဲ့အကျင့်သိက္ခာကို ယုံကြည်ပါတယ်။



လေးလည်း လေးစားပါတယ်၊ ဒါနဲ့ မင်းတို့နှစ်ယောက် ဘာဖြစ်လို့ အိမ်ပြန်နောက်ကျနေတာလဲ"

"ဒန္တီ့ပေါ့ ... ရွာထဲဝင်ရမှာ ရှက်လို့တဲ့လေ"

"အမယ်လေး ... ဒန္တီရယ်၊ ရည်းစားထားတာ ရှက်စရာကျနေတာပဲ"

ဟန်နီက ထိုသို့ပြောလိုက်တော့ ဒေါ်နီခင်ကလည်း ပြုံးပြုံးလေးဖြင့် ...

"ဟုတ်သားပဲ သမီးရယ်၊ ရည်းစားထားတာ ရှက်စရာမှ မဟုတ်တာ၊ သမီးလေးရဲ့အရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်တောင် ဖြစ်နေပြီကွယ့်"

"ဟုတ်တယ် သမီး၊ သတ္တိနဲ့သာ လက်ထပ်မယ်ဆိုရင် အဖေတို့ သဘောတူတယ်"

ဟု ဦးထွန်းခေါင်ကပါ လိုက်လိုက်လှဲလှဲ ပြောလိုက်လေ၏။ သူကြီးတွေက ဘယ်လောက်ပင် သဘောတူကြောင်းပြောပြော သူမလေးကတော့ ရှက်အားပိုနေပါသဖြင့် ခေါင်းကလေးကို အောက်သို့သာ ငုံ့ထားလေ၏။ သတ္တိကတော့ ဦးထွန်းခေါင်၏စကားကြောင့် အလွန်အလွန် အူမြူးသွားလေသည်။

"ဖေဖေလောင်း ... တကယ်ပြောတာလားဗျ၊ ကျွန်တော်နဲ့ဒန္တီ့ကို တကယ်ပေးစားမှာလား"

"အေး ... တကယ်ပေးစားမှာပေါ့ကွ၊ ဒါနဲ့ ဟိတ်ကောင်၊ မင်း ငါ့ကို ဖေဖေလောင်းလို့ မခေါ်နဲ့၊ ငါ နားယားတယ်ကွ"

"ဩော် ... ဖေဖေလောင်းကလည်း၊ ဖေဖေလောင်းက ကျွန်တော့်ရဲ့ဖေဖေ ဖြစ်တော့မှာမို့ ဖေဖေလောင်းလို့ ခေါ်တာပါ၊ ဖေဖေလောင်းရယ်၊ ခေါ်ပါရစေနော်၊ ဖေဖေလောင်း ... ဖေဖေလောင်း"

ဟု သူက အူမြူးပျော်ရွှင်စွာဖြင့် ဆက်တာဆက်တာ ခေါ်နေသဖြင့် သူမလေးကပါ နားကြားပြင်းကတ်လာသောကြောင့် သူ့ကို မျက်စောင်းလေးခဲ၍ ကြည့်ရင်း ...

"သိပ်အူမြူးနေတဲ့ကောင်၊ မြှူးချင်ဦး၊ ကဲဟာ ... ထဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူ၏ခါးကျဉ်ကြောကို တကယ်ကြီးကို လိမ်ဆွဲပစ်လိုက်သဖြင့် သူသည် အားခနဲ အော်မိသွားပြီး လူကြီးတွေကတော့ ဝါးခနဲ ဟားခနဲ ရယ်မိသွားလေတော့သည်။

"ချစ်လေးရယ် ... ဘာဖြစ်လို့ မောင့်ရဲ့ခါးကို ခဏခဏလိမ်ဆွဲနေတာလဲ"

"ဟဲ့ကောင် ... နင် တော်တော်နန့်ကြောဆွဲပြီး ရှပိုးထိုးနေပါလား၊ ဘာဖြစ်လို့ လူကြီးတွေအရှေ့မှာ မောင်နဲ့ချစ်လေးလို့ ပြောရတာလဲ"

"ချစ်လေးကို မောင် သိပ်သိပ်ချစ်လို့ပေါ့ ချစ်လေးရယ်၊ ချစ်လေးကလည်း မောင့်ကိုချစ်ကြောင်း ပြောဦးလေကွယ်"

"အို ... ဘာဖြစ်လို့ ပြောရမှာလဲ၊ ပြောဖူးဟာ၊ ပြောဖူးဟာ"

ဆိုပြီး သူမလေးခမျာ လွန်စွာမှ ရှက်သွားသဖြင့် ကွပ်ပျစ်ပေါ်မှ ဆွေ့ခနဲ ခုန်ဆင်းလိုက်ကာ ရှက်အမ်းအမ်း ဖြစ်နေသော ပန်းသွေးရောင်မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖွဖွလေးဖိအုပ်ရင်း အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်သွားလေတော့သည်။

ထိုသို့ သူမလေး အရှက်လွန်ပြီး ပြေးသွားသည့်ပုံစံလေးကို လိုက်ကြည့်ရင်း ကွပ်ပျစ်ပေါ်၌ အရယ်ဝိုင်းလေး ကျန်ရစ်ခဲ့လေ၏။

"ခစ် ... ခစ် ... ခစ်"

"ဝါး ... ဟား ... ဟား"

"ဝါး ... ဟား ... ဟား"

❋ ✦ ❋





## အခန်း(၆)

**နောက်(၂)လခန့် အကြာ**

ယခု၊ အချိန်က ညဥ့် ...။

နေရာက အရက်ဆိုင်မှာပေါ့။

"ဘာ ... သတ္တိနဲ့ ဒင်္ဂို လက်ထပ်ကြတော့မှာ၊ ဟုတ်လား"

လင်းအောင်က ထိုသို့ အာမေဍိတ်အသံဖြင့် အလန့်တကြား မေးလိုက်တော့ ပွေလီက ခေါင်းညိတ်ပြလိုက်ပြီး ...

"အေး ... ဟုတ်တယ်၊ မင်္ဂလာဖိတ်စာတောင် လိုက်ဝေပြီးသွားပြီကွ"

"ဒါနဲ့ မင်္ဂလာနေ့ရက်က ဘယ်တော့လဲ"

"အခုလာမယ့် Sunday တဲ့"

"ဟား ... မြန်လိုက်တာကွာ၊ ဘယ်လိုလုပ်ထဲ ရွှေယီး ငါ သူ့ကိုချစ်တယ်၊ ဒင်္ဂိုကို ငါပဲ ပိုင်ဆိုင်ချင်တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါများ လွယ်လွယ်လေးရယ်၊ မင်း ဒန္တီကို ချီပြေးပေါ့"

ပွေလီ၏ စကားကြောင့် လင်းအောင် တစ်ယောက် အူကြောင်ကြောင် ဖြစ်သွားလေ၏။

"ဟေ ... ဘယ်လိုချီပြေးရမှာလဲကွ"

"မင်းကလည်း ပိန်းလိုက်တာ၊ နှာမောင်းနဲ့ ချီပြေးရမှာပေါ့၊ ရှင်းရှင်းပြောရရင် ငါ မင်းကို ဆင်ကြဲ့ကြဲနိုင်းနေတာကွ၊ ဆင်ကြဲမကြဲရင် မင်း ရင်ခံရလိမ့်မယ်"

ဟု ပွေလီက ခပ်ဘွင်းဘွင်း ပြောလိုက်သောအခါတွင် လင်းအောင်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"အေး ... ဟုတ်တယ်၊ ငါရင်မခံချင်ဘူး၊ ဒီတော့ ဆင်ကြဲ့ကြဲရမယ်"

ဆိုပြီး ဒန္တီကို အပိုင်ဖမ်းဖို့အတွက် အပိုင်ကြံနေလေတော့သည်။ ယခု လင်းအောင်နှင့် ပွေလီက အရက်ဆိုင်၏ အပြင်ဘက်ဝိုင်းတစ်ဝိုင်း၌ ထိုင်နေကြခြင်းပင်ဖြစ်၏။

ဆိုင်၏ အတွင်းဝိုင်း တစ်ဝိုင်းတွင်လည်း ရဲရင့်သည် သတ္တိနှင့် ဒန္တီတို့၏ မင်္ဂလာဖိတ်စာလေးကိုကြည့်ရင်း ဝံပုလွေကြံ ကြံစည်နေလေ၏။ ဆင်ကြဲ့ကြဲတာထက် ဝံပုလွေကြံ ကြံတာက ပို၍အကြံပက်စက်ပါပေလိမ့်မည်။ မင်္ဂလာဖိတ်စာကို သတ္တိနှင့် ဒန္တီ က လာပေးခြင်းမဟုတ်ဘဲ ဟန်နီက သူ့ကို ညနေတုန်းကမှ ပေးခဲ့ခြင်းပင်ဖြစ်၏။

ယခု ဤဝိုင်း၌ ရဲရင့်၊ ကျားကြီးနှင့် အောင်တိုး အပြင် လောင်ကျိုရွာမှ ဘောက်နှင့် ချက်တို့ပါ ထိုင်နေကြတာပါ။ ထို့ကြောင့် ယနေ့ညတွင် သူတို့အဖွဲ့ ငါးယောက် ပြန်လည်ဆုံမိနေကြ၏။

အတန်ကြာသောအခါတွင် ရဲရင့်သည် မဲ့ပြုံးပြုံးလိုက်ပြီး နှုတ်မှလည်း အစ်တစ်တစ်လေသံဖြင့် ...

"ဟင်း ... ဟင်း ... တွေ့ကြသေးတာပေါ့ကွာ"

ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ ကျားကြီးက ...

"ဘယ်လိုလဲ ရဲရင့်၊ မင်း အကြံရပြီလား"

ဟု မေးလိုက်သောအခါတွင် ရဲရင့်သည် လက်မထောင်ပြရင်း ဆတ်ခနဲခေါင်းညိတ်ပြလိုက်၏။ အပိုင်ကြံပြီးပြီဆိုတဲ့ သဘောပေါ့။



"ဆရာ ... ဒါဆိုရင် ကျုပ်တို့ကိုလည်း ပြောပြဦးလေ"

ဟု၍ ဘောက်နှင့် ချက်က သိချင်ဇောဖြင့် တောင်းဆိုလိုက်သောအခါတွင် ရဲရင့်က ...

"Ok ... ပြောပြမယ်၊ အရှေ့တိုး"

ဆိုပြီး သူ၏ တပည့်လေးယောက်၏ ခေါင်းကို သူ၏ ဦးခေါင်းအနီးသို့ တိုးနိုင်းလိုက်ကာ အပိုင်ကြံပြီးသွားသော အကြံအစည်ကို လေးယောက်စလုံးအား လေသံဖြင့် တိုးတိုးလေး ပြောပြလိုက်လေတော့သည်။

အပြင်ဝိုင်းတွင် ထိုင်နေသော လင်းအောင်ကလည်း သူကြံပြီးသွားသော အကြံအစည်ကို ပွေလီအား တိတ်တဆိတ်ပြောပြနေလေရဲ့။

ပွဲကတော့ **Big Match** တကယ့် ပွဲကြီးပွဲကောင်းပါပေ။ လင်းအောင်က ဆင်ကြဲ့ကြဲ၏။ ရဲရင့်က ဝံပုလွေကြံ့ကြံ၏။ သူတို့နှစ်ယောက်စလုံး၏ ပစ်မှတ်က ...

ဆရာမလေး

# ပေရယ်ဒန္တီ

မှတ်ချက်။ ရဲရင့်တို့အဖွဲ့သည် အရင်က စုစုပေါင်း(၆)ယောက် ဖြစ်၏။ ပေသီးက ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီး ရုတ်တရက် သေဆုံးသွားသဖြင့် အဖွဲ့၌ တစ်ယောက်လျော့သွားခြင်းပင်တည်း။

❀ ◆ ❀

www.burmeseclassic.com

www.burmeseclassic.com



**Sunday** ...။

ဤတပင်တိုင်ကျေးရွာ၏ လေထုထဲတွင် သံစဉ်လှိုင်း
လေးများသည် မြူးပျော်ပျော် ပြေးဆော့ကစားလျက်ရှိ၏။ သံစဉ်
တော့ မင်္ဂလာသံစဉ်၊ မင်္ဂလာတေးသီချင်းများပင် ဖြစ်ပေ၏။ ထိုမင်္ဂလာ
တေးသီချင်းများသည် သူကြီးဦးထွန်းခေါင်၏ အိမ်ခြံဝင်းထဲကနေ ပျံ့
လာခြင်းပင်တည်း။

မှန်ပေစွ ...။ သတ္တိနှင့် ဒန္တီတို့၏ မင်္ဂလာဧည့်ခံပွဲ
ဦးထွန်းခေါင်၏ နေအိမ်ခြံဝင်းထဲမှာပဲ မဏ္ဍပ်ထိုး၍ ပြုလုပ်လိုက်ခြင်း
ဖြစ်၏။ မင်္ဂလာဧည့်ခံပွဲပြုလုပ်ရာ၌ ရွာ၏ဓလေ့ထုံးတမ်းအစဉ်အ
သည် အလှကျွေးရခြင်း မဟုတ်ဘဲ အဝကျွေးရခြင်းပင် ဖြစ်လေ
အဝကျွေးမှ ရွာသူရွာသားများ ကျေနပ်လေ့ရှိသောကြောင့်ပင်တည်
တစ်ရွာလုံးကို ဖိတ်ကြားထားသည်မို့ ထမင်းကို ဒန်
အကြီးကြီးလေးလုံးဖြင့် ချက်ထားပြီး ဟင်းကိုလည်း မိုးဗြဲဒယ်အိုး
သုံးလုံးဖြင့် ချက်ထားလေ၏။

တစ်အိုးက ငါးဟင်း၊ တစ်အိုးက ဝက်သားဟင်း ဖြစ်
နောက်တစ်အိုးက ကြက်ဆီပြန်ဟင်းပင် ဖြစ်လေ၏။

သတို့သားသတ္တိနှင့် သတို့သမီးဒန္တီသည် မင်္ဂလာဝတ်
မြန်မာဆန်ဆန် သေသပ်စွာ ဝတ်စားဆင်ယင်ထားကြပြီး လှ



တင့်တယ်လှပနေကြ၏။ နှစ်ဦးစလုံး၏ မျက်နှာပေါ်တွင် အပြုံးလိပ်ပြာ
ကလေးများ ပျံဝဲဆော့ကစားနေသည်မှာလည်း အင်မတန်မှ ကျက်သရေ
ရှိလှပါပေသည်။

"ဒန္တီ ... နင် ဘာဖြစ်လို့ ပြုံးနေတာလဲ"

"ပျော်လို့ပေါ့ဟ၊ ဒါနဲ့ နင်လည်း ပျော်လို့ပြုံးနေတာမှလား"

"အတိအကျ ပြန်ဖြေရမယ်ဆိုရင် ငါက မင်္ဂလာဦးညမို့ ပြုံးနေ
တာ"

ဟု သူက စပ်ဖြီးဖြီးမျက်နှာလေးနှင့် ပြောလိုက်သောအခါ
တွင် သူမလေးသည် ရှက်ရမ်း,ရမ်းသွားပြီး သူ၏လက်မောင်းကို ...

"အင်းဟာ"

ဆိုပြီး လက်ဖြင့် ဆိတ်ဆွဲလိုက်လေ၏။ သို့သော် သူက
လူတွေအများကြီးကြားထဲတွင် အားခနဲ အကျယ်ကြီးထအော်မှာစိုးသဖြင့်
သူမလေးသည် သူ မနာကျင်အောင် ချစ်စနိုးလေးဖြင့် ဖွဖွလေးဆိတ်
ဆွဲလိုက်ခြင်းသာလျှင် ဖြစ်ပေတော့သည်။

ထို့နောက် နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် အရယ်
မျက်နှာ၊ အချိုမျက်ဝန်းလေးဖြင့် အပြန်အလှန်ကြည့်ရင်း ကြည်နူးပီတိ
တွေ ဖြာဖြာဝေနေတော့သည်။

"ကဲ ... ဒန္တီ၊ ငါတို့ ဧည့်သည်တွေကို လိုက်ဧည့်ခံကြစို့"

သူမ ပြုံးပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်ပါ၏။ ထို့နောက်
သူနှင့် သူမသည် ရွှေလက်တွဲ၍ ရောက်လာသမျှ ဧည့်သည်တော်များကို
လိုက်လံဧည့်ခံစကား ပြောကြားနေလေတော့သည်။

ဖိတ်ကြားထားသော ဧည့်သည်တော်များသည် မင်္ဂလာ
မဏ္ဍပ်ထဲသို့ ဝင်လာမစဲ တသဲသဲ ဖြစ်နေပါ၏။ လူများသည် ရွှေပဲ
၌ ပြည့်လျှံနေပြီ ဖြစ်သလို မဏ္ဍပ်၏အပြင်ဘက် စားပွဲပေါ်တွင်လည်း
မင်္ဂလာလက်ဖွဲ့ပစ္စည်းများ တသီတတန်းကြီး ဖြစ်နေပါပြီ။

ထိုအချိန် လက်ဖွဲ့စားပွဲအနီးသို့ လင်းအောင်နှင့် ရွှေသီတို့
ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီ ... ငါတို့နှစ်ယောက် အဝကြိတ်၊ အဝဆွဲမှာနော်"

"အေးပါ ... ကြိုက်သလောက်သာဆွဲ၊ ဒါနဲ့ နင်တို့နှစ်ယောက် အရက်သောက်လာကြသေးလား"

"ဟာ ... ဘယ်ကသောက်လာရမှာလဲ၊ မင်္ဂလာညစ်ခံပွဲကို ငါ[illegible]တို့က မှုးမှုးရှူးရှူးနဲ့ လာပါ့မလား"

"အေးလေ၊ သောက်မလာရင်လည်း ပြီးတာပါပဲ၊ ဒါနဲ့ နင်တို့ ဘာလက်ဖွဲ့မှာလဲ"

"ပိုက်ဆံပဲ လက်ဖွဲ့မယ်၊ လင်းအောင်နှင့်ပွေလီ ငါးရာကျပ်[illegible] ရေးလိုက်"

လင်းအောင်၏စကားကြောင့် ဟန်နီ၏နှာတံလေးသည် ဝုန်းခတ်နေအောင် ရှုံ့တွသွားလေ၏။

"အမယ်လေးဟဲ့ ... နှစ်ယောက်ပေါင်းမှ ငါးရာကျပ်လို့ပဲ၊ [illegible] စေးနဲလိုက်တာ လွန်ရော"

"ဟဲ့ ... ငါက ကပ်စေးနဲတာ မဟုတ်ဘူး၊ မရှိလို့ကို မဖွဲ့တာ ဒီငါးရာတောင် သူများဆီကနေ ချေးလာခဲ့ရတာ"

"ဟွန်း ... နင်တို့ကလည်း ဒီလောက်ထိအောင် ပိုးစိုးပက်စက် မွဲရသလား"

"ကဲ ... ဟန်နီ၊ အပြစ်ဖွဲ့ချင်ရင် နောက်မှဖွဲ့၊ အခု ငါတို့ဗိုက်ဆာ နေပြီ၊ အထဲဝင်ပြီး လွေးတော့မယ်"

ဟု ဆိုကာ လင်းအောင်သည် ပွေလီ၏လက်မောင်းကို လက်ညှိုးဖြင့် တို့ပြီးနောက် မင်္ဂလာမဏ္ဍပ်ထဲသို့ ရွေ့လျားသွားလေတော့ သည်။ သတ္တိ၏အပြုံးမျက်နှာကို မြင်လိုက်သောအခါတွင် လင်းအောင်၏ မျက်နှာပေါ်တွင် မဲ့ပြုံး(သို့မဟုတ်)မချိပြုံးတစ်ခု လျှပ်တစ်ပြက်ဖြတ်ပြေး သွားလေ၏။

ထိုအပြုံးသည် တဒင်္ဂမျှသာ ဖြစ်ပေါ်သွားသည်မို့ မည်သူမျှ မတွေ့မြင်လိုက်ပေ။ ထို့နောက် လင်းအောင်၏မျက်နှာပေါ်က အပြုံးသည် လန်းဆန်းစွာ ပြုံးချိုသွားလေ၏။ စင်စစ် ထိုအပြုံးလန်းလန်းသည် ဟန်ဆောင်အပြုံးသာလျှင် ဖြစ်ပေတော့သည်။



"သတို့သားကြီး ဒီကိုလာပါဦးကွ"

လင်းအောင်က ထိုသို့ လှိုက်လှဲစွာ လှမ်းခေါ်လိုက်သဖြင့် သတ္တိသည် ဒန္တီ၏လက်ကိုတွဲခေါ်၍ လင်းအောင်တို့ဆီသို့ လျှောက်လှမ်းလာလေ၏။ ဒန္တီက လင်းအောင်နှင့် စကားမပြောချင်သော်လည်း ညစ်ခံပွဲသို့ ရောက်လာသူကို ဧည့်မခံပါက ရိုင်းရာကျမည်စိုးသဖြင့် အခုလို လင်းအောင်တို့ဆီသို့ လျှောက်လာခဲ့ခြင်းပင်ဖြစ်၏။

"သတ္တိ ... မင်းနဲ့ဒန္တီ ရာသက်ပန် ပေါင်းဖက်ခွင့်ရပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

လင်းအောင်က ထိုသို့ ဆုမွန်ကောင်းကောင်းပေးလိုက်သော အခါတွင် သတ္တိသည် ရွှင်လန်းသောအပြုံးနှင့်အတူ ...

"ပေးတဲ့ဆုနှင့် ပြည့်ပါစေဗျာ"

ဟူ၍ တက်ကြွစွာ ပြန်ပြောလိုက်၏။

"ဒါနဲ့ သတ္တိ၊ ဒီည မင်း ငါတို့ကို အရက်အဝတိုက်ရမှာနော်၊ မင်းလည်း သောက်ရမယ်"

"အို ... သတ္တိက အရက်သောက်တတ်တာ မဟုတ်ဘူး၊ ရှင်တို့ သူ့ကို အရက်မတိုက်ပါနဲ့၊ သတ္တိ ... နင်ကလည်း သူများအရက် တိုက်တိုင်း သောက်ရမှုးနော်"

"ဪ ... ဒန္တီရယ်၊ ဒီညက တို့နှစ်ယောက်ရဲ့မင်္ဂလာဦးညလေ၊ ဒီတော့ သတို့သားက အရက်နည်းနည်းပါးပါး သောက်ရမှာပေါ့၊ မြို့တွေမှာဆိုရင် သတို့သားတင်မကဘူး၊ သတို့သမီးတောင် ပါးပါးလေး ဝင်သောက်တယ်ကွ၊ ဒါကြောင့် ဒီည ငါ့တို့အရက် သောက်ခွင့်ပြုပါနော်"

"အေးလေ၊ ဒါဆိုရင်လည်း သောက်ပေါ့၊ ဒါပေမဲ့ နည်းနည်း ဆိုမှ နည်းနည်းလေးပဲ သောက်ရမှာနော်"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်၏။

"လင်းအောင် ... မင်း ကြားတယ်နော်၊ ဒန္တီက ငါ့ကိုသောက်ခွင့် ပြုတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"Ok! ... ဒါဆိုရင် ငါတို့ ညကျရင် ဝိုင်းဖွဲ့ပြီး သောက်ကြတာ ပေါ့"

"ကောင်းပြီလေ၊ ဒါပေမဲ့ အဲဒီအစီအစဉ်က ညကျမှကွ၊ အခု လောလောဆယ် မင်းတို့ ထမင်းဆွဲလိုက်ဦး၊ ငါတို့လည်း တခြား ဧည့်သည်တွေကို သွားဧည့်ခံလိုက်ဦးမယ်"

ဟုဆိုကာ သတ္တိနှင့် ဒဏ္ဍီသည် တခြားဧည့်သည်တော်များ ဆီသို့ ရွေ့လျားသွားလေ၏။

"တွေ့ကြသေးတာပေါ့ကွာ၊ ငါ ညကျရင် သတ္တိကို အရက်မူး မှောက်အောင် တိုက်ပစ်မယ်၊ ပြီးရင် ချောင်းဘက်ကိုခေါ်သွားပြီး ရေနစ်သတ်ပစ်မယ်၊ သူ့ဘာသာသူ ရေနစ်ပြီးသေသွားတဲ့ပုံစံမျိုး ဖြစ်အောင် ပိပိရိရိလုပ်ရမယ်၊ ဒဏ္ဍီကို ငါကလွဲပြီး ဘယ်သူမှမပိုင် ဆိုင်စေရဘူး၊ ဟုတ်ပြီကွ၊ အဲဒီအတိုင်း အပီအပြင် လုပ်မယ်"

ဟု လင်းအောင်သည် စိတ်ထဲကနေ ရေရွတ်လိုက်ကာ မိန့်မိန့်ကြီး ပြုံးနေလေတော့သည်။ သူ့အကြံနှင့်သူတော့ ဟုတ်နေတာကိုး

"ဒိုင်း"

ထိုအချိန် သေနတ်ပစ်သံတစ်ချက်နှင့်အတူ မြင်းဟီသံများ ကို ကြားလိုက်ရသဖြင့် မင်္ဂလာမဏ္ဍပ်အတွင်း၌ လူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ မြင်းသည် စုစုပေါင်း လေးကောင်ဖြစ်ပြီး မြင်းလေး ကောင်ပေါ်မှ လူလေးယောက်သည် မျက်နှာကို အနက်ရောင်ပဝါဖြင့် သေချာဆီးထားလေ၏။

"ဟား ... ဓားပြတွေလား မသိဘူး၊ သတ္တိနဲ့ဒဏ္ဍီ မင်းတို့အိမ်ထဲ ဝင်ကြစမ်း"

သူကြီးဦးထွန်းခေါင်က ထိုသို့ ပျာပျာသလဲ ပြောလိုက် သောအခါတွင် သတ္တိနှင့်ဒဏ္ဍီသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်သွားလေ၏။ ဒဏ္ဍီ၏အခန်းရှေ့သို့ရောက်သော အခါတွင် သတ္တိက ...

"ဒဏ္ဍီ ... နင် အခန်းထဲမှာပဲနေခဲ့၊ အပြင်ကိုလုံးဝထွက်မလာနဲ့ နော်၊ ငါ နင့်အဖေအနားကို သွားလိုက်ဦးမယ်"



ဟုဆိုကာ သတ္တိသည် ဒဏ္ဍီကို အခန်းထဲတွင်ထားခဲ့ကာ အပြင်သို့ ပြန်ထွက်သွားလေ၏။ မဏ္ဍပ်အတွင်းမှ လူများသည် ကတုန် ကယင် ဖြစ်နေကြပြီး ဘယ်ပြေးလို့ ပြေးရမယ်မှန်းမသိ ဖြစ်နေကြပါ လေ၏။

ဓားပြလေးယောက်သည် ခြံဝင်းထဲသို့ ဝင်မလာဘဲ ခြံ အပြင်မှာပင် ရစ်သီ ရစ်သီ လုပ်နေကြလေ၏။ မြင်းပေါ်မှလည်းတစ် ယောက်မျှ မဆင်းကြပေ။

"ဟိတ်ကောင်တွေ၊ မင်းတို့ ဘာလိုချင်တာလဲ၊ ရွှေလား၊ ငွေလား၊ လိုသလောက်ပြော၊ မင်းတို့ လိုသလောက်ပြော၊ ငါပေးမယ်၊ ဒါပေမဲ့ ဒီမင်္ဂလာပွဲကိုတော့ မဖျက်ပါနဲ့"

ဟု ဦးထွန်းခေါင်သည် မဏ္ဍပ်ထဲကနေ ဓားပြများကြား အောင် အော်ပြောလိုက်၏။ သို့သော် ဓားပြများသည် ဦးထွန်းခေါင်ကို ဘာမျှပြန်မပြောဘဲ ခြံဝင်းအပြင်ဘက်မှာပင် ရစ်သီရစ်သီ ဆက်လုပ်နေ ကြ၏။ ထိုအချိန် ...

"ဒိုင်း"

သေနတ်ပစ်သံတစ်ချက်သည် ကျယ်လောင်စွာ ထွက်ပေါ် လာပြန်၏။ ထိုသေနတ်ပစ်သံ ထွက်ပေါ်လာပြီးသည်နှင့် တစ်ပြိုင်နက် ခြံဝင်းအရှေ့မှ မြင်းလေးကောင်သည် Back ခေါက်၍ ဒုန်းစိုင်းပြေး ထွက်သွားလေတော့သည်။

ထိုသို့ ဓားပြများသည် ဓားပြမတိုက်၊ အကြမ်းမဖက်ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ထွက်သွားသောကြောင့် မဏ္ဍပ်အတွင်းမှ လူများအားလုံး အလွန့်အလွန် အံ့အားသင့်သွားလေ၏။

"ဟား ... ဘာသဘောလဲဟ၊ ဒီကောင်တွေ ဘာကြောင့်အကြမ်း မဖက်ဘဲ ပြန်ထွက်သွားတာလဲ မသိဘူး"

"ဟုတ်တယ် သူကြီး၊ ကျွန်တော်လည်း လုံးဝတိုင်ပင်အားမရဘူး"

ထိုသို့ပြောဆိုရင်း သူကြီးနှင့်သတ္တိသည် ခေါင်းတိုက်ပွဲ အံ့ကုတ်မိကြလေ၏။ ဟုတ်လည်း ဟုတ်တယ်လေ၊ ဒီလိုမျိုး အကြောင်း အတွက် စဉ်းစားရကျပ်နေကြသကိုး။

www.burmeseclassic.com



“ဒါနဲ့ သတ္တိ၊ ငါ့သမီးကော”

“အခန်းထဲမှာ ထားခဲ့တယ်၊ ကဲ ... ကျွန်တော် ဒန္တီ့ဆီကိုသွားလိုက်ဦးမယ်”

ဟုဆိုကာ သတ္တိသည် အိမ်ဘက်သို့ သုတ်ခြေတင်လျှောက်သွားလေ၏။ ခေတ္တမျှကြာသောအခါတွင် သူသည် ဒန္တီ၏အခန်းရှေ့သို့ ရောက်လာလေ၏။

“ဒန္တီ ... ဒန္တီ”

ဟု အော်ခေါ်ရင်း သူသည် အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။ သို့သော် အခန်းတံခါးသည် အထဲမှ ချက်ထိုး၍ ပိတ်ထားသည်မို့ ဖွင့်မရပါတကား။ ဒန္တီကလည်း ပြန်မထူးပေ။ ထို့ကြောင့် သူသည် အခန်းတံခါးကို တဗုန်းဗုန်းပုတ်၍ ...

“ဒန္တီ ... ဒန္တီ”

ဟု အသံကိုမြှင့်တင်ပြီး ထပ်မံအော်ခေါ်ကြည့်လိုက်၏။ မည်မျှပင် အော်ခေါ်ခေါ် အခန်းထဲမှ ဘာအသံမျှ ပြန်မပေးဘဲ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် သူ၏ရင်ထဲသို့ စိုးရိမ်လုံးကြီး ပြေးဝင်လာလေသည်။

ထို့နောက် သူသည် ဦးထွင်ခေါင်နှင့် ရွာသားတချို့ကို အမြန်ပြေးခေါ်ကာ သူမ၏အခန်းရှေ့သို့ ကမန်းကတန်း ပြန်ပြေးလာလေ၏။ ထို့နောက် သူတို့အားလုံးသည် အခန်းတံခါးကို အသားကုန် ပုတ်ရင်း ...

“ဒန္တီ ... ဒန္တီ”

ဟူ၍ သံပြိုင်အော်ခေါ်ကြသော်လည်း အထဲမှ ဘာအသံမျှ ပြန်မပေးသောကြောင့် အခန်းတံခါးကို ဖျက်ဖွင့်ဖို့ ကြိုးစားရလေတော့သည်။

အားကောင်းသော ယောကျ်ားခြောက်ယောက်ခန့်ပေါင်း၍ အခန်းတံခါးကို ဖျက်ဖွင့်တာတောင် အခန်းတံခါးသည် မပွင့်နိုင်ဘဲဖြစ်နေသဖြင့် သတ္တိသည် တူရွင်းကို အမြန်ပြေးယူလေ၏။ ပြီးတော့မှ အခန်းတံခါးကို တူရွင်းဖြင့်ကလန့်၍ ဖွင့်လိုက်လေ၏။



ထိုအခါကျမှ အခန်းတံခါးသည် ကျိုးပဲ့ပျက်စီး၍ ဗုန်းခနဲ ပွင့်အာသွားလေတော့သည်။ ထို့နောက် သူတို့အားလုံးသည် အခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လာလေ၏။ အခန်းအတွင်း၌ ပတ်ရှာကြည့်သော်လည်း ဒန္တီ၏အရိပ်အယောင်ကို လုံးဝမတွေ့ရချေ။

အခန်းပြတင်းတံခါးသည် ပွင့်အာလျက်ရှိပြီး ကြမ်းပြင်ပေါ်တွင်လည်း သွေးစတချို့ကို မြင်တွေ့လိုက်ရ၏။ ထို့ကြောင့် သတ္တိသည် သူမလေးအတွက် လွန်စွာမှ စိုးရိမ်သွားပြီး ...

“ဒန္တီ ... ဒန္တီ”

ဟူ၍ ရူးသွပ်စွာဖြင့် အကျယ်ကြီးမှ အကျယ်ကြီး ဟစ်ကြွေးအော်ခေါ်နေလေတော့သည်။

❁ ✦ ❁

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ ထို့နော[…] သူသည် မြင်းကို ခြံဝင်းအနောက်၌ ပေါက်ရောက်နေသော သရက်ပ[…] ချည်နှောင်ထားခဲ့ကာ ခြံဝင်းထဲသို့ တိတ်တဆိတ် ဝင်လာလေ၏။[…] သည် ခြံဝင်းထဲသို့ အရှေ့ပေါက်မှ ဝင်လာခဲ့ခြင်း မဟုတ်ဘဲ အနော[…] ပေါက်မှ ဝင်လာခဲ့ခြင်းပင် ဖြစ်၏။

ထို့နောက် သူသည် အိမ်အနီးသို့ တိုးကပ်လာပြီး ဖွင့်[…] နေသော ပြတင်းတံခါးပေါင်ပေါ်သို့ ပေါ့ပါးစွာဖြင့် လွှားခနဲ ခုန်[…] သွားလေ၏။ အဖြစ်အပျက်သည် လွန်စွာမှ မြန်ဆန်လွန်းသည်မို့[…] ကိစ္စကို မည်သူမျှ မသိလိုက်ကြချေ။

ပြီးနောက် သူသည် အခန်းထဲတွင်ရှိသော ဗီရိုကြီး[…] အသာလေး ပုန်းကွယ်နေလိုက်သည်။ ထိုအချိန် "ဒိုင်း"ဟူသော[…] ပစ်သံတစ်ချက် ထွက်ပေါ်လာမှုနှင့်အတူ ခြံဝင်းအရှေ့သို့ မြင်း[…] ကောင်နှင့် ဓားပြလေးယောက် ရောက်လာလေ၏။

ထို့ကြောင့် မင်္ဂလာမဏ္ဍပ်အတွင်း၌ လူများ အုတ်အုတ်[…] ကျက် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ အတန်ကြာသောအခါ[…] သတ္တိနှင့်ဒွန္တီသည် အိမ်ထဲသို့ ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြေးဝင်[…] ကြ၏။

"ဒွန္တီ ... နင် အခန်းထဲမှာပဲ နေနေခဲ့၊ အပြင်ကို လုံးဝထွက်[…] နဲ့နော်၊ ငါ နင့်အဖေအနားကို သွားလိုက်ဦးမယ်"



ဟုဆိုကာ သတ္တိသည် ဒွန္တီကို အခန်းထဲတွင် ထားခဲ့ကာ အပြင်သို့ ပြန်ထွက်သွားလေ၏။

ထို့နောက် သူမလေးသည် အခန်းတံခါးကို ချက်ထိုး၍ သေချာပြန်ပိတ်ထားလိုက်ပါသည်။ ပြီးနောက် သူမသည် မျက်နှာကို အခန်းဘက်သို့ လှည့်လိုက်လေ၏။

ထိုအချိန် သူမသည် လူတစ်ယောက်ကို ဘွားခနဲတွေ့လိုက်ရသည်မို့ အကြောက်လွန်ပြီး ကြက်သီးဖြန်းဖြန်းပင် ထသွားလေသည်။

"ဟင် ... ရဲရင့်၊ နင် ... နင် ... ငါ့အခန်းထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

ရဲရင့်သည် သူမ မေးတာကို ပြန်မဖြေဘဲ သူမ၏ မျက်နှာကို လက်သီးဖြင့် ခွက်ခနဲမြည်သည်အထိ အားအကုန်သုံး၍ တည့်ထိုးပစ်လိုက်သည်။

ထိုးချက်က လွန်စွာမှ ပြင်းထန်လွန်းသည်မို့ သူမ၏ နှာဝမှ သွေးစအချို့သည် ကြမ်းပြင်ပေါ်သို့ ဘောက်ခနဲ ပြုတ်ကျသွားမှုနှင့်အတူ သူမ၏ ခန္ဓာကိုယ်လေးသည်လည်း ကြမ်းပြင်ပေါ်သို့ ယိမ်းယိုင်လဲကျသွားလေ၏။

ထိုသို့ ကြမ်းပြင်ပေါ်တွင် မေ့မြောလဲကျနေသော သူမ၏ ခန္ဓာကိုယ်သွယ်သွယ်လေးကို သူသည် အရုပ်မလေးလို သဘောထားပြီး ပေါ့ပါးစွာ ပွေ့ချီလိုက်၏။ ထို့နောက်တွင်တော့ သူသည် သူမလေးကို သယ်ဆောင်၍ ပြတင်းတံခါးပေါက်ပေါ်မှ လွှားခနဲ ခုန်ဆင်းသွားလေတော့သည်။

သူသည် တစ်ချိန်က မုဆိုးတစ်ယောက်ဖြစ်ခဲ့ပြီး သစ်ပင်ပေါ်ကနေ အထုပ်အပိုးများကို သယ်ဆောင်၍ ခုန်ဆင်းဖူးသောကြောင့် ခုလို သူမလေးကိုပွေ့ချီ၍ ပြတင်းတံခါးပေါက်ပေါ်မှ ခုန်ဆင်းသောအခါတွင် အကျကောင်းပြီး အဆင်ပြေချောမွေ့ခဲ့လေ၏။

ထို့နောက် သူသည် ခြံဝင်းထဲမှ လျှင်မြန်စွာထွက်လာခဲ့ပြီး သူမလေးကို မြင်းပေါ်သို့ တင်ဆောင်လိုက်ပြီး သူသည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။

www.burmeseclassic.com



ထို့နောက် သူသည် ခါးကြားတွင်ထိုးထားသော သေနတ်ကို ထုတ်ယူပြီး သေနတ်ပြောင်းကို မိုးပေါ်သို့ထောင်၍ ဒိုင်းခနဲ ပစ်ထည့်လိုက်၏။

ထိုသို့ သေနတ်ပစ်ဖောက်ခြင်းသည် "ငါအဆင်ပြေပြီကွ မင်းတို့ လိုက်ခဲ့ကြတော့"ဟု အချက်ပေးလိုက်တာနှင့် အတူတူပင်ဖြစ်၏။

ထို့ကြောင့် သေနတ်ပစ်ဖောက်သံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် သူ၏တပည့်လေးယောက်ဖြစ်သော ကျားကြီး၊ အောင်ထိုက်၊ ဘောက်နှင့် ချက်တို့သည် သူတို့၏မြင်းလေးကောင်ကို ခြံဝင်းရှေ့နောက်ကြောင်းသို့ ဒုန်းစိုင်းပြေးခဲ့ခြင်းပင် ဖြစ်၏။

ထိုအတူ ခြံဝင်းအနောက်မှ မြင်းဖြူလေးသည်လည်း သူ၏သခင်ဖြစ်သော ရဲရင့်နှင့် မေ့မြောနေသော သတို့သမီးလေးကို သယ်ဆောင်၍ ဒုန်းစိုင်း ပြေးထွက်သွားလေတော့သည်။

မှတ်ချက်။ ဤအပိုဒ်ခွဲသည် စာရှုသူများ အမြင်ရှင်းလင်းစေရန် အနည်းငယ်မျှ နောက်ကြောင်းပြန်ပြခြင်းပင် ဖြစ်ပါသည်။

❋ ✦ ❋





All is fair in love and war ...

အချစ်နှင့် စစ်တွင် မတရားမှုဆိုတာမရှိ။

ဆင်ကြံ,ကြံ၍ ချစ်သူကို သိမ်းပိုက်သည်ဖြစ်စေ၊ ဝံပုလွေလို ပက်ပက်စက်စက် ကြံစည်၍ ချစ်သူကို သိမ်းပိုက်သည်ဖြစ်စေ အထက်ပါစကားပုံအရ အချစ်နှင့်စစ်တွင် မတရားမှုဆိုတာ မရှိသည်မို့ ချစ်သူကို အကြမ်းဖက်၍ သိမ်းပိုက်သော်လည်း တရားပါ၏။ မှတ်ပါလေ၏။

အခုလောလောဆယ်တော့ ဆင်ကြံ,ကြံထားသော လင်းအောင်ကား ဝံပုလွေလို ကြံစည်ခဲ့သော ရဲရင့်က ခြေတစ်လှမ်း အလှမ်းဝေးသွားခဲ့သည်။ မှန်ပေစွ။ ခုဆိုလျှင် ဓပရယ်ဒန္တီ သည် ရဲရင့်၏ ရင်ခွင်ကြားဆီသို့ ရောက်ရှိနေပါပြီ။

"ဒန္တီရယ် ... ငါ နင့်ကို အရမ်းချစ်လို့၊ လုံးဝလက်လွှတ်အဆုံးရှုံး မခံနိုင်လို့ အခုလို အကြမ်းဖက်သိမ်းပိုက်လိုက်ရတာပါ"

သူ ထိုသို့ တိုးညင်းစွာ ရေရွတ်ပြောဆိုရင်း သူမလေး၏ ပါးပြင်လေးကို ကြင်နာစွာဖြင့် ရှုတ်ဆလူးပေးလိုက်လေ၏။ နေ့လယ်က သူသည် သူမ၏မျက်နှာကို လက်သီးဖြင့် တည့်ထိုးခဲ့သောကြောင့် သူမ၏မျက်နှာပေါ်တွင် ညိုမည်းမည်းအကွက်ကြီး ဖြစ်ပေါ်နေပါသည်။

ထို့ကြောင့် သူသည် သူမ၏မျက်နှာပေါ်က ညိုမည်းမည်း အကွက်ကြီးကို ပြေလျော့သွားစေရန်အလို့ငှာ သေချာကြင်ကြင်နာနာ ပွတ်ပေးနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်သည် ညဆယ့်တစ်နာရီခွဲခန့် ရှိနေပါပြီ။ သူတို့ ရောက်ရှိနေသော နေရာက တောနက်ထဲတွင် တည်ဆောက်ထားသည့် သူတို့၏မိုလ်တဲစခန်းတွင်ဖြစ်၏။

တဲအပြင်၌ ကျားကြီး၊ အောင်တိုး၊ ဘောက်နှင့် ချက်တို့ သည် မီးပုံဝိုင်းဖွဲ့၍ အရက်ထိုင်သောက်နေလျက်ရှိ၏။ တဲအတွင်းမှာ တော့ သူနှင့်သူမ နှစ်ဦးတည်းသာရှိပေသည်။

တဲအတွင်း၌ ဆီမီးထွန်းညှိထားသည်မို့ သူသည် သူမ၏ မျက်နှာကို ကောင်းစွာမြင်နေရပါ၏။ သို့သော် သူမကတော့ သူ့ကို လုံးဝမမြင်ရပေ။

အဘယ်ကြောင့်ဆိုသော် သူမလေးသည် ယခုထိတိုင်အောင် သတိလစ်မေ့မြောနေဆဲ ဖြစ်သောကြောင့်ပင်တည်း။ အို ... ကြည့်စမ်း ပါဦး၊ သူမ ဝတ်ဆင်ထားသော သတို့သမီးဝတ်စုံလေးက ဖရိုဖရဲလေး ဖြစ်နေရှာပါတကား။ ဤပုံစံကို ကြည့်ခြင်းအားဖြင့် ခုနတုန်းက သူ သည် သူမလေးကို ဇနီးအရာမြောက်ပေးပြီးသွားပြီ ထင်ပါရဲ့။

"ဒန္တီ ... နောက်ဆိုရင် နင်နဲ့ငါ အတူတူနေကြမယ်နော်၊ အခု နင်က ငါရဲ့ချစ်ဇနီးလေး ဖြစ်သွားပြီဟ"

ဟင် ... ကြည့်စမ်း၊ သူ ဘာဖြစ်လို့ အဲဒီလို ရေရွတ်ပြော ဆိုလိုက်တာလဲ၊ သေချာပါတယ်။ ဒီပုံစံအတိုင်းဆိုရင် သူ သူမကိုကိုယ် သေပေါက် ခြေတော်တင်ပြီးသွားလောက်ပြီပေါ့။

"အား ... ကျွတ် ... ကျွတ်"

ထိုအချိန် သူမ၏နှုတ်ဖျားမှ ညည်းညူသံများ ခုန်ဆင်းလာ ကာ မျက်လုံးကလေးကလည်း လှုပ်စိ လှုပ်စိ ဖြစ်လာလေ၏။ သို့သော် သူမသည် မြင်လွှာကို ဖွင့်မကြည့်သေးဘဲ ...

"အား ... နာတယ် ... နာတယ် ... မလုပ်နဲ့"

ဟု ထပ်မံညည်းတွားလိုက်တာမို့ သူသည် ကြပ်ထုတ်ထိုး ပေးနေခြင်းကို Stop လုပ်လိုက်လေ၏။

"ဒန္တီ ... နင် သတိရပြီလား"





ရဲရင့်၏အသံကို ကြားလိုက်ရသဖြင့် သူမသည် ခေါင်းမူး နောက်နောက် ဖြစ်နေပါသော်လည်း မြင်လွှာနှစ်ချပ်ကို အားယူ၍ ပြန်ဖွင့်လိုက်လေ၏။

"ဟင် ... ရဲရင့်၊ နင် ... နင် ... နင် ငါ့ကို ဘယ်နေရာကိုခေါ်လာ တာလဲ"

သူမက ထိုသို့ အသံတုန်တုန်လေးဖြင့် မေးလိုက်သော အခါတွင် သူသည် ပြုံးရွှင်နေသော မျက်နှာလေးနှင့်အတူ ...

"ဒီနေရာက ငါ့ရဲ့ကိုယ်ပိုင်နေရာပေါ့"

ဟု ပြန်ဖြေလိုက်လေ၏။ ထို့နောက် သူမသည် မိမိဝတ် ဆင်ထားသည့် အဝတ်အစားများကို ကမန်းကတန်း ငုံ့ကြည့်လိုက်ရာ ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် သွေးပျက်မတတ် ထိတ်လန့် လှုပ်သွားလေတော့သည်။

"ရဲရင့် ... နင် ... နင် ငါ့ကို မတော်တရော် ပြုကျင့်လိုက်တာ လား"

"ခွင့်လွှတ်ပါ ဒန္တီရယ်"

"ဘာ ... ခွင့်လွှတ်ရမယ် ဟုတ်လား၊ ခွေးကောင်၊ အယုတ်တမာ ကောင်၊ အင်းဟာ"

ဆိုပြီး သူမသည် စိတ်တိုတိုနှင့် သူ၏ပါးကို လက်ဖြင့် ဖြန်းခနဲ မြည်သည်အထိ အသားကုန်လွှဲရိုက်ပစ်လိုက်၏။

"ရိုက်ပါ ဒန္တီရယ်၊ နင် ငါ့ကို ရိုက်သင့်ပါတယ်၊ ဒါပေမဲ့ နင် အိမ်ကို ပြန်မပြေးပါနဲ့နော်၊ ငါ နင်နဲ့မခွဲနိုင်လို့ပါဟာ၊ ပြီးတော့ ငါ နင့်ကို သိပ်ချစ်တယ်"

"ဒီမှာ ရဲရင့်၊ နင်က ငါ့ကိုချစ်ပေမယ့် ငါက နင့်ကို လုံးဝမချစ် ဘူး၊ မချစ်တဲ့အပြင် အခု ငါ နင့်ကို အရမ်းမုန်းသွားပြီ"

"လင်မယားကြားမှာ အချစ်နဲ့အမုန်းရှိတာ၊ သိပ်ပြောသံ[illegible]ဖူး ဟာ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်းပါတယ်၊ အခု နင်က ငါ့ရဲ့ချစ်ဇနီးလေး ဖြစ်သွားပြီလေ ဒီတော့ နင်နဲ့ငါ့ကြားမှာ အချစ်နဲ့အမုန်းဆိုတာ ရှိနေမှာပဲ၊ အ ငါက နင့်ကိုချစ်တယ်၊ နင်က ငါ့ကို စိတ်ဆိုးမုန်းတီးနေတယ် ဒီတော့ နင် စိတ်ဆိုးပြေတဲ့အထိ ငါပြန်ချော့မယ်လေ”

“သွားစမ်းပါ၊ ငါက ချော့တိုင်းပျော့တတ်တဲ့ လင်တရှူး မဟုတ်ဘူး၊ အခု ငါက နင့်ကို စိတ်ဆိုးတာ မဟုတ်ဘူး၊ ရွံတာ ပိုးစိုးပက်စက်ကို ရွံရှာမုန်းတီးတာ”

သူမက နာကြည်းချက်များ ရောယှက်နေသော လေသံဖြ ထိုသို့ပြောလိုက်ပေမယ့် သူကတော့ အပြုံးမပျက်နိုင်ဘဲ မြူးပျော်ရွှေ ဖြစ်နေပါ၏။

အဘယ်ကြောင့်ဆိုသော် သူမက သူ့နယ်မြေထဲကို ရောက် နေတာကိုး။

“ကဲ ... ဒန္တီ၊ နင် ငါ့ကို မုန်းချင်လည်းမုန်းဟာ၊ ကြိုက်သလော မုန်း၊ ဒါပေမဲ့ ငါ တစ်ခုပြောပြမယ်၊ အချစ်နဲ့အမုန်းဆိုတာ အိမ်ထောင်ရေးရဲ့ အနှိမ့်စားအဆင့်ပဲရှိတယ်၊ ရှင်းရှင်းပြောရရင် အိမ်ထောင်တစ်ခုမှာ အဓိကအကျဆုံးအရာက သံယောဇဉ်ပဲ သံယောဇဉ်ကြိုး ခိုင်မာနေရင် ဘယ်လောက်မုန်းမုန်း မပြတ်သွာ တဲ့၊ မှတ်ထား”

ဟူ၍ သူသည် လက်ဖျောက်တစ်ချက်တီးရင်း ဟန်ပါပါ နှင့် ပြောလိုက်လေ၏။ ဆိုရိုးစကားတောင် ရှိသေးတယ်မလား။

Love and hate are the lines of a circle ...

အချစ်နှင့်အမုန်းဆိုတာ စက်ဝိုင်းတစ်ခု၏ အနားမျဉ်းတွေဖြစ် သတဲ့။

ချစ်ပြီးရင် မုန်းသွားနိုင်သလို၊ မုန်းပြီးရင်လည်း ပြန်ချ သွားနိုင်တာပဲ။ ချစ်တစ်ခါ၊ မုန်းတစ်လှည့် အဲဒါ အိမ်ထောင်ရေး သတဲ့ တစ်ယောက်နှင့်တစ်ယောက် နာကြည်းမုန်းတီးနေသော်လည်း မကွာရှင်းဘဲ ဆက်လက်ပေါင်းသင်းနေသည့် လင်မယားတွေကို မြင်



ကြမှာပေါ့။ အဲဒါ ၎င်းတို့နှစ်ဦးကြားတွင် အလွန်ခိုင်မာသည့် သံယောဇဉ် ဟူသော ကြိုးတစ်ချောင်း ရစ်ပတ်တွယ်ငြိနေလို့ပင်ဖြစ်၏။

“ဘာလဲ ရဲရင့်၊ နင်က ငါနဲ့ သံယောဇဉ်ကြိုးတွေ ငြိတွယ်အောင် ကြိုးစားမလို့လား”

“ဒါပေါ့။ လူဆိုတာ အနေနီးရင် ရင်းနှီးပြီး သံယောဇဉ်တွေဖြစ် သွားတတ်ကြတယ်မလား၊ ဒီတော့ နင်နဲ့ငါ အတူတူနေတာ အချိန်တွေကြာလာရင် သံယောဇဉ်ကြိုးတွေ နှောင်ဖွဲ့သွားမှာ ကျိန်းသေပေါက်ပဲ”

“သွားစမ်းပါ၊ အရူးမထစမ်းပါနဲ့၊ ဒီမှာ ရဲရင့်၊ နင်နဲ့အတူတူနေ ပြီး သံယောဇဉ်တွေ အဖြစ်ခံမယ့်အစား ငါ့ကိုယ်ငါပဲ သတ်သေ ပစ်လိုက်မယ်”

သူမ၏စကားကြောင့် သူ ပျာပျာသလဲ ဖြစ်သွားလေ၏။

“ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ ဒန္တီရယ်၊ နင်သေရင် ငါ အရူးတစ်ပိုင်းဖြစ်ပြီး ကျန်ရစ်ခဲ့မှာပေါ့၊ ဒါကြောင့်မို့ ကိုယ့်ကိုယ် ကိုယ်တော့ သတ်မသေလိုက်ပါနဲ့နော်”

“ကောင်းပြီလေ၊ ဒါဆိုရင် ငါ့ကိုယ်ငါ သတ်မသေဘူး၊ ဒီလိုလုပ် မယ်”

ဟုဆိုကာ သူမသည် သူ၏နံဘေးတွင် ထောင်လျက်ရှိသော အရက်ပုလင်းကို ဆီးခနဲ ဆတ်ခနဲ ဆွဲယူလိုက်ကာ မော့သောက်ဖို့ရန် ဟန်ပြင်လိုက်၏။

ထို့ကြောင့် သူ သူမကို ကြောင်ကြည့်နေမိပါသည်။ သူ ထိုသို့ ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် သူမသည် အရက်ကိုမော့ သောက်တော့ဘဲ အရက်ပုလင်းဖြင့် သူ၏ခေါင်းကို ချွမ်းခနဲမြည်သည် အထိ အပိုင်ရိုက်ပစ်လိုက်လေတော့သည်။ အဲဒါ မိန်းမတယော

“အား”

ဟူသော အော်ဟစ်သံထွက်ပေါ်လာမှုနှင့်အတူ သူသည် ဒါးဖြင့်ပြုလုပ်ထားသော ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အရက်ပုလင်းလည်းကွဲ ...
သူ၏ခေါင်းလည်းကွဲ ...
ကွဲသောခေါင်းမှ ယိုစီးနေ ...
သွေးတွေ၊ သွေးတွေ၊ သွေးတွေ ... ... ...။



## အခန်း(၇)

"ဝေါင်း ... ဝေါင်း"

ကြောက်မက်ဖွယ်ရာကောင်းသော အသံကြီး ထွက်ပေါ်လာလေ၏။ ဘာအသံပါလိမ့်။ သူ နောက်သို့ အမြန်လှည့်ကြည့်လိုက်၏။ တိရစ္ဆာန်တစ်ကောင်ကို တွေ့လိုက်ရပေသည်။

ဝေါင်းခနဲ ဝေါင်းခနဲ ဟိန်းတတ်သည်မှာ ကျားဖြစ်၏။ သို့သော် ထိုသတ္တဝါသည် တဝေါင်းဝေါင်း ဟိန်းလာသော်လည်း အသံနှင့်အနက် အစင်းကျားမရှိဘဲ မည်းပြောင်ပြောင်ကြီး ဖြစ်နေသည်မို့ ကျားတော့ လုံးဝမဖြစ်နိုင်ပေ။

သူသည် ထိုသတ္တဝါကြီးကို ဘာအကောင်၊ ဘာအကောင်ဟူ၍ စဉ်းစားရန် အချိန်မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုမည်းပြောင်ပြောင်အကောင်ကြီးသည် သူ့ဆီသို့ တစ်ဟုန်ထိုး ပြေးလာနေသောကြောင့်ပင် ဖြစ်လေတော့သည်။

ထို့ကြောင့် သူ လက်ဖြင့် ခါးနောက်သို့ [illegible] စမ်းကြည့်လိုက်၏။ သို့သော် ခါးနောက်ကြားထဲတွင် ထိုးထည့်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သေနတ်သည် မရှိတော့သဖြင့် သူသည် နောက်ကြောင်း
တစ်ချိုတည်း လှည့်ပြေးရလေတော့သည်။

မည်းပြောင်ပြောင် အကောင်ကြီးကလည်း သူ့နောက်
တစ်ဟုန်ထိုး ပြေးလိုက်၏။ သူကလည်း ခြေဦးတည့်ရာသို့ မိုင်
သုတ်ပြေး၏။

သတ္တဝါကြီးက သူ့ထက် ပြေးအားအလွန်သာနေသ
ခဏလေးအတွင်းမှာပင် သူ့ကိုမီလာလေ၏။ ဟာ ... ကြည့်စမ်း
နှင့် သတ္တဝါကြီး၏ပါးစပ် အကွာအဝေးသည် လေးမေသာသာခန့်
လျှင် ခြားနားပေတော့သည်။

မြင်ကွင်းကတော့ တော်တော်ကြီးကို အသည်းယား
ကောင်းပါဘိ။ လှမ်းဟပ်လိုက်လျှင် ပွဲပြီးသွားမလား မပြောတတ်
ပြေးတယ် ... ပြေးတယ်၊ သူ အားအကုန်ထုတ်သုံး၍
ပြေးတယ်။ ဒီလိုပြေးနေရင်းနှင့်ပင် သူ၏ခြေထောက်သည် တစ်စုံတစ်
နှင့် ဒုတ်ခနဲ ခလုတ်တိုက်သွားသဖြင့် သူသည် အရှိန်မထိန်းနိုင်
ဘဲ ရှေ့သို့ မှိုင်းခနဲလဲကျသွားစဉ် သတ္တဝါကြီးသည် သူ့ကိုခုန်အုပ်လို
သောကြောင့် သတ္တဝါကြီး၏ပါးစပ်နှင့် သူ၏ခန္ဓာကိုယ်သည် တစ်
တည်းနှင့်ပင် ညှားသွားပါလေတော့သည်။

"အား"

သူ အသံနက်ကြီးဖြင့် အားခနဲ အော်ဟစ်ပစ်လိုက်
ဘယ်လိုပင်ရုန်းရုန်း မရတော့ချေ။ သတ္တဝါကြီးက သူ့ထက်စွမ်းအ
ပို၍ကောင်းသောကြောင့်ပင်တည်း။

ထို့ကြောင့် သူသည် သတ္တဝါကြီး၏ ကိုက်ချီဆွဲခေါ်သွား
ရာနောက်သို့ တန်းလန်း တန်းလန်းဖြင့် ပါသွားလေတော့သည်။

အတန်ကြာသောအခါတွင် သတ္တဝါကြီးနှင့်သူသည် ပင်လ
နီနီကြီးအနားသို့ ရောက်လာလေ၏။ ထိုအခါ သတ္တဝါကြီးက သူ
ကိုက်ချီထားရာ ပင်လယ်ကမ်းစပ်ပေါင်ပေါ်သို့ လွှတ်ချပေးလိုက်
ပင်လယ်နီနီကြီးကို ကြည့်လိုက်သောအခါတွင် အမှုန့်
တထောင်းထောင်းထနေသည့် မီးပင်လယ်ကြီး ဖြစ်နေလေ၏။





သတ္တဝါကြီးကို ကြည့်လိုက်သောအခါတွင် ဧရာမခွေးနက်
ကြီး ဖြစ်နေလေ၏။

"ဝုတ် ... ဝုတ်"ဟု မဟောင်ဘဲ ဝေါင်းခနဲ ဝေါင်းခနဲ
ငိန်းတတ်သော ထိုခွေးနက်ကြီးသည် မတ်တတ်ရပ်ကြည့်မည်ဆိုလျှင်
ခေါင်ကောင်းပါတယ်ဆိုသော သူ့ထက်ပင် အရပ်ပို၍ရှည်နေပေလိမ့်
ည်။

အတန်ကြာသောအခါတွင် သူ၏အနားသို့ လူနီနီကြီးသုံး
ယောက် ရောက်လာလေ၏။ အင်္ကျီချွတ်ထားသော လူနှစ်ယောက်သည်
ခွန်စွာမှ သန်မာထွားကျိုင်းပြီး အင်မတန်မှ ရုပ်ဆိုးအကျည်းတန်ပေ၏။
အင်္ကျီဝတ်ထားသည့်လူကြီးက သူကို စကားစပြော၏။

"ငါဘယ်သူလဲဆိုတာကို သင်သိလား"

"ဟင့်အင်း ... မသိဘူး"

"အေး ... မသိရင် သိအောင်ပြောပြမယ်၊ မှတ်ထား၊ ငါက
မရဏမင်းပဲ"

လူကြီး၏စကားကြောင့် သူ အကြီးအကျယ် တုန်လှုပ်
ချောက်ချားသွားလေ၏။

"ဗျာ ... မရဏမင်းဆိုတာ သေမင်းကို ပြောတာလား"

"အေး ... ဟုတ်တယ်၊ ငါက သေမင်းပဲ၊ ဒီလူနီနီကြီးနှစ်ယောက်
က ငရဲထိန်း၊ ဟောဒီ ခွေးနက်ကြီးက ငရဲခွေး၊ ပြီးတော့မီးပင်
လယ်ကြီးထဲမှာ လူတွေအများကြီးပဲ တွေ့လား"

သူ မီးပင်လယ်ကြီးကို လှမ်းကြည့်လိုက်၏။ ပင်လယ်ကြီး
ထဲတွင် လူတွေအများကြီး ရှိလေ၏။ ထိုလူတွေအများကြီးထဲတွင်
သူ၏ဖခင် ဦးဆန်းဝင်း၏ မျက်နှာကိုပါ မျက်ဝါးထင်ထင် မြင်တွေ့လိုက်
ရ၏။

"ဟင် ... ကျုပ်ရဲ့အဖေပါလား၊ အဖေက မီးပင်လယ်ထဲမှာ
ဘာလုပ်နေတာလဲ"

"ငရဲခံနေတာပေါ့။ သူက လူဖြစ်စဉ်အခါတုန်းက သူ
အသက်ကို သတ်ခဲ့တယ်၊ သူ့ကြောင့် တိရစ္ဆာန်

www.burmeseclassic.com



သေကျေပျက်စီးခဲ့တယ်၊ အဲဒီအပြစ်တွေကြောင့် သူ အခုလို ဒေ ခံနေရတာ"

"ဗျာ... ဒါဆိုရင် ငရဲပြည်ဆိုတာ တကယ်ရှိနေတာပေါ့၊ ကျွ လည်း ဒီမီးပင်လယ်ကြီးထဲကို ဆင်းရမှာလား"

ကြောက်ရွံ့နေမှုကြောင့် သူ အသံတုန်တုန်လေးဖြင့် မေး လိုက်လေ၏။

"အခုဘဝ၌ သင်သည် သူတစ်ပါး၏အသက်ကိုသတ်ခြင်း၊ ခိုး တိုက်ခြင်း၊ သူတစ်ပါး၏သမီးပျိုများကို ပြစ်မှားစော်ကားခြင်း အဲဒီပြစ်မှုတွေ ပြုလုပ်ထားသောကြောင့် သင်သေရင် ယော အဝီစိငရဲပြည်ကို လာရလိမ့်မယ်။ သို့သော် သင်သည် သေရ မစေ့သေးပေ။ အကယ်၍ သင့်အနေဖြင့် ငရဲပြည်သို့ မလာချ ပါက ငရဲတံခါးပိတ်နိုင်သော တရားကို အားထုတ်ရလိမ့်မယ် ငါ အခု သင့်ကို ငရဲပြည်ရှိကြောင်း ခေါ်ပြလိုက်တာ၊ ကဲ ကဲ ... သူ့ကို ပြန်ပို့လိုက်တော့"

ဟု မရဏမင်းက ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ထိ ထိန်းနှစ်ယောက်သည် သူ၏လက်မောင်းနှစ်ဖက်ကို တစ်ယောက်တစ် ဖက်စီ ချိတ်တွဲ၍ ထိုနေရာမှ လျင်မြန်စွာ ပြေးထွက်သွားလေတော့ သည်။

※ ✦ ※



"ရေ ... ရေ ... ရေပေးကြပါ"

ပူလောင်လွန်းနေသည်မို့ သူ ရေအော်တောင်းလိုက်၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင်လည်း ချွေးများ စီးကျနေ ပါ၏။

"ဟိတ်ကောင်တွေ ... ဆရာ သတိရလာပြီကွ၊ ရေတစ်ခွက် မြန်မြန်ခပ်ခဲ့စမ်း"

ကျားကြီး၏အော်ဟစ်ပြောဆိုမှုကြောင့် အောင်တိုး၊ ဘောက် နှင့် ချက်တို့သည် ရေတစ်ခွက် ခပ်ယူလာပြီး တဲအတွင်းသို့ အမြန် ပြေးဝင်လာ၏။

"ရေ ... ရေ ... ရေပေးကြပါ"

"ဟုတ်ကဲ့ ဆရာ၊ လာပြီ ... လာပြီ"

ဆိုပြီး ဘောက်သည် ရေခွက်ကို ရဲရင့်၏လက်ထဲသို့ အမြန် ထည့်ပေးလိုက်၏။

လက်ထဲသို့ ရေခွက်ရောက်လာပြီ ဆိုသည်နှင့် တစ်ပြိုင်နက် သူသည် အငမ်းမရ မော့သောက်ပစ်လိုက်၏။

ထို့နောက် သူသည် စီးကျလျက်ရှိသော ချွေးများကို အင်္ကျီစနှင့် သုတ်ပစ်လိုက်ပြီး အသက်ကို ဝလင်ထင် ရှူရှိုက်ကာ အမောဖြေနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တပည့်လေးယောက်က အမောဆို့နေသော သူ့ကိုမြှ ကြောင်ကြောင်ဖြင့် ကြည့်နေကြပြီး ဒန္တီကလည်း သူ့ကို မျက်လုံးကလေး အဝိုင်းသားဖြင့် ကြည့်နေလျက်ရှိ၏။

ဒန္တီသည် ရဲရင့်၏ဦးခေါင်းကို အရက်ပုလင်းဖြင့်ရိုက်ခဲ့ သောကြောင့် ကျားကြီးက ဒန္တီ့ကို ပါးနစ်ချက် ဆင့်ရိုက်ခဲ့သည့်အပြင် သူမ၏လက်ကိုလည်း ကြိုးဖြင့်တုပ်နှောင်ထားလေ၏။

အမောပြေသလိုလို ရှိသောအခါတွင် ရဲရင့်သည် တုန်ယင် သောလေသံဖြင့် ...

"ငရဲက လွတ်မြောက်အောင် ကယ်တင်နိုင်တဲ့တရားက ဘာလဲ"

ဟူ၍ ပျာပျာသလဲ မေးမြန်းလိုက်၏။ ထိုအခါ အောင်တိုး က ...

"ဟင် ... ဆရာပြောတော့ ငရဲဆိုတာ မရှိဘူးဆို"

"အေး ... အဲဒါ အရင်ကပြောခဲ့တာကွ၊ အခု ငရဲဆိုတာတကယ် ရှိတယ်လို့ မှတ်လိုက်ပေတော့၊ ရှင်းရှင်းပဲ ပြောတော့မယ်ကွာ ငါ အခု မကောင်းမှုတွေ အားလုံးကို အပြတ်စွန့်လွှတ်လိုက်ပြီ"

"ဟင် ... ဘာဖြစ်လို့လဲ ဆရာရဲ့"

"ဘာဖြစ်ရမှာလဲ၊ ငရဲဆိုတာ တကယ်ရှိတယ်ကွ၊ အခု ငါ ငရဲ ပြည်ကနေ ပြန်လာခဲ့တာ၊ ပြီးတော့ ငရဲပင်လယ်ထဲမှာ ငရဲခံနေ ရတဲ့ ငါ့အဖေ ဦးဆန်းဝင်းကိုလည်း တွေ့ခဲ့ရတယ်"

ဟုဆိုကာ ရဲရင့်သည် ငရဲပြည်သို့ ရောက်ခဲ့ပုံများကို အစ အဆုံး ပြန်ပြောပြလိုက်သောအခါတွင် အားလုံး၏နှုတ်မှ အာမေဋိတ် အသံများ ခုန်ပေါက်ထွက်ကျလာကာ အလွန်အမင်း ထိတ်လန့်တုန်လှုပ် သွားလေတော့သည်။

"ဟာ ... ဒါဆိုရင် ကျုပ်တို့လည်းသေရင် ငရဲပြည်ကိုသွားရမှာ ပေါ့"

"အေး ... ဟုတ်တယ်၊ ငရဲမှလွတ်မြောက်နိုင်တဲ့တရားကို အား မထုတ်နိုင်ဘူးဆိုရင် ငါတို့ငါးယောက်စလုံးသေရင် ငရဲကို ရောက်မှာပဲ"



"ဟာ ... မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒါဆိုရင် ကျုပ်တို့လည်း မကောင်း မှုအားလုံးကို အပြတ်စွန့်လွှတ်ပြီး ငရဲမှလွတ်မြောက်နိုင်တဲ့တရား ကို အားထုတ်မယ်"

ဟု တပည့်လေးယောက်သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြိုင်တူပြောဆိုလိုက်လေ၏။ သို့သော် သူတို့အားလုံးသည် လူမိုက်ဓားပြ၊ သူခိုးဒိုင်များသာ ဖြစ်ကြသည်မို့ ငရဲမှလွတ်မြောက်နိုင်သော တရားကို သိဖို့နေသာသာ ကြားတောင် မကြားဘူးရှာကြပေ။

ထို့ကြောင့် ရဲရင့်သည် သနားကမား မျက်နှာလေးဖြင့် ဒန္တီ့ကိုကြည့်ရင်း ...

"ဒန္တီ ... ငရဲမှလွတ်မြောက်နိုင်တဲ့ တရားကို နင်သိလား၊ သိရင် ပြောပြပါဟာ"

"အောင်မာ ... ဘာလို့ ပြောရမှာလဲ၊ နင့်လို အယုတ်တမာကောင် မျိုးက ငရဲရောက်တာပဲ ကောင်းတယ်၊ ပြောနိုင်ပါဘူး"

"ပြောပါ ဒန္တီရယ်၊ အခုချိန်ကစပြီး ငါ မကောင်းမှုတွေအားလုံး ကို ရာသက်ပန် စွန့်လွှတ်လိုက်ပါပြီ၊ ပြီးတော့ ငါ နင့်ကိုအခု ချက်ချင်း ရွာကိုပြန်လိုက်ပို့ပေးမယ်လေ"

သူ၏စကားကြောင့် သူမ၏မျက်လုံးကလေး ဝင်းလက် တောက်ပသွားလေ၏။

"ရဲရင့် ... နင် တကယ်ပြောနေတာလား"

"တကယ်ပါ ဒန္တီရယ်၊ အခုချက်ချင်း ငါ နင့်ကို ရွာပြန်ပို့ပေး မှာပါ"

ပြောပြောဆိုဆိုဖြင့် သူသည် သူမ၏လက်တွင် ချည်နှောင် ထားသော ကြိုးများကို ဖြေပေးလိုက်လေ၏။

"ကောင်းပြီလေ၊ ဒါဆိုရင် အခု နင် ငါ့ကို ရွာထိပ်အထိ ရောက် အောင် အရင်လိုက်ပို့၊ အဲဒီအခါကျမှ ငါ နင်သိချင်တဲ့တရားကို ပြောပြမယ်"

"ကဲ ... ဒါဆိုရင်လည်း သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူသည် သူမကို ဆွဲထူလိုက်၏။ ထို့နောက်တွင်တော့ သူသည် သူမကို တဲအပြင်သို့ ဆွဲခေါ်သွားလေတော့သည်။ မြင်းဖြူအနားသို့ ရောက်သောအခါတွင် သူမသည် သူ၏ဦးခေါင်းကို စူးစိုက်ကြည့်လိုက်လေ၏။

"ရဲရင့် ... နင် မြင်းစီးနိုင်လို့လား၊ နင့်ခေါင်းမှာ ဒဏ်ရာကြီးနဲ့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဟာ၊ ခေါင်းမှာ ပတ်တီးစည်းထားတာပဲ၊ ကိစ္စမရှိပါဘူး၊ ကဲ ... တက် ... တက်"

ဆိုပြီး သူ သူမကို မြင်းပေါ်သို့ တင်ပေးလိုက်၏။ ထို့နောက် သူသည်လည်း မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။ သူ၏လက်ဖြင့် မြင်းဇက်ကြိုးကို ဆွဲလိုက်သောအခါတွင် မြင်းဖြူလေးသည် ထိုနေရာမှ ဒုန်းစိုင်းပြေးထွက်သွားလေတော့သည်။

အတန်ကြာ ရွာထိပ်သို့ ရောက်သောအခါတွင် မြင်းဖြူလေးချောင်းသည် တုံ့ခနဲ ရပ်တန့်သွားလေ၏။ ထိုအခါ သူနှင့် သူမသည် မြင်းပေါ်မှ ဆင်းလိုက်လေ၏။

"ဒန္တီ ... ငါ နင့်ကို ဒီအထိပဲ လိုက်ပို့ပေးတော့မယ်နော်"

"အေးပါဟာ၊ ရွာထဲကို ငါ့ဘာသာငါပဲ ပြန်ပါ့မယ်"

ညပိုင်းဆိုလျှင် သူသည် သူမကို ရွာထဲထိရောက်အောင် လိုက်ပို့ပေးမိမှာပါ။ အခု နေ့ခင်းကြောင်တောင်တောင်ကြီး ဖြစ်နေသဖြင့် သူသည် ရွာထဲသို့ မဝင်ချင်ပေ။ ရှောင့်ရှိသည်မို့ သူသည် သူမကို ရွာထိပ်အထိသာ လိုက်ပို့ခြင်းပင် ဖြစ်လေတော့သည်။

"ကဲ ... ဒန္တီ၊ နင် ငါသိချင်တာကို ပြောပြတော့လေ"

"Ok! ... ပြောပြမယ်၊ ငရဲမှ လွတ်မြောက်နိုင်တဲ့ တရားဆိုတာ တစ်ခုတည်း ရှိတယ်ဟာ၊ အဲဒါက ဘာလဲဆိုတော့ ..."

ဟူ၍ အစချီကာ သူမသည် သူသိချင်နေသောအရာများကို သေချာရှင်းပြ ပြောဆိုလိုက်၏။

"ကျေးဇူးပဲ ဒန္တီ၊ နင်ပြောတဲ့အတိုင်း ငါလုပ်မယ်၊ အောင်မြင်အောင် ကြိုးစားမယ်"





ဟု သူသည် ခွန်အားအပြည့်ပါသော လေသံဖြင့် ပြောဆိုပြီးနောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ထို့နောက် သူသည် တောထဲသို့ ပြန်သွားခဲ့ပြီး သူမသည်လည်း ရွာထဲသို့ပြန်လာခဲ့လေတော့သည်။

❊ ✦ ❊



www.burmeseclassic.com

www.burmeseclassic.com



## နောက်(၁၀)နှစ်ခန့်ကြာသော်

Summer ! ...

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်၏။ ဒီကနေ့ ဦးထွန်းခေ
တို့မိသားစုသည် ပုဂံဒေသသို့ ရောက်လာကြပြီဖြစ်၏။ လိုက်ထရပ်
တစ်စီးကို ငှားရမ်းပြီး မိသားစုအလိုက် ဘုရားဖူးထွက်ခဲ့ကြခြင်း
တည်း။

"အဖေ ... သား ရှူးပေါက်ချင်လို့"

နိုင်နိုင့်အနေဖြင့် အောင့်ထားတာ ကြာနေပါပြီ။ ယခုအေ
ထားဖို့ရန် မတတ်နိုင်တော့သဖြင့် ဖခင်ဖြစ်သူကို ထိုသို့ပြောလိုက်
၏။

"ဟိတ်ကောင် ... ဒီမှာ ကားသွားနေတာ နားမလည်ဘူးလ
ကားရပ်မှပေါက်"

ဟု ဖခင်ဖြစ်သူ သတ္တိက စိတ်ရှုပ်ထွေးသောလေသံ
ပြောလိုက်သောအခါတွင် မိခင်ဖြစ်သူ ဒန့်က ...

"အို ... မောင်ရယ်၊ သားသားက ရှူးအရမ်းပေါက်ချင်လို့
တာနေမှာပါ၊ ကားခဏရပ်နိုင်းလိုက်ပါနော်"



ဟု ကြားဝင် ပြောလိုက်လေ၏။ ဘေးနားတွင် ဦးထွန်းခေါင်
ဒေါ်နီခင်နှင့် ဟန်နီတို့ ရှိနေသဖြင့် သတ္တိသည် ဘာမှုပြန်မပြောတော့
ဘဲ ကားမှန်ကို လက်ဖြင့်ပုတ်၍ ကားသမားကို ခေတ္တမျှ ကားရပ်ပေးဖို့
ပြောလိုက်လေ၏။

ကားရပ်သွားတော့ သူသည် နိုင်နိုင့်ကို အောက်သို့အမြန်
ဆွဲခေါ်သွားလေ၏။

"ဟိတ်ကောင် ... မြန်မြန်ပေါက်၊ ကြားလား"

"ဟုတ်ကဲ့"

ဆိုပြီး နိုင်နိုင်သည် ချုံစပ်အနားသို့ ကမန်းကတန်းပြေး
သွားလေသည်။ သတ္တိ၏အပြုအမူတွေကြောင့် ဒန့်သည်လည်း သက်
ပြင်းကလေးချရင်း ကားပေါ်မှ ဆင်းလာလေ၏။

ထို့နောက် သူမသည် ...

"မောင် ... ဒန့်နောက်ကို ခဏလိုက်ခဲ့"

ဆိုပြီး သူ့ကို လမ်း၏ဟိုဘက်သို့ ဆွဲခေါ်သွားလေ၏။
ဒီဘက်မှာ စကားပြောလျှင် ကားပေါ်မှ လူကြီးမိဘများ ကြားသွားမှာ
စိုးလို့ပါ။

"မောင် ... သားသားကို ဘယ်လိုဆက်ဆံနေတာတုံး"

"မင်းကြားတဲ့ အတိုင်းပဲလေ"

"အို ... မောင်ရယ်၊ သားလေးကို ရိုးရိုးသာသာ ပြောဆိုဆက်ဆံ
မှပေါ့၊ ခုတော့ ကြည့်စမ်းပါဦး၊ ဖအေနဲ့သားက"

သူမ၏စကားအဆုံးမသတ်မီမှာပင် သူက လေသံမာမာ
ဖြင့် ...

"တော်တော့ ဒန့်၊ အဲ့ကောင်ကို ငါ့သားလို့မပြောနဲ့၊ အဲ့ကောင်က
ငါ့သားမဟုတ်ဘူး၊ ဟိုခွေးကောင် ရဲရင့်ရဲ့သားကွ"

မှန်ပါ၏။ နိုင်နိုင်သည် သတ္တိ၏သားမဟုတ်၊ ရဲရင့်၏
သားဖြစ်၏။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ရဲရင့်သည် ဒန့်ကို အကြမ်းဖက်
သိမ်းပိုက်၍ မတော်တရော် ပြုကျင့်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ငရဲနိမိတ်ကို မြင်ပြီးနောက် ရဲရင့်သည် အကြောက်လွန်ပြီး မကောင်းမှုအားလုံးကို စွန့်လွှတ်လိုက်ကာ ဒန္တီ့ကိုလည်း ရွာထိပ်သို့ ပြန်ပို့ပေးခဲ့သည်။

ဒန္တီ အိမ်ပြန်ရောက်တော့ သတ္တိသည် အိမ်မှာမရှိ။ အရက် အလွန်အကျွံသောက်ထားပြီး ရှော့ဖြစ်သွားသဖြင့် ဆေးရုံသို့ပို့ထားသော ကြောင့်ပင်တည်း။

သူ ကျန်းမာရေးကောင်းမွန်ချိန် နောက်သုံးလခန့်ကြာတော့မှ သူနှင့် သူမသည် မင်္ဂလာပြန်ဆောင်ပြီး ပေါင်းဖက်ခဲ့ကြလေ၏။ လက်ထပ်ပြီး နှစ်လအကြာမှာပင် ဒန္တီ၏ကိုယ်ဝန်သည် ငါးလရှိနေပြီ ဖြစ်သဖြင့် သတ္တိသည် ထိုပြဿနာအတွက် ဒန္တီ့ကို အတင်းအကျပ် မေးမြန်းလေတော့သည်။

ထိုအခါ ဒန္တီသည် ဘာကိုမျှ မဖုံးကွယ်တော့ဘဲ အမှန် အတိုင်း ပြောပြခဲ့ပါ၏။ အမှန်တရားကို သိသွားချိန်တွင် သူသည် ရဲရင့်ကို သတ်ပစ်ချင်လောက်အောင်ပင် ပိုးစိုးပက်စက် မုန်းတီးခဲ့သည်။

ထိုကိစ္စ၌ ဒန္တီ့တွင် အပြစ်မရှိသည်မို့ သူသည် ဒန္တီ့ကို တော့ ဆက်လက်ချစ်ခင် ပေါင်းသင်းခဲ့ပါသည်။ သို့သော် သူမမွေးဖွား လာသည့် ကလေးကိုတော့ သူ လုံးဝမချစ်ပေ။ ကလေးက ရဲရင့်၏ သွေး ဖြစ်နေသောကြောင့်ပင်တည်း။

"မောင်ရယ် ... သားလေးက ရဲရင့်ရဲ့သား၊ ရဲရင့်ရဲ့သွေးဆိုပေမယ့် ဒန္တီ့ရဲ့သွေးတွေလည်း အများကြီးပါပါတယ်၊ ဒီတော့ မောင် ဒန္တီ့ကိုချစ်ရင် ဒန္တီ့ရဲ့သွေးဖြစ်တဲ့ သားလေးကိုလည်း ချစ်ရမှာ ပေါ့"

"မချစ်နိုင်ဘူးကွာ၊ ဟိုခွေးကောင် ရဲရင့်ရဲ့သွေးကို ငါလုံးဝမချစ် နိုင်ဘူး၊ ဒါပေမဲ့ ဒန္တီ့ကိုတော့ ချစ်တယ်"

ဟု ပြောပြီး သူသည် ကားရပ်ထားသော နေရာဆီသို့ ပြန်လည်လျှောက်လှမ်းသွားလေ၏။ ထို့ကြောင့် သူမသည် ဟင်းခနဲ သက်ပြင်းချမိသွားပြန်၏။



ထို့နောက် သူမသည်လည်း ရှုံးပေါက်ပြီးသွားသော သား လေး၏လက်ကို တွဲခေါ်၍ ကားဆီသို့ ပြန်လျှောက်လာလေ၏။

"အဖေ ... သမီးတို့ ဘယ်မှာတည်းခိုကြမလဲ"

"ကုန်ကျစရိတ် သက်သာအောင်လို့ ဘုန်းကြီးကျောင်းမှာပဲတည်းခို ကြမယ်၊ ကဲ ... သမီး ကားပေါ်တက်"

"ဟုတ်ကဲ့ အဖေ"

ဟုဆိုကာ ဒန္တီသည် သားလေးကို ပွေ့ချီ၍ ကားပေါ်သို့ တင်ပေးလိုက်၏။ ပြီးတော့မှ သူမသည်လည်း ကားပေါ်သို့ ခွေ့ခနဲ ခုန်တက်လိုက်ပါသည်။ ထို့နောက်တွင်တော့ လိုက်ထရပ်ကားအဖြူ ရောင်လေးသည် ထိုနေရာမှ ဝေါခနဲ ပြေးထွက်သွားလေတော့သည်။

❀ ✦ ❀

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

အတန်ကြာတော့ လိုက်ထရပ်ကားလေးသည် ဘုန်းကြီး ကျောင်းဝင်း တစ်ဝင်းထဲတွင် ကျွီခနဲ ထိုးရပ်သွားလေ၏။ ခရီးပန်းလာကြသဖြင့် ဘုန်းကြီးကျောင်းမှာ အရင်ဆုံး တည်းခိုကြမည်။ ပြီးတော့ ထိုဒေသတွင်ရှိသော ကျော်ကြားသည့် ဘုရားများကို လိုက်လံဖူးမြော်ကြမည်ဖြစ်၏။

"ကဲ ... ဦးထွန်းခေါင်ရေ၊ ဒီဘုန်းကြီးကျောင်းမှာ တည်းခိုလို့မှ မရ ဆရာတော်ကို သွားလျှောက်ကြည့်ရအောင်"

ဒရိုင်ဘာက ထိုသို့ပြောလိုက်သောအခါတွင် ဦးထွန်းခေါင်သည် ...

"အေးလေ ... ဆရာတော်ကို သုံးရက်လောက်တည်းခိုခွင့်ပြု လျှောက်ထားကြည့်ရတာပေါ့"

ဟု ပြန်ပြောလိုက်လေ၏။ ထို့နောက် ဦးထွန်းခေါင်၊ ဒေါ်နီခင်၊ ဟန်နီ၊ သတ္တိ၊ ဒန္တီနှင့် နိုင်နိုင်တို့သည် ကားပေါ်မှဆင်းပြီး ဘုန်းကြီးကျောင်းဆောင်ရှိရာသို့ ရွေ့လျားလာလေတော့သည်။

ကျောင်းဆောင်သည် နှစ်ထပ်တိုက်ဖြစ်ပြီး အတန်အသင့် ကျယ်ဝန်းလေ၏။ အောက်ထပ်တွင် တမံတလင်းခင်းထားပြီး အပေါ်ထပ်တွင်တော့ ပျဉ်းကတိုးသစ်သားပြားများကို ကျကျနန၊ စိစိရိရိ ဖြစ်အောင် ခင်းထားပါသည်။



အောက်ထပ်မှ အပေါ်သို့ မော့ကြည့်လိုက်မည်ဆိုလျှင် ခါးပန်းသတ်ထားသည့် သစ်သားပြားကို အဝါနှင့်အနက်အစင်းကြားရှိသည့် မြွေတစ်ကောင်က ရစ်ပတ်ခွေနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရပါလိမ့်မည်။

ထိုမြွေမျိုးကို ငန်းတော်ကျားဟုလည်း ခေါ်လေ၏။ မြွေခင်းသားဟုလည်း ခေါ်လေ၏။ ၎င်းမြွေသည် ထိုနေရာသို့ရောက်နေသည်မှာ တစ်ပတ်ခန့် ရှိသွားပြီဖြစ်၏။

သံဃာတော်များသည် ၎င်းကိုမြင်တွေ့သော်လည်း မောင်းထုတ်ကြချေ။ မြွေကလည်း မည်သူ့ကိုမျှ အန္တရာယ်မပြုဘဲ သူ့ဟာသူသာ နေလေ၏။

ဆရာတော်တစ်ပါးသည် ၎င်းမြွေကို မော့ကြည့်နေစဉ်မှာပင် ကျောင်းဆောင်ထဲသို့ ဦးထွန်းခေါင်တို့မိသားစု ဝင်ချလာပါလေတော့သည်။

ထို့ကြောင့် ဆရာတော်သည် အပေါ်သို့ မော့ကြည့်နေရာမှ ကျောင်းဝင်းထဲသို့ ဝင်လာသူများကို ကြည့်လိုက်လေ၏။ သတ္တိကလည်း ဆရာတော်ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်၏။ ထို့ကြောင့် သတ္တိ၏ အကြည့်နှင့် ဆရာတော်၏အကြည့်သည် လေထုထဲတွင် ဒုတ်ခနဲ ဆောင့်တိုက်သွားလေတော့သည်။

ဆရာတော်၏စိတ်သည် တည်ငြိမ်စမြဲ တည်ငြိမ်နေသော်လည်း သတ္တိ၏စိတ်ကတော့ ယောက်ယက်ခတ်၍ အလွန့်အလွန် ကြောက်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ဆရာတော်သည် တစ်ခါက ဒွန်းစာမှ ယုတ်မာ၊ ပက်စက်၊ ကြမ်းကြုတ်သော [illegible] ဖြစ်နေသောကြောင့်ပင်တည်း။

သတ္တိအနေဖြင့် ရဲရင့်ကို လုံးဝအစဲမမေ့နိုင်သေး သင်္ချိုင်းလောက်အောင်ပင် မုန်းတီးနေပါ၏။ အဘယ့်ကြောင့်ဆိုသော် ရဲရင့်သည် သူ့အင်မတန်မှ ချစ်ခင်သူလေး ဒန္တီကို အကြမ်းဖက်သိမ်းပိုက်၍ စော်ကားခဲ့သောကြောင့်ပင်တည်း။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယခု သူသည် ရဲရင့်၏မျက်နှာကို ပြန်တွေ့လိုက်ရသော အခါတွင် ဒေါသစိတ်တို့က တားမနိုင် ဆီးမရ ဖြစ်ပေါ်လာလေ၏

"ဟိတ်ကောင် ရဲရင့်၊ မင်းက သင်္ကန်းခြုံပြီး သူတော်ကောင်း ယောင် ဆောင်နေတာပေါ့လေ၊ ဟုတ်လား"

သတ္တိ၏စကားကြောင့် ဒန္တိခမျာ ကတုန်ကယင် ဖြစ်သွား ပြီး မျက်ကလူးဆန်ပျာ ဖြစ်သွားလေ၏။

"မောင် သံဃာတော်ကို အဲဒီလို မပြောရဘူးလေ၊ မောင် ငရဲ ကြီးမှာ မကြောက်ဘူးလား"

"သွားစမ်းပါ၊ ဒီကောင်က သံဃာတော်မဟုတ်ဘူး၊ သိုးရေခြုံ ထားတဲ့ ဝံပုလွေကွ"

"အို ... ခက်ပြီ၊ မောင်တော့ ငရဲအိုးထဲကို ဇောက်ထိုးပြုတ်ကျ တော့မှာပဲ၊ သူက အခု သူတော်ကောင်းတစ်ယောက် ဖြစ်နေ ပြီ"

"ဟုတ်တယ် ဒကာကြီး၊ ဘုန်းကြီးက အရင်တုန်းက သူယုတ် တစ်ယောက် ဖြစ်ခဲ့ပေမယ့် အခု မဏ္ဍိမပဋိပဒါကျင့်စဉ်ကို ကျင့် ကြံပွားများ အားထုတ်ထားတဲ့ သံဃာတော်မြတ်တစ်ပါး ဖြစ် ပါပြီ"

ဆရာတော်၏စကားကို သတ္တိသည် ကျယ်လောင်စွာ ဟားတိုက်ရယ်မောပစ်လိုက်၏။

"ဟား ဟား ... ခွေးပါးစပ်ပေါက်က လူစကားထွက်တယ် တာ ဒါမျိုးကို ပြောတာပေါ့၊ သူတစ်ပါးရဲ့ချစ်သူကို အတင်း အဓမ္မလုယူပြီး စော်ကားတဲ့ကောင်က သံဃာမြတ်တဲ့၊ ရယ်ရတယ် ကွာ၊ ဟား ဟား ဟား ... ဟား ဟား ဟား"

ဆိုပြီး သတ္တိသည် ခနဲ့တဲ့တဲ့ ပြောဆို၍ အားရပါး ဆက်ရယ်မောလိုက်ပြန်၏။ ထိုအခါ ဆရာတော်သည် သူ့ကိုစေတနာ ဖြင့် သတိပေးစကား ပြောဆိုလိုက်၏။

"ဒကာကြီး ... သင် အမှားကြီး မှားမယ်နော်၊ သံဃာကိုစော်ကား ရင် သင် ငရဲခွေး အဆွဲခံရလိမ့်မယ်"





"ဟား ဟား ... ငရဲခွေး အဆွဲခံရမှာ ငါမဟုတ်ဘူး၊ မင်းကွ၊ မင်း၊ ငါက မင်းလို အယုတ်တမာကောင်ကို စော်ကားတာ၊ ဒီတော့ ငါက ဘာမှမဖြစ်ဘူး၊ မင်းက မိန်းမပျို၊ သမီးမြတ်တွေ ကို စော်ကားဖျက်ဆီးခဲ့တဲ့ကောင်၊ ဒီတော့ မင်းကမှ ငရဲခွေးအဆွဲ ခံရမှာကွ"

ထိုသို့ပြောဆိုရင်း သတ္တိသည် ဆရာတော်၏အနားသို့ တိုးကပ်လာလေ၏။

"ဒကာကြီး ... ကျေးဇူးပြု၍ သင့်ရဲ့အပြောအဆိုတွေကို ဆင်ခြင် ပေးပါ"

ဟု ဆရာတော်သည် သတ္တိကို ငရဲကြီးမှာစိုးရိမ်သောကြောင့် စေတနာဖြင့် ပြောလိုက်ပေမယ့် သတ္တိက ...

"မဆင်ခြင်တော့ ဘာဖြစ်လဲကွာ"

ဆိုပြီး သတ္တိသည် ဆရာတော့်ကို လက်ဖြင့်တွန်းလှဲပစ် ဖို့ ဟန်ပြင်လိုက်စဉ် ခါးပန်းသတ်ထားသည့် သစ်သားပြားတွင် ရစ် ခွေနေသောမြွေသည် (ရုတ်တရက်) သတ္တိ၏ ပခုံးပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလာလေ၏။

တစ်ပြိုင်တည်းဆိုသလို ဇင်းမြွေသည် သတ္တိ၏လည်မျိုကို ကိုက်ပစ်ခဲ့ကာ ကျောင်းဆောင်အပြင်ဘက်သို့ လျှောခနဲ ပြေးထွက် သွားလေတော့သည်။

"အား"

နာကျင်မှုကြောင့် သတ္တိသည် အားကနဲ အော်ဟစ်ရင်း အောက်သို့ မိုင်းခနဲ လဲကျသွားလေ၏။ ငန်းတော်ကျားဟူသော မြွေ မျိုးသည် အဆိပ်လွန်စွာမှ ပြင်းလွန်းသည်မို့ လည်မျိုကိုအကိုက်ခံလိုက် ရသော သူ့အနေဖြင့် အသက်တောင် ပုံမှန်မရှူနိုင်တော့ပါတကား။

ထိုအခါ ဒန္တိသည် ပျာပျာသလဲ ဖြစ်သွားကာ —

"မောင် ... မောင်"

ဟု အော်ဟစ်ခေါ်ရင်း သူ့ဆီသို့ ကမန်းကတန်း ပြေးလာ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏နားထဲတွင် ဒန္တီ၏ "မောင် ... မောင်" ဟူသော အသံကို မကြားရဘဲ "ဝေါင်း ... ဝေါင်း"ဟူသော အသံကြီးကိုသာ ကြားနေရ၏။

ဒန္တီသည် သူ၏အနားသို့ ရောက်လာသော်လည်း သူသည် ဒန္တီ့ကိုမမြင်ဘဲ သူ့ဆီသို့ တစ်ဟုန်ထိုး ပြေးလာနေသည့် ခွေးနက်ကြီးကိုသာ မြင်နေရ၏။

ထို့ကြောင့် သူသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကာ ...

"ခွေး ... ခွေး ... ခွေးနက်ကြီး"

ဟု အသံအောအောကြီးဖြင့် အော်ဟစ်ပစ်လိုက်၏။

တစ်ပြိုင်တည်းဆိုသလို သူ၏နှုတ်မှ ...

"အား"

ဟူသော အော်သံနက်ကြီး ထွက်ပေါ်လာပြီးနောက် သူ၏ အသက်ရှူသံနှင့် နှလုံးခုန်သံသည်-ပြိုင်တူရပ်တန့်သွားလေတော့သည်။

"မောင် ... ဒန္တီ့ကို စကားပြောပါဦး မောင်ရယ်၊ မောင် မောင် ... ဒန္တီ ပြောနေတာကို မကြားတော့ဘူးလား၊ ဟင့် ဟင့် ... ဟင့်"

သူသည် မျက်ဖြူဆိုက် သေနေပြီဖြစ်သော်ကြောင့် သူသည် ဟင့်ခနဲ ရှိုက်ငိုပစ်လိုက်ကာ မျက်ဝန်းမှ ထွက်ကျလာသော မျက်ရည်ဥတို့သည်လည်း အောက်သို့ ဘောက်ခနဲ ဘောက်ခနဲ ပြုတ်ကျကုန်၏။

ထိုအချိန် ဆွမ်းခံပြီး ကျောင်းသို့ပြန်လာကြသည့် သံဃာတော်လေးပါးသည် ကျောင်းဆောင်ထဲမှ အနိဋ္ဌမြင်ကွင်းကို တွေ့လိုက်ရသဖြင့် ထိုနေရာသို့ ကမန်းကတန်း လျှောက်လာလေသည်။

ထိုသံဃာတော်လေးပါးသည် တစ်ချိန်က လူဆိုးလူမိုက်စားပြများ ဖြစ်ခဲ့ကြသည့် ကျားကြီး၊ အောင်တိုး၊ ငဘက်နှင့် ချက်ငုံပင် ဖြစ်လေတော့သည်။





သူတို့လေးဦးသည်လည်း ရဲရင့် ပြုလုပ်သလို မကောင်းမှုများကို အပြတ်စွန့်လွှတ်လိုက်ကာ သာသနာ့ဘောင်ထဲသို့ အပြီးဝင်လိုက်ခြင်းပင်ဖြစ်၏။

ထို့နောက် သူတို့ငါးဦးသည် ငရဲမှလွတ်မြောက်နိုင်သော တရားဖြစ်သည့် ဝိပဿနာတရား(သို့မဟုတ်)မဇ္ဈိမပဋိပဒါကျင့်စဉ်ကို အားသွန်ခွန်စိုက် ကျင့်ကြံပွားများ အားထုတ်ခဲ့ကြသည်။

ယခုဆိုလျှင် သူတို့ငါးဦးသည် ဝိပဿနာတရားကို ပရမတ်ဆိုက်အောင် ကျင့်ကြံနိုင်ခဲ့ပြီ ဖြစ်သဖြင့် ရဟန္တာများပင် ဖြစ်နေကြချေပြီ။

ရဟန္တာဖြစ်လျှင် နောက်ဘဝဆိုတာမရှိ၊ သံသရာဆိုတာ ရှိတော့ပေ။

ထို့ကြောင့် သူတို့ငါးဦးသည် တစ်ချိန်က မကောင်းမှုများ အကို ပြုလုပ်ခဲ့သော်လည်း ရဟန္တာဖြစ်အောင် ကြိုးစားနိုင်ခဲ့သဖြင့် သေဆုံးပါက (၃၁)ဘုံစလုံးကို ကျော်ဖြတ်၍ နိဗ္ဗာန်သို့ ရောက်ကြမည် ဖြစ်၏။

"ဒကာကြီးသတ္တိကတော့ ငရဲနိမိတ်ကိုမြင်ပြီး သေဆုံးသွားချေပြီ။ သေခါနီး ခွေးနက်ကြီးလို့ အော်သွားတာ။ အဲဒီခွေးနက်ကြီးက ငရဲခွေးကလွဲပြီး ဘာများဖြစ်နိုင်ဦးမှာတုံး"

ဆရာတော်၏စကားကြောင့် အားလုံးပဲ စိတ်မကောင်းကြီးမားဖြစ်မိကြလေ၏။ ဒန္တီကတော့ သတ္တိကို ပွေ့ဖက်၍ ရှိုးမွဲချင့်ကြွေးနေလေတော့သည်။

လူတစ်ယောက်သည် အရင်က မှားခဲ့သော်လည်း နောက်ဆုံး၌ မှန်ပါက သေဆုံးသွားသည့်အခါ ငရဲမှလွတ်မြောက်မည်ဖြစ်၏။

လူတစ်ယောက်သည် အရင်က မှန်ခဲ့သော်လည်း နောက်ဆုံး၌ မှားပါက သေဆုံးသွားသည့်အခါ ငရဲသို့ရောက်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရင်က တောက်လျှောက်မှန်ခဲ့သော သတ္တိသည်နောက်ဆုံး၌ ရဟန္တာကို ဝစီကံဖြင့် စော်ကားခဲ့မိသောကြောင့် ငရဲပင်လယ်ထဲသို့ ဒီလိုပြုတ်ကျမည်မှာ ဧကန်မုချပင် ဖြစ်ပါလေတော့သည်။

လေးစားစွာဖြင့် ကြိုးစားလျက်

ဂျိမ်း

BURMESE CLASSIC

www.burmeseclassic.com